စီးပွားရေး လုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

# မြန်မာ့ အိုင်စီတီကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း

## အစီရင်ခံစာ အနှစ်ချုပ်နှင့် အကြံပြုတင်ပြချက်များ

၂၀၁၅ စက်တင်ဘာလ



© မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ဖိုင်ဘာဆက်သွယ်ရေးကြိုးများအတွက် အလုပ်သမားများမြောင်းတူးနေကြစဉ်

Institute for Human Rights and Business

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ကို ယူကေအခြေစိုက် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ်နိုင်ငံအခြေစိုက် Danish Institute for Human Rights (DIHR) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းက ရန်ကုန်မြို့တွင် အခြေစိုက်ဖွင့်လှစ်ထားပါသည်၊ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းအလေ့အထများ ပေါ်ပေါက်လာစေရန် အစိုးရ၊ စီးပွားရေး လုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများ ဖန်တီးရန်အတွက် လမ်းကြောင်း (platform) တစ်ခု ပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်သည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုသည်မှာ နိုင်ငံတကာ စံသတ်မှတ်နှုန်းများကို အခြေခံ၍ လူမှုရေးတာဝန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုတို့ဖြင့် မြန်မာပြည်သူ၊ ပြည်သားများ၏ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းအား လုပ်ဆောင်ခြင်းကို ဆိုလိုသည်။

**© မူပိုင်ခွင့် - မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)၊ Institute for Human Rights and Business (IHRB) (IHRB) နှင့် Danish Institute for Human Rights (DIHR)၊ စက်တင်ဘာ ၂၀၁၅။**

**MCRB၊ IHRB နှင့် DIHR တို့က ထုတ်ဝေသည်။**

မူပိုင်ခွင်- အစီရင်ခံစာတွင်ပါရှိသည့် အကြောင်းအရာများကို လွတ်လပ်စွာထုတ်နုတ်၊ ကူးယူအသုံးပြုရန် MCRB၊ IHRB နှင့် DIHR တို့က ခွင့်ပြုထားသည်။ အစီရင်ခံစာကိုရယူရန် အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချုပ်သို့ ဆက်သွယ်နိုင်သည်။ အစီရင်ခံစာအား ပြန်လည်ထုတ်ဝေခြင်းနှင့် ဘာသာပြန်ခြင်းအတွက် MCRB၊ IHRB နှင့် DIHR ၏ ခွင့်ပြုချက်ကိုရယူပါ။

**Myanmar Centre for Responsible Business**
15 Shan Yeiktha Street
Sanchaung, Yangon, Myanmar
Email: info@myanmar-responsiblebusiness.org
Web: www.myanmar-responsiblebusiness.org or www.mcrb.org.mm

**Institute for Human Rights and Business (IHRB)**
34b York Way
London, N1 9AB
United Kingdom
Email: info@ihrb.org
Web: www.ihrb.org

**Danish Institute for Human Rights (DIHR)**
Wilders Plads 8K
1403 Copenhagen K
Email: info@humanrights.dk
Web: www.humanrights.dk

Myanmar Centre for Responsible Business

Institute for Human Rights and Business

THE DANISH INSTITUTE FOR HUMAN RIGHTS

# အသိအမှတ်ပြု ကျေးဇူးတင်လွှာ

ဒိန်းမတ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် ယူကေနိုင်ငံအစိုးရများမှ MCRB အပေါ် ကူညီထောက်ပံ့ပေးနေမှုများအား ပူးပေါင်းပါဝင်သည့် အဖွဲ့အစည်းများ အားလုံးမှ ကျေးဇူးအထူး တင်ရှိပါသည်။

UKaid
from the British people

NORWEGIAN MINISTRY
OF FOREIGN AFFAIRS

DANIDA

Irish Aid
Department of Foreign Affairs
An Roinn Gnóthaí Eachtracha

Government of the Netherlands

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Federal Department of Foreign Affairs FDFA

သတင်းအချက်အလက်နှင့် ဆက်သွယ်မှု နည်းပညာ (အိုင်စီတီ) ကဏ္ဍ၏ သက်ရောက်မှုအား လေ့လာဆန်းစစ်ခြင်း (SWIA) မူကြမ်းအတွက် မြန်မာနိုင်ငံအနှံ့ ကွင်းဆင်းလေ့လာမှုများနှင့် ၂၀၁၅၊ ဖွန်လတွင် ပြုလုပ်သော ရန်ကုန်နှင့် လန်ဒန်မြို့ရှိ ဆွေးနွေးညှိနှိုင်းပွဲတွင် တတ်ရောက်ပါဝင်ခဲ့သူများ အားလုံးကိုလည်း ပူပေါင်းလုပ်ဆောင်နေသည့် အဖွဲ့အစည်းများအားလုံးမှ ကျေးဇူးတင်ရှိပါသည်။ ယင်းအပြင် သုတေသနပြုလုပ်သည့် အဆင့်တွင် ပံ့ပိုးပေးခဲ့သော ပြည်ထောင်စုအစိုးရနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ အစိုးရအဖွဲ့များအားလည်း မိမိတို့ အဖွဲ့အစည်းများမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာကို IHRB မှ Margaret Wachenfeld နှင့် Donna Guest၊ Haley St. Dennis နှင့် Lucy Purdon, MCRB မှ Vicky Bowman, Kamran Emad နှင့် သီသီသိမ်းတို့က ရေးသားပြုစုခဲ့ကြပြီး DIHR မှ Elin Wrzoncki နှင့် Rikke Frank Joergensen တို့က ကူညီပံ့ပိုး ရေးသားခဲ့ကြခြင်းဖြစ်သည်။

MCRB ၏ အိုင်စီတီကဏ္ဍ ကွင်းဆင်းသုတေသနအဖွဲ့ဝင်များဖြစ်ကြသည့် သုတေသနအဖွဲ့ခေါင်းဆောင် Kamran Emad၊ SWIA တာဝန်ခံ သီသီသိမ်းနှင့် သုတေသနပြုလုပ်သူများ ဖြစ်ကြသည့် စန္ဒာချိုဦး၊ လှိုင်မင်းဦးနှင့် ကျော်သူရ တို့အားလည်း မိမိတို့အဖွဲ့မှ အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

Lucy Purdon နှင့် Margaret Wachenfeld တို့၏ ပံ့ပိုးမှုဖြင့် ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်းနှင့် သုံးစွဲသူများ၏ အချက်အလက်များအား အစိုးရအဖွဲ့မှ ရယူခြင်းတို့အပေါ် နောက်ဆက်တွဲ တိုက်တွန်းအကြံပြုချက်မူကြမ်းအား ရေးသားပေးခဲ့သည့် Susan Morgan နှင့် အစီရင်ခံစာ၏ အထက်ပါအကြောင်းကဏ္ဍအတွက် Susan Morgan အား တွေ့ဆုံမေးမြန်းခွင့်ပြုခဲ့ကြသော ကျွမ်းကျင်ပညာရှင်အားလုံးအားလည်း မိမိတို့မှ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ မြန်မာနိုင်ငံ၏ အိုင်စီတီဥပဒေဆိုင်ရာ သုတေသနအချက်အလက်များကို အသေးစိတ် ကူညီပံ့ပိုးပေးခဲ့သော Fordham Law School ၏ အာရှဥပဒေနှင့် တရားမျှတရေးဌာနမှ Joey Lee နှင့် ကျောင်းသားများဖြစ်ကြသည့် Alison Cullen, Matthew Solomon နှင့် Jennifer Whitman တို့အားလည်း ကျေးဇူးတင်ရှိပါသည်။

Kamran Emad၊ Delphia Lim၊ Ross Wilson တို့နှင့်အတူ Peace Nexus မှ Dr Richard Horsey တို့၏ MCRB အတွက် ရေးသားပေးခဲ့ကြသည့် သုတေသနစာတမ်းများကို အခြေခံ၍ ဤ အစီရင်ခံစာကို ပြုစုခဲ့ခြင်းဖြစ်ပါသည်။

# အစီရင်ခံစာအပြည့်အစုံ၏ မာတိကာ


**အစီရင်ခံစာ အနှစ်ချုပ်** ....................................................................................................

**အကြံပြုတင်ပြချက်များ** ....................................................................................................

နိုင်ငံတော်အစိုးရသို့အကြံပြုချက်များ

ပြည်တွင်း-ပြည်ပ အိုင်စီတီ စီးပွားရေးလုပ်ငန်းများသို့ အကြံပြုချက်များ

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ အကြံပြုချက်များ

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ဌာနေအစိုးရများသို့ အကြံပြုချက်များ

မြန်မာ့အိုင်စီတီ ကဏ္ဍအတွင်း၌ ရင်းနှီးမြှုပ်နှံသူများသို့ အကြံပြုချက်များ

အိုင်စီတီအသုံးပြုသူများသို့ အကြံပြုချက်များ

နောက်ဆက်တွဲအကြံပြုချက်များ - ဥပဒေနှင့်အညီ ဆက်သွယ်ရေးကြားဖြတ်ရယူခြင်းနှင့် အစိုးရမှ အသုံးပြုသူများ၏ အချက်အလက်များရယူခြင်းတွင် အခွင့်အရေးများကို လေးစားလိုက်နာသည့် ပုံစံ၏ စရိုက်လက္ခဏာများ။

**အခန်း (၁) နိဒါန်း** ....................................................................................................

**အခန်း (၂) အိုင်စီတီဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ မူဝါဒများနှင့် ဥပဒေရေးရာ မူဘောင်များ** ........................

**အခန်း ၃။ ကဏ္ဍအဆင့် သက်ရောက်မှုများ** ....................................................................................................

**အခန်း ၄။ လုပ်ငန်းခွင်အဆင့် သက်ရောက်မှုများ** ....................................................................................................

အိုင်စီတီ သီးသန့် သက်ရောက်မှုများ

- ၄.၁ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် ဆင်ဆာဖြတ်တောက်ခြင်း
- ၄.၂ အမုန်းစကားပြောကြားခြင်း
- ၄.၃ ကိုယ်ရေးကိုယ်တာ အချက်အလက်လုံခြုံရေး
- ၄.၄ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဥပဒေနှင့်အညီသတင်း အချက်အလက်ကြားဖြတ်ရယူခြင်း
- ၄.၅ ဆိုက်ဘာလုံခြုံရေး။

အိုင်စီတီကဏ္ဍနှင့် ဆက်စပ်သည့် အခြားသက်ရောက်မှုများ

- ၄.၆ အလုပ်သမားရေးရာ
- ၄.၇ မြေယာကိစ္စ
- ၄.၈ ထိခိုက်မှု အန္တရာယ်ကြုံတွေ့နိုင်ဖွယ်ရှိသော လူ့အဖွဲ့အစည်းများ
- ၄.၉ နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များနှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နစ်နာမှုတိုင်ကြားနိုင်သည့် ယန္တရားများ
- ၄.၁၀ ပဋိပက္ခနှင့် လုံခြုံရေးကိစ္စရပ်

**အခန်းတိုင်းတွင် ကဏ္ဍများ၏ အသွင် အပြင်များတွင်**

- အမျိုးသားရေးရာ ဆက်စပ်မှု အခြေအနေ။
- မြေမြင် သုတေသန တွေ့ရှိချက်များ။
- ကုမ္ပဏီများသို့ တိုက်တွန်း အကြံပြုချက်များ။

**အခန်း (၅) စုပေါင်း သက်ရောက်မှုများ** ....................................................................................................

နောက်ဆက်တွဲ - စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း (SWIA) နည်းနိဿရ နောက်ခံသမိုင်း။

# အစီရင်ခံစာအနှစ်ချုပ်

မြန်မာနိုင်ငံအတွင်းရှိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) လုပ်ငန်းအတွက် လိုအပ်သော အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများ စတင်တည်ဆောက်သည့် လုပ်ငန်းစဉ်သည် နိုင်ငံအပေါ်တွင် သိသာသော ပြောင်းလဲသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ မိုဘိုင်းဖုန်း အသုံးပြုမှုသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၇ % မှ ၃၃ % အထိ တိုးမြင့်လာခဲ့ပြီး ဆက်လက်၍လည်း တိုးမြင့်လျက်ရှိနေပါသည်။ စမတ်ဖုန်းများရရှိအသုံးပြုနိုင်မှု တိုးပွားလာခြင်းသည် အင်တာနက်အသုံးပြုမှု တိုးပွားလာရန်အတွက် အခွင့်အလမ်းကောင်း ဖြစ်ပါသည်။ ၂၀၃၀ ခုနှစ်တွင် အိုင်စီတီကဏ္ဍဆိုင်ရာ စီးပွားရေးလုပ်ငန်းများမှ မြန်မာ့ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၏ ၆.၄ ဘီလျံ (အမေရိကန်ဒေါ်လာ) ခန့်အထိ ရှိလာနိုင်မည်ဟု ခန့်မှန်းပြီး၊ လုပ်သားအင်အား နှစ်သိန်းလေးသောင်းခန့်အထိ အလုပ်အကိုင် ခန့်ထားပေးနိုင်မည်ဟု ခန့်မှန်းပါသည်။

အိုင်စီတီကဏ္ဍသည် မြန်မာနိုင်ငံအပေါ် ပြောင်းလဲသက်ရောက်မှုများကို ဖြစ်ပေါ်စေသည့် တစ်ချိန်တည်းတွင် နိုင်ငံအတွင်း အခြားသော ပြောင်းလဲမှုများဖြစ်သည့် - ဆယ်စုနှစ်များစွာတည်ရှိခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ၊ အာဏာရှင်အုပ်ချုပ်မှုများနှင့် စီးပွားရေးအရ အထီးကျန်ဆန်ခြင်းများ - မှ ရုန်းထွက်ကာ သက်ဆိုင်ရာကဏ္ဍအလိုက် ပြောင်းလဲမှုများ ဖြစ်ပေါ်နေချိန် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အုပ်ချုပ်ရေးကဏ္ဍ အားနည်းမှုရှိကာ စွန့်စားရမှုမြင့်မားသည့် နိုင်ငံတစ်နိုင်ငံ အခြေအနေတွင် ရှိနေလျက်ရှိပြီး၊ ယင်းအခြေအနေတွင် ကာလအတိုင်းအတာတစ်ခုအထိ ဆက်လက်၍လည်း ရှိနေဦးမည်ဖြစ်ပါသည်။ အိုင်စီတီကဏ္ဍ၏ ဝန်ဆောင်မှုများ တိုးမြှင့်ရရှိရေးအလျှင်စလို ဆောင်ရွက်ခြင်းသည် အထူးသဖြင့် လုံလောက်သော မူဝါဒများနှင့် ဥပဒေရေးရာမူဘောင်များ ပြည့်စုံမှုမရှိသည့်အနေအထားတွင် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပါသည်။ ကွန်ရက်တပ်ဆင်မှုလုပ်ငန်းများနှင့် အခြားသောဝန်ဆောင်မှုများ နှစ်မျိုးလုံးတွင် ယင်းမူဘောင်များ အားနည်းနေသလို၊ တိုးပွားလာနေသော အိုင်စီတီ အသုံးပြုမှုများ၏ လူမှုအသိုက်အဝန်းပေါ် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်နေမှုများအား ထိန်းချုပ်ခြင်းနှင့် စဉ်းစားသုံးသပ်ခြင်း - ဥပမာ - ဆက်သွယ်မှုများနှင့် အွန်လိုင်း "အမုန်းစကား ပြောဆိုမှုများ" အား စောင့်ကြည့်ခြင်းတို့ အားနည်းနေလျက် ရှိပါသည်။ မူဝါဒနှင့် ဥပဒေရေးရာမူဘောင်များတွင် လစ်ဟာမှုများရှိနေခြင်းသည် ပြည်သူလူထု၏ အိုင်စီတီ အသုံးပြုရာတွင် အတွေ့အကြုံ နည်းပါးမှုတို့နှင့် ပေါင်းစပ်မိသောအခါ လွဲမှားစွာအသုံးပြုခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာသင့်သည့် အချက်များအပေါ် ဆိုးကျိုးသက်ရောက်မှုများ - အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်လုံခြုံရေးဆိုင်ရာ အခွင့်အရေးတို့အပေါ် ထိခိုက်လာနိုင်စေခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

ဆိုလိုသည်မှာ မြန်မာနိုင်ငံရှိ အိုင်စီတီကဏ္ဍတွင် စီးပွားရေးလုပ်ငန်းများကို တာဝန်ယူမှုရှိရှိ လုပ်ဆောင်ရာတွင် စီးပွားရေး လုပ်ဆောင်မှုများအနေဖြင့် မြန်မာနိုင်ငံသားများအပေါ် ရှိလာနိုင်သည့်သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားဆုံးဖြတ်နိုင်စေရေး ရှုပ်ထွေးသည့် လုပ်ငန်းစဉ်ဖော်ဆောင်မှုအခြေအနေကို နားလည်ပြီး၊ ယင်းအခြေအနေ၏ အကန့်အသတ်များကို သိရှိနားလည်အောင် ကြိုးစားရန် ခိုင်မာသည့်သံမိဋ္ဌာန် လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် မယဉ်ပါးသေးသည့် လူထုပညာပေးရေးနှင့် ပညာပေးဆွေးနွေးဖလှယ်ပွဲများကို တိုးမြှင့်လုပ်ဆောင်နိုင်ရေး စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် လူမှုအသိုက်အဝန်းများကြားတွင် တက်ကြွထိတွေ့ ဆွေးနွေးဖလှယ်မှုများရှိရန် လိုအပ်မည်ဖြစ်သည်။

ထို့အတူ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုများတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆိုးကျိုးသက်ရောက်မှုများကို ကိုင်တွယ်စီမံရာတွင် ကွာဟချက်များကို ဖြည့်ဆီးပေးနိုင်ရန် အားကောင်းသည့် ချဉ်းကပ်လုပ်ဆောင်မှုများကို လိုအပ်မည်ဖြစ်သည်။

စီးပွားရေးလုပ်များ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း (Sector Wide Impact Assessment – SWIA) ကို မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) မှ MCRB ကို ပူးတွဲတည်ထောင်ခဲ့သည့် အဖွဲ့အစည်းနှစ်ရပ်ဖြစ်သည့် ယူကေအခြေစိုက် Institute of Human Rights and Business

(IHRB) နှင့် ဒိန်းမတ်အခြေစိုက် Danish Institute of Human Rights (DIHR) တို့နှင့် ပူးပေါင်းကာ မြန်မာ့ အိုင်စီတီကဏ္ဍကို အဓိကထားပြီး လေ့လာခဲ့ပါသည်။ ဤအစီရင်ခံစာအတွက် လေ့လာဆန်းစစ်ရာတွင် ရှိထားပြီး တစ်ဆင့်ရရှိသော စာတမ်းများ၊ သတင်းမှတ်တမ်း အချက်အလက်များ သုတေသနပြုလုပ်လေ့လာခြင်း (desk research) နှင့် ကွင်းဆင်းလေ့လာမှုများကို မန္တလေး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးများ အပါအဝင် ရှမ်း၊ မွန်နှင့် ကချင်ပြည်နယ်များတွင် အခြေပြု၍ ပြုလုပ်ခဲ့ပါသည်။ အိုင်စီတီကဏ္ဍနှင့် ဆက်နွယ်သော မြန်မာနိုင်ငံ၏ လက်ရှိ မူဝါဒများနှင့် ဥပဒေရေးရာ မူဘောင်များကို စေ့စုံနက်နဲစွာ သုံးသပ်ခြင်းအပြင် သမိုင်းကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေး အချင်းအရာများကိုလည်း ထည့်သွင်းသုံးသပ်ခဲ့ပါသည်။ ထို့အပြင် အနာဂါတ် အိုင်စီတီ ကဏ္ဍမှ မြန်မာ့လူ့ဘောင်အပေါ် လက်တွေ့နှင့် ဖြစ်လာနိုင်ဖွယ်ရှိသော သက်ရောက်မှုများနှင့် အိုင်စီတီကဏ္ဍကို သုံးသပ်မှုများလုပ်ဆောင်ရန်နှင့် ပိုမို နားလည်နိုင်စေရန်အလို့ငှာ မြန်မာနိုင်ငံရှိ အိုင်စီတီကဏ္ဍရှိ စီးပွားရေးလုပ်ငန်း နယ်ပယ်အသီးသီးတွင် လုပ်ထုံးလုပ်နည်း များနှင့် မူဝါဒများကိုလည်း ထည့်သွင်းလေ့လာဆန်းစစ် သုတေသန ပြုလုပ်ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း (SWIA) ကို လုပ်ဆောင်ရခြင်း နောက်ခံအကြောင်းရင်းမှာ အိုင်စီတီကဏ္ဍတွင် အဓိက လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အန္တရာယ်များကို ဖော် ထုတ်တင်ပြရန်ပေးရန်နှင့်

မြန်မာနိုင်ငံ၊ မြန်မာပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေသည့် အပြုအမူမျိုးဖြစ်လာစေရေး အိုင်စီတီကဏ္ဍတွင် စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ငန်းလည်ပတ်လုပ်ကိုင်မှုများ ပိုမိုကောင်းမွန်လာစေရန် အလို့ငှာ မြန်မာအစိုးရအပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် မြန်မာ့လူမှုအသိုင်းအဝိုင်းအတွက် အခွင့်အလမ်းများကို ဖော်ထုတ်တင်ပြရန် ဖြစ်သည်။

ဤလေ့လာဆန်းစစ်မှုသည် အနာဂါတ်ကို မျှော်မှန်းလုပ်ကိုင်သည့် ဆန်းစစ်မှုဖြစ်ပြီး အိုင်စီတီကဏ္ဍ၏ ကောင်းကျိုး သက်ရောက်မှုများကို ခိုင်မာအားကောင်းစေပြီး ဆိုးကျိုးသက်ရောက်မှု ဖြစ်ပွားမှုများကို ကာကွယ်လျော့ချနိုင်ရေး လုပ်ဆောင်ရာတွင် ပါဝင်အကျိုးပြုနိုင်ရန် ရည်ရွယ်ပါသည်။ (စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍ အလိုက် လေ့လာဆန်းစစ်ခြင်း (SWIA) ဆောင်ရွက်ချင်း၏ ရည်ရွယ်ချက်နှင့် လေ့လာဆန်းစစ်ခြင်းဆိုင်ရာ စနစ်တကျ ဆောင်ရွက်ပုံအဆင့်ဆင့် အသေးစိတ်ကို အခန်း (၁) တွင် ဖော်ပြထားပါသည်။)

## အိုင်စီတီ ကဏ္ဍအတွင်းရှိ အဓိက ပါဝင်သူများ

### မြန်မာနိုင်ငံတော်အစိုးရ

မြန်မာနိုင်ငံရှိ အခြားကဏ္ဍများမှာကဲ့သို့ပင် အိုင်စီတီကဏ္ဍတစ်ခုလုံးကို စီမံကြီးကြပ်ရသည့် အစိုးရဌာနများသည် မနိုင်ဝန်ထမ်းနေရသည့် ပြည်သူ့ဝန်ထမ်းအနည်းငယ်ပေါ် တည်မှီကာ လုပ်ဆောင်နေရသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအရှိန်တိုးမြှင့်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာဆက်သွယ်ရေးနှင့် ယှဉ်ပြိုင်မှုများတွင် နောက်ကျ အထီးကျန် နေမှုမှ လွတ်မြောက်ရန် နိုင်ငံသားများအား နည်းပညာများ ထိတွေ့ရယူနိုင်စေခြင်းဖြင့် ထောက်ပံ့ပေးရန်ဆိုသည့် အစိုးရ၏ ရည်မှန်းချက်ကြီးမားသည့် အိုင်စီတီနည်းပညာ အဓိကအသုံးချ အချက်အလက် ဝန်ဆောင်မှုရယူသည့် (e-agenda) လုပ်ဆောင်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နည်းပညာကျွမ်းကျင်သည့် လုပ်ကိုင်နိုင် စွမ်းရှိသော ဝန်ထမ်းအရေအတွက်မှာ အနည်းငယ်သာ ရှိပါသည်။ အိုင်စီတီကဏ္ဍ တိုးတက်ရေးအတွက် စိန်ခေါ်မှုများ သည် - ဝန်ဆောင်မှုများနှင့် ကွန်ရက်ဆိုင်ရာ အခြေခံအဆောက်အအုံများ စီစဉ်ထားရှိရေး၊ တိုးချဲ့ရေးမှသည် ပေါ်ထွန်း လာနေသည့် ကွန်ပျူတာအသုံးပြုစနစ်များအတွက် သင့်တင့်လျောက်ပတ်သည့် နည်းပညာစံများ တည်ဆောက်ခြင်း- ၂၁ ရာစုနှင့် ကိုက်ညီသည့် ပညာစံနစ် ပြန်လည် အားဖြည့်တည်ဆောက်နိုင်ရေး လုပ်ဆောင်ခြင်းများအထိ - အလွန် ကြီးမားပါသည်။ အိုင်စီတီကဏ္ဍ၏ သဘောသဘာဝသည် ချိတ်ဆက် ဆက်သွယ်သည်ဖြစ်ရာ ယင်းအချက်သည် ပင်လျှင် ကာလရှည်ကြာစွာ အထီးကျန်ဖြစ်ခဲ့ရသည့် တိုင်းပြည်တစ်ပြည်အတွက် အကျွမ်းတဝင် မရှိသည့် နိုင်ငံတကာ စံချိန်စံညွှန်းကိစ္စရပ်များနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ရာတွင် စိန်ခေါ်မှုများကို

ဖန်တီးဖြစ်ပေါ်စေပါသည်။ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များသည် နည်းပညာဆိုင်ရာထောက်ပံ့မှုများပေးလျက်ရှိပါသည်။ အဆိုပါအဖွဲ့အစည်းများ၏နည်းပညာထောက်ပံ့မှုများဖြင့် ၂၀၁၃ ခုနှစ်တွင် တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းလိုင်စင်ချထားပေးရာတွင် ပွင့်လင်းမြင်သာစွာလုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

သို့သော် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးမှုများသည် မြန်မာအစိုးရဝန်ထမ်းများ၏ နေ့တဓူဝ လုပ်ကိုင်ရင်ဆိုင်နေရသော အခက်အခဲများအတွက် အပြည့်အဝ အစားထိုးနိုင်ခြင်းတော့ မရှိပါ။ ယင်းအခက်အခဲများထဲတွင် ဥပဒေမူဘောင်များသည် ယနေ့ခေတ် နည်းပညာများအတွက် ရေးဆွဲထားခြင်းမျိုး မဟုတ်သလို၊ ယခင် စစ်အစိုးရလက်ထက်က စိတ်ဝင်စားမှုနည်းခဲ့သော နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသည့် အချက်များလည်း ပါဝင်ပါသည်။ ဆက်သွယ်ရေးကဏ္ဍကို ကန့်သတ်ရန် ဥပဒေများအတွင်း ထည့်သွင်းကာ ရည်ရွယ်လုပ်ဆောင်ခဲ့သလို၊ နည်းအမျိုးမျိုးဖြင့် ဆန့်ကျင်ဘက်ဖြစ်ပေါ်လာအောင် လုပ်ဆောင်ကာ ကြီးထွားလာနေသော ဆက်သွယ်ရေးကဏ္ဍ၏ တည်ရှိဖြစ်ပေါ်နေမှုအား လွယ်လွယ်ကူကူ လက်မခံနိုင်ခြင်းသည် အဆိုပါခေတ်ကာလ၏ အကျိုးဆက်များဖြစ်သည်။ တိုးတက်နေသောနည်းပညာများနှင့် ကိုက်ညီစေရေး တစ်ဖက်တွင်လည်း အစိုးရ၏ ရည်မှန်းချက်ကြီးသည့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များနှင့် ကိုက်ညီစေရန်အတွက် အိုင်စီတီမူဝါဒများနှင့် ဥပဒေမူဘောင်များအား ကိုက်ညီအောင် လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုသည် လွတ်လပ်ပွင့်လင်းမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုပေါ်တွင် အခြေခံသည့် အုပ်ချုပ်ရေးစံနစ်ဆီသို့ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူလူထုနစ်ရပ်လုံး၏ စိတ်နေသဘောထားများ ပြောင်းလဲလာအောင် လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုနှင့်ယှဉ်လျှင် မြင်သာမှုအပိုင်းတွင် ပို၍အားနည်းသော်လည်း အရေးကြီးသည့်အပိုင်းတွင်မှ လျော့နည်းခြင်း မရှိပေ။ ဤစီးပွားရေးလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (SWIA) အစီရင်ခံစာသည် အစိုးရမူဝါဒနှင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနေဖြင့် စဉ်းစားအဖြေရှာသင့်သည့် မူဝါဒနှင့် ဥပဒေရေးရာတွင် အရေးကြီးသည့်လစ်ဟာမှုများကို ထောက်ပြပေးနိုင်ရန် ရည်ရွယ်ပါသည်။

## အိုင်စီတီ ကဏ္ဍအတွင်းရှိ စီးပွားရေး လုပ်ငန်းများ

အခြားတိုင်းပြည်များမှာကဲ့သို့ပင် အိုင်စီတီကဏ္ဍတွင် လုပ်ကိုင်နေသော စီးပွားရေး လုပ်ငန်းများသည် ပုံစံမျိုးစုံဖြစ်သည်။ ယင်းတို့တွင် အောက်ခြေမှ အစပြုကြီးထွားလာသည့် ပြည်တွင်းလုပ်ငန်းများ (local start-ups) မှသည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးများအထိ ပုံစံမျိုးစုံဖြင့် ရှိနေတာကို တွေ့ရပါသည်။ အခြားသော တိုင်းပြည်များတွင်တွေ့ရသည့် နည်းပညာဆိုင်ရာလုပ်ငန်းတွင် အောက်ခြေမှအစပြု ကြီးထွားလာသည့်စီးပွားရေးလုပ်ငန်းငယ်များ (tech start-ups) နှင့် မတူသည့်အချက်မှာ ပြည်တွင်းရှိ အသေးစားလုပ်ငန်းများအနေဖြင့် အိုင်စီတီကဏ္ဍရှိ အရေးပါသည့် နိုင်ငံတကာဆွေးနွေးပွဲများကို မကြာခဏ ပါဝင်တက်ရောက် ထိတွေ့နိုင်ခြင်း မရှိသလို၊ ပြောကြားသည့် အချက်အလက်များကို မိမိတို့၏ မိခင်ဘာသာစကားများဖြင့် ရယူသိရှိနိုင်ခြင်းလည်း မရရှိကြပါ။ ထိုအခါ ပြည်တွင်းလုပ်ငန်းငယ်များ သင်ယူလုပ်ကိုင်ရသော ဖြစ်စဉ်သည် နိုင်ငံတကာရှိ စီးပွားရေးပူးပေါင်းလုပ်ကိုင်လိုသူများ၏ မျှော်မှန်းချက်နှင့် ကိုက်ညီရေးတွင်သာမက သတင်းအချက်အလက်များအား ကာကွယ်ခြင်းကိစ္စရပ်၊ အလားတူ အရေးကြီးသည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းတွင် ထားရှိသင့်သော နိုင်ငံတကာ စံတန်ဖိုးများကဲ့သို့သော အရေးကြီးသည့် အချက်များအတွက် လိုအပ်ချက်နှင့် လုပ်ဆောင်ပုံနည်းလမ်းများကို နားလည်ရန်အတွက်လည်း အခက်အခဲများစွာ ကြုံတွေ့ရနိုင်ပါသည်။

ကွန်ရက် တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းကို အလျှင်အမြန် အကောင်အထည်ဖော်လျက်ရှိရာ ကွန်ရက်တပ်ဆင်ရေး လုပ်ငန်းတွင် လုပ်ကိုင်သော လုပ်ငန်းများနှင့် တစ်ဆင့်ခံလုပ်ကိုင်သည့် ပြည်တွင်း လုပ်ငန်းများအနေအဖြင့် လုပ်ကိုင်ရင်းဖြင့် သင်ကြားနေကြသည့် အနေအထားတွင် ရှိနေပါသည်။ အချို့သောလုပ်ငန်းများသည် ခိုင်မာသည့် စီမံခန့်ခွဲ အုပ်ချုပ်မှုပုံစံ၊ ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အလုပ်သမား အခွင့်အရေးများအတွက် တိုင်ကြားမှုဆိုင်ရာ မူဘောင်များနှင့် လုပ်ငန်းခွင်စစ်ဆေးနိုင်ရန် စောင့်ကြည့်ခြင်းတို့ကို မိမိတို့ လုပ်ငန်းစဉ်အတွင်းသို့ သွတ်သွင်း အကောင်အထည်ဖော်ခြင်းများ ရှိသော်လည်း တချို့သော လုပ်ငန်းများမှာမူ စနစ်ကျသော လုံခြုံရေးဆိုင်ရာအစီအစဉ်များ ထားရှိလုပ်ဆောင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ သုတေသနပြုလုပ်စဉ် လူ့အခွင့်

အရေးဆိုင်ရာ အကျိုးသက်ရောက်မှုလေ့လာရာတွင် အချို့သောလုပ်ငန်းများတွင် သိသာထင်ရှားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ဆက်သွယ်ရေးတိုင်များ ဆောက်လုပ်တပ်ဆင်ခြင်းနှင့် ဖိုင်ဘာကြိုးများသွယ်တန်းသည့် လုပ်ငန်းများတွင် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး လိုက်နာမှုမရှိခြင်းနှင့် အချို့နေရာများတွင် အလွန်ဆိုးရွားသည့် လုပ်ငန်းခွင်ပုံစံမျိုးအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တွေ့ရပါသည်။

ရေတို အလုပ်အကိုင် အခွင့်အလမ်းများသည် ကျွမ်းကျင်မှုမရှိသော အလုပ်သမားများနှင့် အလုပ်သင် အလုပ်သမားများအတွက် အများရာဖွေနေသည့် အလုပ်အကိုင်များ ရရှိစေသည်။ သို့သော် အဆိုပါလုပ်ငန်းအများစုသည် ယာယီအလုပ်များသာဖြစ်ပြီး၊ တခါတစ်ရံတွင် ကြမ်းတမ်းသော လုပ်ငန်းခွင်အခြေအနေအောက်တွင် လုပ်ကိုင်ရခြင်းမျိုးဖြစ်သလို အလုပ်သမားများမှာ လုံလောက်ကောင်းမွန်သော ဝင်ငွေမျိုးလည်း မရရှိကြပေ။ ရေရှည်တွင် အိုင်စီတီကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်း များစွာပေါ်ထွန်းလာနိုင်သော်လည်း ယင်းသို့ ပေါ်ထွန်းလာသော လုပ်ငန်းများကိုဖြည့်ဆည်းလုပ်ကိုင်နိုင်ရန် အလုပ်သမားများ၏ ကျွမ်းကျင်မှုနှင့်စွမ်းဆောင်ရည်များ တိုးမြှင့်လာအောင် လုပ်ဆောင်ပေးရန်လိုအပ်သည်။ ယှဉ်ပြိုင်မှုအားများသည် ဈေးကွက်အား မောင်းနှင်သည်ဆိုသည့်အတိုင်း လက်ကိုင်ဖုန်း ဆက်သွယ်ရေးကွန်ရက်များကို အလျင်အမြန် ယှဉ်ပြိုင်ဆောက်လုပ်ကြသည့်အခါ မြန်မာနိုင်ငံအတွင်း တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ဆောင်မှုစံနှုန်းများ ကျင့်သုံးရန် စေ့ဆော်မှုကို ဆန့်ကျင်သည့် လုပ်ဆောင်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

စီးပွားရေးလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (SWIA) သုတေသနလုပ်ငန်းကို ၂၀၁၄ ဇူလိုင်လတွင် စတင်လုပ်ကိုင်ခဲ့ရာ ယင်းအချိန်သည် ဆက်သွယ်ရေး လုပ်ငန်းလိုင်စင်ရရှိသူများသည် ကွန်ရက်တပ်ဆင်နိုင်ရေးနှင့် ၎င်းတို့ကွန်ရက်အသစ်များကို စတင်အသုံးပြုရန် မိတ်ဆက်နိုင်ရေး အချိန်လုံလောက်စွာ မရသော ဖိအားများအောက်တွင် လုပ်ကိုင်နေကြရသော အချိန်ဖြစ်ပေသည်။ သို့သော်လည်း တချို့သော စီးပွားရေးလုပ်ငန်းကြီးများသည် မိမိတို့၏ ကိုယ်ပိုင်လိုက်နာကျင့်သုံးသည့် စံနှုန်းများထားရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ၎င်းတို့အနေဖြင့် ယင်းကဲ့သို့သော ခက်ခဲသည့်အခြေအနေ၌ပင် ခိုင်ခိုင်မာမာ လိုက်နာလုပ်ကိုင်ရန် ဆန္ဒရှိပြီး၊ လုပ်ဆောင်လိုပါက အိုင်စီတီကဏ္ဍတွင် တာဝန်ယူမှုရှိသော စီးပွားရေးအလေ့အကျင့်များ ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာရေး လုပ်ဆောင်နိုင်သည်ကို တွေ့ရှိရသည်။ အိုင်စီတီ ကဏ္ဍအတွင်းရှိ လူ့အခွင့်အရေး လေးစားလိုက်နာရာတွင် ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုအချို့ကို ကိုင်တွယ်ဖြေရှင်းသည့် နိုင်ငံတကာတွင် အစပြုလုပ်ဆောင်ချက်များမှ အတွေ့အကြုံသင်ခန်းစာများသည် မြန်မာနိုင်ငံအတွက်လည်း အသုံးဝင်နိုင်ပါသည်။ ဤစီးပွားရေးလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (SWIA) လုပ်ငန်းစဉ်သည် ကဏ္ဍအတွင်း ထိခိုက်မှု အန္တရာယ်အချက်များကို ဖော်ထုတ်ထင်ရှားစေပြီး၊ လက်တွေ့ဖြစ်ပေါ် သက်ရောက်ခဲ့ပြီးသော ဖြစ်ရပ်နမူနာများကို မြင်သာအောင် ထုတ်နှုတ်ကာ၊ အိုင်စီတီကဏ္ဍလည်ပတ်မှုနှင့် ဆက်စပ်သည့် အခြင်းအရာများထဲမှ အတုယူသင့်သော သင်ခန်းစာများကို လေ့လာနိုင်စေရန် ရည်ရွယ်ပါသည်။

## လူမှုအဖွဲ့အစည်းများ

သုတေသနပြုလုပ်ရာတွင် အိုင်စီတီကဏ္ဍရှိ ရှုပ်ထွေးပြီး နည်းပညာဆိုင်ရာ လူ့အခွင့်အရေးကိစ္စရပ်များကို သိရှိနားလည်သည့် အရပ်ဘက်အဖွဲ့အစည်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများမှာ အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။ ဤလေ့လာဆန်းစစ်ခြင်း (SWIA) လုပ်ငန်းစဉ်မှ အဆိုပါ အဖွဲ့အစည်းများကြားတွင် ပိုကျယ်ပြန့်သည့် အသိပညာပေးမှုများ ပြုလုပ်နိုင်ရန်ကိုလည်း ရည်ရွယ်ပါသည်။

## အိုင်စီတီအသုံးပြုသူများနှင့် လူမှုအသိုင်းအဝန်းများ

လက်ကိုင်ဖုန်း ဆက်သွယ်ရေးနှင့် အင်တာနက် ရယူအသုံးပြုရန် - အထူးသဖြင့် လျင်မြန်စွာ တိုးပွားလာနေသည့် လူမှုကွန်ရက်ဝန်ဆောင်မှုအား ချိတ်ဆက်ရယူအသုံးပြုနိုင်ရန် - အတွက် ပြင်းပြသည့်ဆန္ဒ ရှိနေကြသည်ကို သုတေသန

ပြုစုရာတွင် တွေ့ရှိရပါသည်။ သို့ရာတွင် အိုင်စီတီနည်းပညာများမှ အသုံးပြုသူများအား အန္တရာယ်များ သယ်လာနိုင်သည်ကိုသော်လည်းကောင်း တိုင်းပြည်အတွက် ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းကောင်းများကို သယ်ဆောင်လာနိုင်သည်ကိုလည်းကောင်း သုံးစွဲသူများ နားလည်မှုနည်းပါးသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်နည်းပညာ နားလည်တတ်မြောက်နှုန်း (digital literacy) သည် လွန်စွာ နိမ့်ပါးသည်ကိုတွေ့ရသည်။ ယင်းအချက်သည် နိုင်ငံတကာဥပဒေနှင့် စံချိန်စံညွှန်းများမှ နားလည်လက်ခံထားသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များလုံခြုံရေးဆိုင်ရာ သဘောတရားများကို အကျွမ်းတဝင်မရှိခြင်းကို ပြသနေပါသည်။ အပြင်လောကတွင် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို ထိန်းသိမ်းထားရှိခြင်း သဘောတရားကို လက်ခံနားလည်မှုနည်းသည့် တိုင်းပြည်တစ်ခုဖြစ်ရာ၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကိုယ်ရေးကိုယ်တာကိစ္စရပ်၊ အချက်အလက်များ လုံခြုံရေးနှင့် သတင်းအချက်အလက်များကာကွယ်ရေးသဘောတရားများကို အသုံးပြုသူများကြား သိရှိသူများလာအောင် လုပ်ဆောင်နိုင်ရေးသည် လွန်စွာ အရေးကြီးပါသည်။

MCRB, IHRB နှင့် DIHR တို့မှ ပြုလုပ်သည့် အခြား SWIA များအတိုင်း လေ့လာမှုများတွင် - အထူးသဖြင့် ကွန်ရက်တပ်ဆင်သောလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများတွင် - ကုမ္ပဏီများသည် ဒေသခံပြည်သူများနှင့် အလုပ်သမားများအား နှစ်ဖက်အပြန်အလှန် ဆက်သွယ် ဆွေးနွေးဆောင်ရွက်ခြင်းများ မရှိသလောက် အားနည်းနေသည်ကို တွေ့ရပါသည်။ အဆိုပါအချက်သည် လက်နက်ကိုင် ပဋိပက္ခဖြစ်နေသော ဒေသများအပါအဝင် အထူးသဖြင့် တိုင်းရင်းသားဒေသများအတွက် လွန်စွာ အရေးကြီးပါသည်။ တိုင်းရင်းသားလူမျိုးစုများ နေထိုင်သော နယ်မြေများရှိ သက်ဆိုင်ရာ တာဝန်ရှိလူပုဂ္ဂိုလ်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် လုပ်ငန်းများကို အချိန်ယူလုပ်ကိုင်ရေးမှာ အထူးပင် အရေးကြီးပါသည်။ လက်နက်ကိုင်ပဋိပက္ခများနှင့် ဒေသတွင်းဆက်ဆံမှု အခြေအနေများအား ပိုမိုပြည့်ပြည့်စုံစုံ နားလည်သိရှိအောင် လုပ်ဆောင်ခြင်းဖြင့် ဖြစ်ထွန်းလာမည့် အိုင်စီတီနည်းပညာလုပ်ငန်းများအပေါ် ဒေသခံများတွင်ရှိနိုင်သည့် စိုးရိမ်ပူပန်မှုများနှင့်မေးခွန်းများကို အိုင်စီတီကုမ္ပဏီများက သိရှိနားလည်စေနိုင်ပါသည်။ အချို့သော တိုင်းရင်းသားဒေသများ၌ ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခများကြောင့် ကွန်ရက် တပ်ဆင်သည့်လုပ်ငန်းများ ပိတ်ဆို့ခံရခြင်း၊ နှောင့်နှေးခြင်း သို့မဟုတ် ရပ်တန့်ခံရခြင်းတို့ ဖြစ်ပေါ်နိုင်ရာ ယင်းအခြေအနေသည် နည်းပညာသုံးစွဲနားလည်မှုပိုင်းတွင် ကွာဟမှုများကို ပို၍နက်ရှိုင်းသွားစေနိုင်ပြီး၊ ပဋိပက္ခ ဖြစ်ပွားသည့်ဒေသများသည် အိုင်တီစီကဏ္ဍများမှ ရရှိနိုင်သော အကျိုးကျေးဇူးများ မခံစားရဘဲ တိုးတက်မှု မညီမျှမှုကို ဖြစ်နေမှုများကို ပို၍ ဆိုးရွားစေနိုင်ပါသည်။

## အိုင်စီတီကဏ္ဍ၏ သက်ရောက်မှုအား လေ့လာဆန်းစစ်ခြင်း (SWIA) မှ ပေါ်ထွက်လာသည့် အဓိက အကြောင်းအရာ ငါးရပ်-

- **မူဝါဒ၊ ဥပဒေနှင့် စည်းမျဉ်းမူဘောင်များ၌ လစ်ဟာနေမှုများ** - မြန်မာနိုင်ငံတွင် အိုင်စီတီကဏ္ဍမှ ထွက်ပေါ်လာနိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုအန္တရာယ် အများစုအတွက် ခေတ်ကာလနှင့် လျော်ညီသော ဥပဒေများ မရှိသေးပါ။ ခေတ်မီဥပဒေမူဘောင်များ လိုအပ်နေသည့် ကိစ္စရပ်များတွင် ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်း၊ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက် လုံခြုံရေး၊ သတင်းအချက်အလက် ရယူအသုံးပြုနိုင်ခွင့်၊ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးသည့် အဖွဲ့အစည်းများ၊ ဆိုက်ဘာလုံခြုံရေး၊ အချက်အလက် လုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းများ စသည်တို့ ပါဝင်သည်။ မြန်မာနိုင်ငံတွင် လစ်ဟာနေသော စည်းမျဉ်းစည်းကမ်းများအတွက် အခြားနေရာဒေသများတွင် ကျင့်သုံးသော အဆိုး၊ အကောင်း အတွေ့အကြုံများမှ သင်ခန်းစာယူပြီး လူ့ခွင့်အရေးဆိုင်ရာ အချက်များကို အခြေခံသည့် ချဉ်းကပ်မှုဖြင့် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ပါသည်။
- **ရယူသုံးစွဲနိုင်မှု** - လူတိုင်းအင်တာနက်နှင့် ဆက်သွယ်ရေးကွန်ရက်များကို ချိတ်ဆက်မှုရရှိစေမှု (universal access) နှင့် အိုင်စီတီဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်မှု ရရှိအောင်မြင်စေရေးနှင့် ဝန်ဆောင်မှုဈေးနှုန်းများ လျော့ချနိုင်စေမည့် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကျက်တည်ဆောက်နိုင်ရေးနှင့် အားကောင်းသည့် ပြိုင်ဆိုင်မှုများဖြစ်ပေါ်လာရေးကို အားပေးမည့် ရင်းနှီးမြှုပ်နှံမှုများအတွက် လက်ရှိအခြေအနေသည် အခွင့်အလမ်းကောင်းတစ်ရပ်ကို ဖန်တီးပေးနေပါသည်။ သတင်းအချက်အလက်များကို ရယူရာတွင် အထောက်အကူဖြစ်စေပြီး ရှာဖွေရ

လွယ်ကူစေရန်အတွက် ယူနီကုတ်စနစ် စံသတ်မှတ်ခြင်းများနှင့် ဒေသသုံးဘာသာစကားများ ထည့်သွင်းနိုင်ရေးသည် အရေးကြီးသော အချက်ဖြစ်ပါသည်။ သို့မှသာ ကောင်းမွန်သော နည်းပညာတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်နိုင်မှုမှ လူမှုဖွံ့ဖြိုးတိုးတက်ရေး အကျိုးကျေးဇူးများကို နိုင်ငံတစ်ဝန်း ရရှိခံစားနိုင်စေမှာ ဖြစ်ပါသည်။

- **အွန်လိုင်းရှိ "ဒီဂျစ်တယ် အန္တရာယ်များ"** - ခေတ်သစ် နည်းပညာများနှင့် အင်တာနက် ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ခြင်းသည် ကောင်းမွန်သည့် အကျိုးကျေးဇူးများနှင့်အတူ စိုးရိမ်စရာများနှင့် ဒီဂျစ်တယ် အန္တရာယ်များကိုပါ သယ်ဆောင်လာသည်ကို တွေ့ရှိရပါသည်။ ယင်းအန္တရာယ်များတွင် ကိုယ်ရေးကိုယ်တာ အချက်အလက် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းမျိုးစုံဖြင့် ဖြစ်ပွားနိုင်သော ဆိုက်ဘာမှုခင်းများ - ဥပမာ ကလေးငယ်များအား လိင်မှုဆိုင်ရာ စော်ကားသည့်ပုံများ၊ တစ်ပါးသူကို နစ်နာစေလိုသောဆန္ဒဖြင့် ညစ်ညမ်းဗီဒီယိုများ ရိုက်ကူးဖြန့်ဝေခြင်း - ဆိုက်ဘာ အနိုင်ကျင့်မှုများ၊ နှောင့်ယှက်ခြင်းနှင့် "အမုန်းစကား ပြောဆိုခြင်း"တို့ ပါဝင်ပါသည်။ အခြားသော ဒီဂျစ်တယ်အန္တရာယ်များတွင် အစိုးရ၏ အမိန့်ဖြင့် မိုဘိုင်းလ်ဆက်သွယ်ရေးနှင့် အင်တာနက် ကွန်ရက်များကို ဖြတ်တောက်ခြင်းနှင့် တချို့သော အင်တာနက်စာမျက်နှာများကို တားဆီးပိတ်ဆို့ခြင်းများပါဝင်သည်။ အဆိုပါ ကိစ္စရပ်များကို ကုမ္ပဏီများ၊ အစိုးရနှင့် သတင်းမီဒီယာများမှ ပြည်သူလူထုအား အသိပညာပေးရန် လိုအပ်ပါသည်။ အဆိုပါ အဖွဲ့အစည်းများသည် အင်တာနက်ကိုအသုံးပြုရာတွင် လုံခြုံသော အပြုအမူများ (ဥပမာ မိမိတို့၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များကို ခိုးယူခြင်းမှ ကာကွယ်နိုင်သည့် စနစ်များ အသုံးပြုခြင်း (သို့) ကိုယ်ရေးအချက်အလက်များကို အင်တာနက်တွင် ဖော်ပြခြင်း (သို့) အီးမေးလ်ဖြင့် ပို့ခြင်းတို့ကို မပြုလုပ်ခြင်း) ကို လူအများ သိရှိသတိထားမိစေရေး လုပ်ဆောင်သင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဆော့ဖ်ဝဲနှင့် App အသုံးပြုခြင်းဆိုင်ရာသဘောတူညီမှုများ၊ သတင်းဆောင်းပါးများနှင့် အခြားနည်းလမ်းများအပါအဝင် ဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုးကို မြန်မာဘာသာ စကားအပါအဝင် အခြားတိုင်းရင်းသား ဘာသာစကားများဖြင့် ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် လူအများ သိရှိလာအောင် လုပ်ဆောင်နိုင်ပါသည်။

- **လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ** - ဆက်သွယ်ရေးတာဝါတိုင်များ ဆောက်လုပ်ရန် မြေယာအသုံးပြုခွင့် ရရှိရေးအတွက် ကြုံတွေ့ရသည့် ရှုပ်ထွေးသော မြေယာဆိုင်ရာဥပဒေများနှင့် လုပ်ငန်းအဆင့်များသည် နိုင်ငံအနှံ့ ဆက်သွယ်ရေးကွန်ရက်များ တပ်ဆင်ရာတွင် အစိုးရအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များနှင့် တစ်ဆင့်ခံ ဆောက်လုပ်ရေး လုပ်ဆောင်သူများအတွက် တွေ့ကြုံရသည့် ပြဿနာများစွာထဲမှ တစ်ခုဖြစ်ပါသည်။ အကြိမ်ကြိမ်ပြောင်းလဲနေသော အလုပ်သမားဆိုင်ရာဥပဒေများနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ သိနားလည်မှု အားနည်းခြင်းများသည် အလုပ်သမားများနှင့် အချို့သော အလုပ်ရှင်များကပါ အခြေခံအကျဆုံးသော အလုပ်သမားအခွင့်အရေး အကာအကွယ်ပေးမှုများအကြောင်းကိုပင် ကောင်းမွန်စွာ သိရှိခြင်းမရှိသည်ကို တွေ့ရပါသည်။ အခြားနိုင်ငံများတွင် ယင်းလုပ်ငန်းများကို ကုန်သွယ်ရေးသမဂ္ဂများမှ ဖြည့်ဆည်းလုပ်ဆောင်ပေးသော်လည်း မြန်မာနိုင်ငံတွင်မူ လွတ်လပ်သောသမဂ္ဂများသည် နှစ်ပေါင်းများစွာ တားမြစ်ပိတ်ပင်ခံရသည့် အခြေအနေမှ လွတ်မြောက်ထွက်ပေါ်လာခါစ ဖြစ်သောကြောင့် အဆိုပါကိစ္စရပ်များအတွက် အတွေ့အကြုံ နုနယ်နေသေးသည်ကို တွေ့ရှိရသည်။ ယခင်စစ်အစိုးရမှ ပြုလုပ်လေ့ရှိသော အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းမျိုးကို ယခုအခါ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင်သာ တွေ့ရှိရသည်။ သို့သော် အတင်းအဓမ္မခိုင်းစေမှု ပုံစံအသစ်မျိုး ပုဂ္ဂလိကကဏ္ဍတွင် ပေါ်ထွက်လာနေသည်ကို တွေ့ရှိရသည်။ သုတေသနလုပ်ရာတွင် တွေ့ရှိရသည့် ဥပမာတစ်ခုတွင် အလုပ်နှင့်သက်ဆိုင်သော တင်ရှိနေသည့် ကြွေးမြီများကို ငွေရှင်စီးပွားရေးသမားများထံတွင် အလုပ် လုပ်ပေးခြင်းဖြင့် ပေးဆပ်ခိုင်းခြင်းများကို တွေ့ရပါသည်။ လုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့် ခွင့်ပြုမိန့် ရရှိရေးတွင် လာဘ်ပေးလာဘ်ယူမှုများ ရှိနေခြင်းသည်လည်း ကွန်ရက်တပ်ဆင်မှုလုပ်ငန်းများတွင် ကြုံတွေ့ရသည့် အခက်အခဲတစ်ရပ် ဖြစ်ပါသည်။

- **လူမှုအသိုက်အဝန်းတွင် မြင်သာသည့် ခွဲခြားခံရမှုများအား ဖြေရှင်းခြင်း (သို့) ပို၍ဆိုးဝါးလာစေခြင်း** - အိုင်စီတီ အသုံးပြုမှုများသည် ကလေးသူငယ်များ ကဲ့သို့သော ထိခိုက်လွယ်သည့် အစုအဖွဲ့များ၏ အခွင့်အရေးအပေါ် ကောင်းကျိုး၊ ဆိုးကျိုးနှစ်ခုစလုံး အကျိုးသက်ရောက်နိုင်စွမ်း ရှိသည်။ အိုင်စီတီထွန်းကားမှုကြောင့် အချို့ခွဲခြားဆက်ဆံခံရမှုကိစ္စများတွင် တဖြည်းဖြည်းဖြင့် တိုးတက်ကောင်းမွန်လာသော်လည်း ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုများနှင့် ယင်းတို့နှင့် ဆက်စပ်ဖြစ်ပေါ်သည့် မကြာသေးသည့်ကာလများတွင် တွေ့ကြုံခဲ့ရသော

အကြမ်းဖက်မှုများ - အထူးသဖြင့် မွတ်ဆလင် အသိုက်အဝန်းအပေါ် သက်ရောက်မှုများသည် အရေးကြီးသော ပြဿနာတစ်ခု ဖြစ်နေပါသည်။ အထူးသဖြင့် လူမှုကွန်ရက် စာမျက်နှာများတွင် မွတ်ဆလင် ဆန့်ကျင်ရေး အမုန်းစကားများ ဖြန့်ဝေနေသည်ကို သုတေသနနှင့် အခြားသောသတင်းထုတ်ပြန်ချက်များတွင် တွေ့ရှိရပါသည်။ တစ်ဖက်တွင်လည်း အိုင်စီတီကဏ္ဍသည် မသန်စွမ်းသူများကဲ့သို့သော ထိခိုက်လွယ်သည့် အစုအဖွဲ့များအတွက် ယခင်က ၎င်းတို့ခံစားခွင့်မရရှိခဲ့သည့် ဝင်ငွေတိုးအခွင့်အလမ်းများ သို့မဟုတ် လိုအပ်သည့် ဝန်ဆောင်မှုများ ရရှိစေခြင်းဖြင့် ပို၍ကောင်းမွန်သည့် အခြေအနေတစ်ရပ်ကို ဆောင်ကြဉ်းပေးနိုင်သည်ကို တွေ့ရသည်။ ထို့အပြင် အိုင်စီတီနှင့် ဆက်နွှယ်သော ဘာသာရပ်များတွင် ဘွဲ့ရအမျိုးသမီး အရေအတွက်သည် အမျိုးသားအရေအတွက် ထက် ပို၍များပြားသည်ကို တွေ့ရှိရရာ အိုင်စီတီကဏ္ဍသည် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း သစ်များ ဖန်တီးနိုင်သည်ကို တွေ့ရှိရသည်။

## မကြာမီကြုံတွေ့ရနိုင်သည့် ကိစ္စရပ်များ

တယ်လီဖုန်းကိရိယာပစ္စည်းများ ထုတ်လုပ်သည့် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍသည် မရှိသလောက် နည်းပါးသည် ဖြစ်ရာ အနိမ့်ဆုံးအခြေခံဖုန်းများနှင့် သုံးပြီးသားတယ်လီဖုန်း ဟောင်းများကိုပင်လျှင် လူအများ၏ ဝယ်ယူလိုမှု အား ကောင်းနေသေးသည့် အချိန်ကာလဖြစ်သောကြောင့် အခြားနိုင်ငံများတွင် တွေ့ရသော လျှပ်စစ်စွန့်ပစ်ပစ္စည်း (e-waste) သို့မဟုတ် သဘာဝပတ်ဝန်းကျင်အား ညစ်ညမ်းစေသည့်ပြဿနာများ မြန်မာနိုင်ငံတွင် တွေ့ရှိရခြင်း မရှိသေးပါ။ ယင်းပြဿနာများ တစ်ချိန်တွင် ကြုံလာရမည်ဆိုသည့်အချက်မှာ အငြင်းပွားဖွယ်မရှိချေ။ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ မရှိသေးခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း (SWIA) လုပ်ငန်းစဉ်တွင် ရွှေ၊ ဒန်၊ သံ၊ ဒုတ္ထာ၊ တိုက်တေနီယံ စသည့် “သတ္တုထုတ်လုပ်မှု ပဋိပက္ခ” (Conflict minerals) များကို လေ့လာနိုင်ခြင်း မရှိပါ။ အထက်ပါဖော်ပြခဲ့သော သတ္တုအမျိုးအစားများအနက် ပထမသုံးမျိုးကို မြန်မာနိုင်ငံတွင် ထုတ်လုပ်သော်လည်း SWIA မှ လေ့လာဆန်းစစ်ခြင်း မလုပ်နိုင်ခဲ့ပါ။ ယင်းသတ္တုများ မည်သို့ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းနှင့်ဆိုင်သည့် လက်ရှိဖြစ်ပွားနေသည့် နိုင်ငံအတွင်းရှိ ပဋိပက္ခများသည် အနာဂါတ်ကာလ အတွက် လေ့လာစမ်းစစ်ပြီး သုတေသနပြုလုပ်နိုင်သည့် အသုံးဝင်သော ခေါင်းစဉ်တစ်ခု ဖြစ်ပါသည်။

# အကြံပြုတင်ပြချက်များ

အောက်ဖော်ပြပါ အကြံပြုတင်ပြချက်များသည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှု အခြေခံမှုများအောက်တွင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ လိုက်နာရမည့် အချက်များကို အခြေခံရေးသားထားခြင်း ဖြစ်ပါသည်။ အစိုးရသည် လူ့အခွင့်အရေးများကို ကာကွယ်ပေးရန် တာဝန်ရှိသလို၊ အိုင်စီတီနှင့်ဆက်စပ်သော ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများသည်လည်း လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။ ကုလသမဂ္ဂ၏လမ်းညွှန်မှု အခြေခံမှုများမှ ထုတ်နုတ်ထားသည့်အဓိကအချက်များကို သိသာထင်ရှားစေရန် သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဇယားထဲတွင်ထည့်ပြီး အောက်တွင်ဖော်ပြထားပါသည်။ ထို့အပြင် အိုင်စီတီကဏ္ဍအတွက် နိုင်ငံတကာဆိုင်ရာ လူ့အခွင့်အရေးလမ်းညွှန်ချက်ကို ဥရောပကော်မရှင်၏ "ICT Sector Guide on Implemeting UN Guiding Principles on Business and Human Rights" (2013) တွင် ရယူဖတ်ရှုနိုင်ပါသည်။

# နိုင်ငံတော် အစိုးရသို့ အကြံပြုချက်များ

## ၁။ လုံလောက်သည့် အကာအကွယ်ပေးမှုများနှင့်အတူ အိုင်စီတီကကဏ္ဍအတွက် အကြောင်းအကျိုး ဆီလျော်မှုရှိသည့် မူဝါဒဘောင်တစ်ရပ် တည်ဆောက်ရန်။

| ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်အခြေခံမှုများ - အစိုးရမှ ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန် |
|---|
| *၁။ နိုင်ငံများသည် ယင်းတို့၏ ပိုင်နက်နယ်မြေအတွင်းနှင့်/သို့မဟုတ် တရားစီရင်ပိုင်ခွင့် နယ်ပယ်အတွင်း၌ စီးပွားရေး လုပ်ငန်းများအပါအဝင် အခြားသော တတိယအဖွဲ့အစည်းတစ်ခုက ကျူးလွန်လာသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ အကာအကွယ်ပေးရမည်။ ယင်းသို့ အကာအကွယ်ပေးရာတွင် ထိရောက်မှုရှိသော မူဝါဒများ၊ ဥပဒေများ စည်းမျဉ်း စည်းကမ်းများကို ချမှတ်ခြင်း၊ တရားစီရင်မှုများပြုလုပ်ခြင်းတို့ဖြင့် ဤကဲ့သို့သော ချိုးဖောက်မှုများကို ဟန့်တားရန်၊ စုံစမ်းစစ်ဆေးရန်၊ အပြစ်ပေးရန်နှင့် ဖြေရှင်းဆောင်ရွက်ပေးရန်တို့အတွက် သင့်လျော်မှုရှိသော လုပ်ငန်းအဆင့်ဆင့်တို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။* |
| *၂။ နိုင်ငံများအနေနှင့် မိမိတို့၏ နယ်နမိတ်အတွင်း အခြေကျ လုပ်ကိုင်ဆောင်ရွက်နေကြသောနှင့်/သို့မဟုတ် မိမိတို့၏ တရားစီရင်ပိုင်ခွင့် နယ်ပယ်အတွင်းရှိနေသော စီးပွားရေးလုပ်ငန်းများ အားလုံးသည် ၄င်းတို့၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု တစ်လျှောက်လုံး၌ လူ့အခွင့်အရေးများကို လေးစားလိုက်နာမှုရှိရေးဆိုသည့် နိုင်ငံ၏ မျှော်လင့်ချက်ကို ရှင်းရှင်းလင်းလင်း ချမှတ်ဆောင်ရွက်သင့်ပါသည်။* |

*အစိုးရသည် နည်းပညာများကို လွယ်လင့်တကူရယူနိုင်ရေး နိုင်ငံသားများအား ပံ့ပိုးပေးခြင်း၏ အရေးပါပုံကို လက်ခံပြီးဖြစ်သလို၊ ဖွံ့ဖြိုးရေးအတွက် "လူထုဗဟိုပြု"သည့် နည်းလမ်းကိုလည်း ကတိပြုကျင့်သုံးလျက်ရှိသည်။ မြန်မာ့လူ့ဘောင်အတွက် အိုင်စီတီကဏ္ဍ၏ အနာဂါတ်အလားအလာကောင်းများ သိရှိနားလည်စေရန် လူထုအကျိုးစီးပွားနှင့် အခွင့်အရေးများကို အကာအကွယ်ပေးပြီး တစ်ဆက်တည်းတွင်လည်း အိုင်စီတီ၏ဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်ဖြစ်ထွန်းရေးကို တွန်းအားပေးမည့် ဟန်ချက်ညီညီ ချဉ်းကပ်လုပ်ဆောင်မှုတစ်ရပ် လိုအပ်မည်ဖြစ်သည်။ (အခန်း ၂ တွင် အိုင်စီတီ အစိုးရအဖွဲ့အစည်းများ၊ မူဝါဒများနှင့် ဥပဒေရေးရာမူဘောင်များကို ပိုမိုပြည့်စုံစွာ သိရှိနိုင်ရန် ဖတ်ရှုနိုင်ပါသည်။)*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **အိုင်စီတီကဏ္ဍအတွက်ရေးဆွဲမည့် မဟာစီမံကိန်းများထဲတွင် ပုဂ္ဂလိကလုပ်ငန်းများ လုပ်ငန်းလည်ပတ်ရာတွင် ဖြစ်သင့်သည့် လူ့အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုက်အဝန်းအတွက် အကာအကွယ်များ ထည့်သွင်းရေးဆွဲရန်။** ယင်းအချက်ကို ထည့်သွင်းသင့်သည့် မဟာစီမံကိန်းများမှာ အိုင်စီတီ မဟာစီမံကိန်း၊ နည်းပညာသုံးအုပ်ချုပ်မှု (E-Governance) မဟာစီမံကိန်းနှင့် ဆက်သွယ်ရေး မဟာစီမံကိန်းတို့ ပါဝင်သည်။ အကြံပြုထားသည့် အကာအကွယ်ပေးရမည့် အချက်များကို စီးပွားရေးလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (SWIA) ၏ အခန်းတိုင်း၏ အဆုံးသတ်တွင် ထင်ရှားစွာထည့်သွင်း ဖော်ပြပေးထားပါသည်။ ထို့အပြင် မဟာစီမံကိန်းတိုင်းတစ်ခုချင်းစီတွင် ပို၍ကျယ်ပြန့်သည့် အစိုးရပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှုရှိရေးနှင့် အများပြည်သူပါဝင်နိုင်စေရေးတို့ကို ဖော်ဆောင်ရေးသံဓိဌာန်တစ်ရပ်အပေါ် အခြေခံပြီး လုပ်ဆောင်သင့်ပါသည်။ ထိုသို့ ချမှတ်ထားသည့်သံဓိဌာန်၏ လုပ်ဆောင်ချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် အစိုးရသည် မဟာစီမံကိန်းများအပေါ် နယ်ပယ်အသီးသီးမှ တာဝန်ရှိလူပုဂ္ဂိုလ်များ ပူပေါင်းပါဝင်ပြီး မှတ်ချက်များ ပေးနိုင်စေရန်အတွက် လုံလောက်သည့် အချိန်ကာလတစ်ခု ထားရှိပေးကာ ပွင့်လင်းပြီး အများပြည်သူပါဝင်သည့် အဓိပ္ပာယ်ပြည့်ဝသော ဆွေးနွေးတိုင်ပင်နှီးနှောဖလှယ်မှုများ ဖြစ်ပေါ်စေရေး ဆောင်ရွက်သင့်ပါသည်။ (အခန်း ၂ တွင် အိုင်စီတီအစိုးရ အဖွဲ့အစည်းများ၊ မူဝါဒများနှင့် ဥပဒေရေးရာမူဘောင်များကို ပိုမိုပြည့်စုံစွာ သိရှိနိုင်ရန် ဖတ်ရှုနိုင်ပါသည်။)

- အိုင်စီတီကဏ္ဍအတွက် မဟာဗျူဟာမြောက် လမ်းကြောင်းသစ်များ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ဆောင်ရာတွင် အရှည်သဖြင့်နှင့် စပေါင်းများပြားလာနိုင်သည့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာသက်ရောက်မှုကိစ္စရပ်များကို အမျိုးအမည် ခွဲခြားခြင်း၊ ကာကွယ်ခြင်းနှင့် ထိခိုက်မှုလျော့နည်းအောင် လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ရန်။ အဆိုပါအချက်ကို ICT Parks များ ပိုမိုဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်နိုင်ရေး သို့မဟုတ် ပြင်ပစီးပွားရေးလုပ်ငန်းများမှ အလုပ်အပ်ခြင်းများ တိုးမြှင့်ရရှိနိုင်ရေးတို့တွင် အသုံးချနိုင်ပါသည်။ အရှည်သဖြင့်နှင့် စပေါင်း ဆိုးကျိုးသက်ရောက်မှုများကို လျော့ချနိုင်ရန်နှင့် ရှောင်ရှားနိုင်ရန် ရည်ရွယ်အသုံးပြုသင့်သည်။ (အခန်း ၅ တွင် စပေါင်းသက်ရောက်မှုများအကြောင်းကို ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။) အစိုးရအနေဖြင့် အိုင်စီတီကဏ္ဍကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကြိုတင်ခန့်မှန်းနိုင်သော သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ - အထူးသဖြင့် အိုင်စီတီနှင့်ဆက်စပ်သည့်ပစ္စည်းများ စွန့်ပစ်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် လျှပ်စစ်ပစ္စည်းအမှိုက်များ (e-waste) အတွက် စဉ်းစား စီမံထားသင့်ပါသည်။

- ဆက်သွယ်ရေးနှင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအား လွတ်လပ်သည့်အိုင်စီတီစည်းမျဉ်းစည်းကမ်းဆိုင်ရာကြီးကြပ်သည့် ဌာနတစ်ခုအဖြစ်လည်းကောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ပုဂ္ဂလိကဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူ (ISP) တစ်ဦးအနေဖြင့်လည်းကောင်း တည်ထောင်ကာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန အပြောင်းအလဲ လုပ်ဆောင်မှုကို ပြီးပြတ်အောင် ဆောင်ရွက်ရန်။

### ၂။ အိုင်စီတီကဏ္ဍတွင် တာဝန်ယူမှုရှိသော စီးပွားရေးကျင့်စဉ်များအတွက် ကြောင်းကျိုးဆီလျော်သည့် မူဘောင်နှင့် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် သင့်လျော်သော ကာကွယ်ပေးမှုများပါရှိမှု သေချာစေရန် အိုင်စီတီဆိုင်ရာဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ပြုပြင်ပြောင်းလဲရေးများကို တိုးမြှင့်လုပ်ဆောင်ရန်။

**ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်အခြေခံမူများ - နိုင်ငံတော်၏ အထွေထွေ စည်းမျဉ်းဥပဒေသတ်မှတ်ခြင်းနှင့် မူဝါဒဆိုင်ရာ လုပ်ငန်းများ**

*၃။ အကာအကွယ်ပေးရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးရန် နိုင်ငံတော်သည်*

*(က) စီးပွားရေးလုပ်ငန်းများမှ လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် လိုအပ်သော သို့မဟုတ် ၄င်းတို့အပေါ် အကျိုးသက်ရောက်မှုရှိသောဥပဒေများကို ပြဋ္ဌာန်း အကောင်အထည်ဖော်ရန်နှင့် အခါအားလျော်စွာ အဆိုပါဥပဒေများ၏ လုံလောက်မှု ရှိ၊ မရှိကို ဆန်းစစ်မှုပြုလုပ်ရန်နှင့် လိုအပ်ချက်များရှိလာပါက ဖြည့်ဆည်းဆောင်ရွက်ပေးရန်*

*(ခ) စီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ အခြားသောဥပဒေများနှင့် မူဝါဒများ (ဥပမာ-ကော်ပိုရိတ်ဥပဒေ)သည် ထိန်းချုပ်ကန့်သတ်ခြင်းမျိုးမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများက လူ့အခွင့်အရေးများ လေးစားလိုက်နာမှုကို သေချာမှုရှိစေရေး ဆောင်ရွက်ရန်။*

*(ဂ) စီးပွားရေးလုပ်ငန်းများအား ယင်းတို့၏ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု ကာလတစ်လျှောက်လုံး လူ့အခွင့်အရေးများကို မည်ကဲ့သို့ လေးစားလိုက်နာရမည် ဆိုသည်နှင့် ပတ်သက်၍ ထိရောက်သော လမ်းညွှန်မှုပေးရန်။*

*(ဃ) စီးပွားရေးလုပ်ငန်းများအား ယင်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်သည်နှင့် ပတ်သက်၍ အသိပေးဆက်သွယ်မှု ပြုလုပ်ရေးကို တိုက်တွန်းအားပေးရန်နှင့် လိုအပ်ပါက ပြဋ္ဌာန်းချက်များ ချမှတ်ပေးရန်။*

***ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် အခြေခံမူများ - မူဝါဒများသဟဇာတဖြစ်မှုနှင့် တိကျခိုင်မာမှုရှိစေရန် ဆောင်ရွက်ခြင်း။***

*၈။ နိုင်ငံများအနေဖြင့် စီးပွားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပုံဖော်နေသည့် အစိုးရဌာနများ၊ အေဂျင်စီများနှင့် အခြား နိုင်ငံအခြေပြု အဖွဲ့အစည်းများအား ၄င်းတို့နှင့် ဆီလျော်မှုရှိသည့် အချက်အလက်များ၊ လေ့ကျင့်သင်တန်းများနှင့် ပံ့ပိုးမှုများ ပေးခြင်းဖြင့် ၄င်းတို့ သက်ဆိုင်ရာတာဝန်များကို ဖြည့်စည်းဆောင်ရွက်သည့်အခါ နိုင်ငံတော်၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများကို သိရှိ၊ လေးစား၊ လိုက်နာမှုရှိစေရန် အာမခံချက် ပေးသင့်ပါသည်။*

*မြန်မာနိုင်ငံသည် အိုင်စီတီကဏ္ဍကို ဦးတည်အလေးထားသည့် ပြောင်းလဲမှုများအပါအဝင် ကဏ္ဍတိုင်းတွင် ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရန် ရည်ရွယ်ချက်ကြီးမားသည့် အစီအစဉ်တစ်ရပ်ကို စတင်လုပ်ဆောင်နေပြီ ဖြစ်ပါသည်။ သင့်လျော်သော ဥပဒေမူဘောင်တစ်ရပ်သည် လူအများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်သလို တစ်ချိန်တည်းတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများ ထွန်းကားလာအောင် တွန်းအားပေးနိုင်ပါသည်။ (အခန်း ၂ တွင် အိုင်စီတီအစိုးရ အဖွဲ့အစည်းများ၊ မူဝါဒများနှင့် ဥပဒေရေးရာမူဘောင်များကို ပိုမိုပြည့်စုံစွာ သိရှိနိုင်ရန် ဖတ်ရှုနိုင်ပါသည်။)*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- ဆက်သွယ်ရေးဥပဒေ (Telecommunications Law)၊ ကွန်ပျူတာသိပ္ပံ ဖွံ့ဖြိုးရေးဥပဒေ (Computer Science Development Law) နှင့် အီလက်ထရောနစ် ငွေပေးချေရေးဥပဒေ (Electronic Transactions Law)များ အောက်တွင် မကြာမီထွက်ပေါ်လာမည့် စည်းမျဉ်းစဉ်းကမ်းများတွင် **ဥပဒေနှင့်ညီသော ထုတ်ဖော်ပြောဆိုမှုများအပေါ် ဒုစရိုက်မှုဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခြင်းမျိုး မရှိစေရဆိုသည့်အချက်** သေချာမှုရှိစေရေး ဆောင်ရွက်ရန်။
- အဆိုပါစည်းမျဉ်းစည်းကမ်းများသည် **အင်တာနက်စာမျက်နှာများတွင် ပါဝင်သော အကြောင်းအရာများကို စိစစ်ခြင်း၊ ပိတ်ဆို့ခင်းများကို လုပ်ဆောင်ရာတွင် ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများနှင့် အကာအကွယ်ပေးရေးလုပ်ဆောင်မှုများသည်** နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိကို ရှင်းလင်းဖော်ပြသင့်ပါ

သည်။ ဖြတ်ချဖယ်ထုတ်လိုသည့် တောင်းဆိုမှုများသည် စာမျက်နှာတစ်ခုလုံးအား ဖြတ်ချချင်းမျိုးထက် စာမျက်နှာပါ အကြောင်းအရာရှိ သက်ဆိုင်သောခေါင်းစဉ်နှင့် ယင်း၏ အကြောင်းအရာများကိုသာ ပယ်ဖြတ်ရန် တောင်းဆိုသင့်ပါသည်။

- **ဆက်သွယ်ရေး ကွန်ရက်အား ရပ်ဆိုင်းပိတ်ဆို့မှုကို ခွင့်ပြုထားသည့် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေပါ လုပ်ပိုင်ခွင့်များကို ကန့်သတ်ရန်နှင့် ရှင်းလင်းစွာဖော်ပြရန်။ လုပ်ဆောင်မှုကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်ရန်** အကန့်အသတ်ထားရှိခြင်းနှင့် ရှင်းလင်းပြတ်သားစွာ ချမှတ်ခြင်းတို့ လုပ်ဆောင်ရန်။ တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများ (မိုလ်ဘိုင်းနှင့်/သို့မဟုတ် ကြိုးဖုန်းလိုင်းများ)ကို အသုံးပြုခွင့်အား ရပ်ဆိုင်းခြင်းကို တရားဥပဒေနှင့်အညီ လုပ်ဆောင်ရမှာဖြစ်ပြီး၊ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းကို နိုင်ငံတော်လုံခြုံရေးအပေါ် အမှန်တကယ်ပဲ သိသိသာသာ ခြိမ်းခြောက်နေသည့် အခြေအနေမျိုးနှင့် အရေးပေါ်အခြေအနေမျိုးတွင်သာ လုပ်ဆောင်သင့်ပါသည်။ မည်သူက ရပ်ဆိုင်းပိတ်ဆို့ခွင့်အမိန့် ထုတ်ပြန်ခွင့်ရှိသည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းနှင့် ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန် လုပ်ဆောင်ထားရန် လိုအပ်မည်ဖြစ်သည်။ အဆိုပါ ရပ်ဆိုင်းပိတ်ဆို့ မိန့်သည် နယ်မြေ၊ လုပ်ဆောင်မည့်ပမာဏနှင့် လုပ်ဆောင်ချိန်တို့ကို သတ်မှတ်လုပ်ဆောင်ပြီး ကိစ္စများဖြစ်ပြီးချိန်တွင်လည်း ဖြစ်ရပ်များကို အများပြည်သူသိအောင် ထုတ်ပြန်ကြေညာသင့်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရပ်ဆိုင်းပိတ်ဆို့ခြင်းအား မည်သည့် အခြေအနေမျိုးတွင်မှ ခွင့်မပြုသင့်ပါ။
- **ရွေးကောက်ပွဲများ နီးကပ်လာသည့် ကာလများတွင် ဆက်သွယ်ရေး ကွန်ရက်အား ရပ်ဆိုင်းပိတ်ဆို့ခြင်းကို လုပ်ကိုင်မည် မဟုတ်ကြောင်း ကတိကဝတ်ပြုရန်။** ထိုသို့ ရပ်ဆိုင်းပိတ်ဆို့မည့်အစား အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာနိုင်မှုများကို ကြိုတင်တွက်ချက်တားမြစ်နိုင်သည့် အစီအစဉ်များ ချမှတ်ထားသင့်ပါသည်။ ဥပမာ အမုန်းစကားများနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်စေသည့် သတင်းစကားဖြန့်ဖြူးမှုများအား သင့်လျော်သည့် ကန့်သတ်မှုများ လုပ်ဆောင်ခြင်း။
- နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ **ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံရေးအတွက် အကာအကွယ်ပေးသည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရန်။**
- ဖုန်းငွေကြေး ဝန်ဆောင်မှုများနှင့် အခြားအွန်လိုင်းဝန်ဆောင်မှုများကို လုပ်ပိုင်ခွင့် လိုင်စင်ရထားသည့် လုပ်ငန်းများအတွက် ရှင်းလင်းသော **အချက်အလက် ကာကွယ်ပေးခြင်းနှင့် လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများ ချမှတ်ပေးရန်။**
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးအပေါ် ခြိမ်းခြောက်လာနိုင်သည့် အလားအလာရှိရာ **ဆင်းကတ် (SIM card) ဝယ်ယူရာတွင် မဖြစ်မနေမှတ်ပုံတင်ပြီးမှ ဝယ်ယူရမည်ဆိုသော စည်းကမ်းအစားအခြားနည်းလမ်းများကို စဉ်းစားရန်။**
- ဥပဒေနှင့်အညီ သတင်းအချက်အလက် ကြားဖြတ်ရယူခွင့်ကို အသုံးပြုခြင်း၊ ဆက်သွယ်ပြောဆိုသည့် အချက်အလက်များကို ရယူခြင်း၊ အင်တာနက် စာမျက်နှာများ၌ ပါဝင်သော တချို့အချက်အလက်များကို ဖယ်ရှားစေခြင်း၊ သို့မဟုတ် ပိတ်ဆို့ခြင်း၊ သို့မဟုတ် ကွန်ရက်အား ရပ်ဆိုင်းပိတ်ပစ်စေခြင်းတို့ကို **မြန်မာအစိုးရမှ တောင်းဆိုသည့်အခါ တောင်းဆိုသည့် အကြိမ်အရေအတွက်၊ တောင်းဆိုသည့် အကြောင်းရင်းနှင့် အကြောင်းအရာစသည်တို့ကို** ကုမ္ပဏီများမှ အများပြည်သူသိရှိအောင် **သတင်းထုတ်ပြန်ခြင်းများကို တားဆီးမှုများ မပြုလုပ်ရန်။**

၃။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အသင်းဖွဲ့စည်းခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ မြေယာ အသုံးပြုမှုနှင့် စီမံမှုဆိုင်ရာကိစ္စရပ်များနှင့် အလုပ်သမားကိစ္စရပ်များတွင် ပိုမိုကျယ်ပြန့်သော တရားဥပဒေပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်။ ထိုသို့ လုပ်ဆောင်ခြင်းသည် အိုင်စီတီကဏ္ဍတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများအတွက် ကြောင်းကျိုးဆီလျော်သည့် မူဘောင်နှင့် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် သင့်လျော်သော ကာကွယ်ပေးမှုများ ပါရှိရန်ဖြစ်သည်။

*မြန်မာနိုင်ငံတွင် အိုင်စီတီကဏ္ဍနှင့် အိုင်စီတီနည်းပညာများ အသုံးပြုသူများအပေါ် သက်ရောက်သည့်ဥပဒေ အများအပြားရှိပါသည်။ အဆိုပါ ဥပဒေအများအပြားသည် အစိုးရ၏ ရည်မှန်းချက်ကြီးသည့် ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းပြုပြင်ရေး လုပ်ဆောင်မှုများ၏ အစိတ်အပိုင်းဖြစ်သည်။ အိုင်စီတီကဏ္ဍအတွက် သီးသန့်လုပ်ဆောင်သော ဥပဒေများဖြစ်ရာ အဆိုပါဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ကဏ္ဍပိုမိုတိုးတက်ရေးကို အားပေးသင့်သည်။ တစ်ဖက်တွင်လည်း လူအများ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများ ထွန်းကားလာအောင် တွန်းအားပေးသင့်ပါသည်။ (အခန်း ၂ တွင် အိုင်စီတီအစိုးရအဖွဲ့အစည်းများ၊ မူဝါဒများနှင့် ဥပဒေရေးရာ မူဘောင်များကို ပိုမိုပြည့်စုံစွာ သိရှိနိုင်ရန် ဖတ်ရှုနိုင်ပါသည်။)*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

*လွတ်လပ်စွာပြောဆိုခွင့်နှင့် အသင်းဖွဲ့စည်းခွင့်*

- အိုင်စီတီနည်းပညာနှင့် ဝန်ဆောင်မှုများအသုံးပြုကာ ဆန္ဒထုတ်ဖော် ရေးသားပြောဆိုမှုများ တိုးပွားများပြားလျက်ရှိရာ **ဆန့်ကျင်ကန့်ကွက်မှုများနှင့် ဆန္ဒပြထုတ်ဖော်မှုများအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းကို ဖယ်ရှားရန် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်နှင့် ဆက်စပ်သည့် ဥပဒေကိုပြင်ဆင်ရန်။**
- **လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သည့် အဓိကျသော ဥပဒေများကို ပြင်ဆင်ရန်။** ယင်းအချက်များထဲတွင် ၁၉၀၈ ခုနှစ် မတရားအသင်း ဖွဲ့စည်းခြင်းဥပဒေ၊ ၁၉၅၀ အရေးပေါ်တားမြစ်သည့် အက်ဥပဒေ၊ ၁၉၂၃ တရားဝင် လျှို့ဝှက်ခွင့်အက်ဥပဒေနှင့် အမျိုးမျိုးသော ပြစ်မှုဆိုင်ရာ ပုဒ်မများ၊ အထူးသဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) တို့ ပါဝင်ပါသည်။
- **"ဆင်ဆာဖြတ်ခြင်းမှ ကင်းလွတ်ခွင့်"** နှင့် အစိုးရအား လွတ်လပ်စွာဝေဖန်ခွင့်ကိုပါ ခွင့်ပြုသည့် ၂၀၁၄ သတင်းမီဒီယာဥပဒေတွင် ပါဝင်သည့် ပုဒ်မ ၃ နှင့် ပုဒ်မ ၄ ကို အပြည့်အဝ အကောင်အထည်ရန်။ အွန်လိုင်း သတင်းထောက်များ အပါအဝင် သတင်းသမားများသည် မိမိတို့၏ တရားဝင်လုပ်ငန်းများကို တည်းဖြတ်ပိတ်ဆို့ခံရခြင်း သို့မဟုတ် ဖမ်းဆီးခံရခြင်းတို့အတွက် စိုးရိမ်ကြောက်ရွံ့စရာ မလိုဘဲ လုပ်ဆောင်နိုင်ရေးကို သေချာမှု ရှိစေရန်။

အခန်း ၄.၁ တွင် လွတ်လပ်စွာ ပြောဆိုခွင့် အတွက် ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။

*အလုပ်သမားရေးရာ ကိစ္စရပ်များ*

- နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ **အားလုံးအကျုံးဝင်မည့် အလုပ်သမားဥပဒေမူဘောင်တစ်ရပ် ချမှတ်ရန်။ ဥပဒေ၏အကာအကွယ်ပေးမှုသည်** ယာယီအလုပ်သမားများနှင့် ရွှေ့ပြောင်း အလုပ်သမားများအပါအဝင် အလုပ်သမားများအားလုံး ရရှိခံစားခွင့် ရှိစေရန်။ အိုင်စီတီကဏ္ဍတွင် မျှော်မှန်းထားသည့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာပြီး၊ အရည်အသွေးပြည့်မီသော မြန်မာနိုင်ငံသားအလုပ်သမားများကို လုပ်ငန်းခွင်တွင် မြဲအောင် ထိန်းထားနိုင်ရေးယှဉ်ပြိုင်မှုတို့ တိုးမြှင့်လာနိုင်သည်ဟု မျှော်မှန်းထားရာနှင့် အစိုးရက တာဝန်ခံထားသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ "ကောင်းမွန်သော လုပ်ငန်းခွင်" (decent work) အစီအစဉ်ကို အားဖြည့်လုပ်ဆောင်ခြင်းသည် အလုပ်သမားများနှင့် အိုင်စီတီကဏ္ဍမှ အလုပ်ရှင်များအတွက် အရေးကြီးသည့် အချက်ဖြစ်သည်။

- **ကုန်သွယ်ရေးသမဂ္ဂများ၏ လှုပ်ရှားမှုများတွင် ပါဝင်သည့် အလုပ်သမားများအား အကာအကွယ်ပေးခြင်းများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရန်။** ထိုသို့ လုပ်ဆောင်ခြင်းဖြင့် တရားဝင်ခွင့်ပြုထားသည့် ကုန်သွယ်ရေးသမဂ္ဂများ၏ လှုပ်ရှားခြင်းများတွင် ပါဝင်ခြင်းကိုအကြောင်းပြု၍ အလုပ်ရှင်များမှ အလုပ်ဖြုတ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများကို အလုပ်သမားများအနေဖြင့် ခံစားမှုမရှိရစေရန် ဖြစ်သည်။ အိုင်စီတီကဏ္ဍကဲ့သို့သော ကြီးထွားလာနေသည့် ကဏ္ဍများတွင် အလုပ်ခန့်ထားမှုများ ပိုမိုများပြားလာနိုင်သည်ဖြစ်ရာ အလုပ်သမားများအတွက် လုံလောက်သည့် ကိုယ်စားပြုမှု ရရှိစေရန်အတွက် ကဏ္ဍအဆင့်တွင် သမဂ္ဂများ ဖွဲ့စည်းနိုင်ရေးအတွက် ထောက်ပံ့ပေးရန်။ အလုပ်သမား ၃၀ နှင့် အထက်ရှိပါက လုပ်ငန်းခွင်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု ကော်မတီကို ဖွဲ့စည်းပေးရန် ဥပဒေကြောင်းအရ လိုအပ်ကြောင်းကို အဆိုပါအလုပ်ရှင်များ  သိရှိသတိပြုမိစေရေးကို တိုးမြှင့်လုပ်ဆောင်ရန်။
- အိုင်စီတီနှင့် သက်ဆိုင်သည့် ဘာသာရပ်များဖြင့် ဘွဲ့ရယူထားသော အမျိုးသမီး အများအပြားအတွက် တူညီသည့် အလုပ်အကိုင်အတွက် တန်းတူလစာဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် အားပေးခြင်းဖြင့် **အစိုးရအနေဖြင့် ကျား၊ မ တန်းတူညီမျှရေးအတွက် တာဝန်ယူကြောင်း ပြသရန်။**
- **လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး စစ်ဆေးသူများကို အန္တရာယ်ဖြစ်နိုင်မှု မြင့်မားသော လုပ်ငန်းခွင်များ** ဥပမာ ဆက်သွယ်ရေးကွန်ရက်တိုင်များ ဆောက်လုပ်ခြင်းနှင့် ဖိုင်ဘာကြိုးများတပ်ဆင်ရန် တူးနေသည့် မြောင်းများကဲ့သို့သော **နေရာများသို့ ပစ်မှတ်ထားပြီး ဝင်ရောက်စစ်ဆေးရန် တာဝန်ပေးသင့်ပါသည်။**

အခန်း ၄.၆ တွင် အလုပ်သမားရေးရာအတွက် ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။

*မြေယာအသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်း*

- **မကြာမီပြဌာန်းမည့် အမျိုးသားမြေအသုံးချမှု မူဝါဒ (National Land Use Policy)** သည် မြေယာပြန်လည်ပိုင်ဆိုင်ခွင့် နှင့် လူနည်းစုတိုင်းရင်းသား အခွင့်အရေးများ ကာကွယ်ပေးနိုင်ရန် **မြန်မာ့ဓလေ့ထုံးစံများ၊ မြေလွတ်မြေရိုင်းနှင့် အများဘုံပိုင် မြေယာပိုင်ဆိုင်မှုနှင့် အသုံးပြုမှု** အစီအစဉ်များအား ထည့်သွင်းစဉ်းစားမှုများကို သေချာစေရန်။
- **မြေယာများအသုံးချမှုအတွက် ကြောင်းကျိုးဆီလျော်သည့် ဥပဒေမူဘောင်တစ်ခုကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်နိုင်ရန်။** (ဥပမာ တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့် အုပ်ချုပ်မှုများအပေါ် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီး၏ စေတနာ့ဝန်ထမ်း လမ်းညွှန်ချက်များ၊ အမျိုးသား အစားအသောက် လုံခြုံရေးခေါင်းစဉ်အောက်ရှိ သစ်တောနှင့် ရေလုပ်ငန်းများ) မကြာမီပြဌာန်းမည့် အားလုံးခြုံငုံသော မြေယာဥပဒေများအတွင်း ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက်ပါ ထည့်သွင်းရေးဆွဲ တည်ဆောက်သွားရန်။ ယင်းအချက်များ တွင် ခွင့်ပြုထားသည့် လွှဲပြောင်းရယူခွင့်ဆိုင်ရာ ကိစ္စရပ်များအတွက် တိကျမှုနှင့် ရှင်းလင်းမှု ရှိစေပြီး တစ်ချိန်တည်းမှာပင် လက်ရှိ အသုံးပြုမှုနှင့် ပိုင်ဆိုင်မှု အခွင့်အရေး တို့အား အကာအကွယ်ပေးနိုင်စေရေးကို သေချာစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါ အချက်များတွင် မြေယာဆိုင်ရာ ဖြေရှင်းနည်းများကို အသက်ဝင်စေရန်အလို့ငှာ တည်ဆဲမြေယာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ စနစ်များကို ပြုပြင်ရန် လိုအပ်ပါသည်။
- ရိက္ခာဖူလုံရေးနှင့် မရိုးသားသည့် မြေယာ လွှဲပြောင်းရယူခြင်းများတို့မှ လယ်သမားများအား သင့်တော်သည့် ကာကွယ်ပေးမှုများရှိစေရန် **မြေယာ အမျိုးအစားခွဲခြား သတ်မှတ်ခြင်းနှင့် အသုံးပြုမှုလုပ်ငန်းစဉ်များ ချမှတ်ရာတွင် ရိုးရှင်းလွယ်ကူမှု ရှိစေရန်။** ယင်းအချက်များတွင် လယ်သမားများအနေဖြင့် မိမိတို့၏ မြေယာအစိတ်အပိုင်းများ အပေါ်တွင် မိမိတို့ အသက်ရှင်သန်နေထိုင်ရေးအတွက် အခြား အစားထိုးနည်းလမ်းများကို ရွေးချယ်လုပ်ကိုင်ခြင်းများကို ခွင့်ပြုရန် (ဥပမာ တယ်လီဖုန်း ဆက်သွယ်ရေးကိရိယာများအတွက် နှစ်ရှည်အငှားချပေးခြင်း) နှင့်/သို့မဟုတ် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်းများကို အားပေးနိုင်စေမည့် လုံလောက်ပျော့ပြောင်းမှုတို့ ရှိသင့်ပါသည်။

- ၄င်းတို့အောက်တွင် တစ်ဆင့်ခံစာချုပ်ဖြင့် လုပ်ငန်းလုပ်ကိုင်နေသူများ အပါအဝင် **တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်း လုပ်ကိုင်သူများအား** မြေယာဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်ရာတွင် **ကမ္ဘာ့ဘဏ်၏** မြန်မာ့ တယ်လီဖုန်းဆက်သွယ်ရေး သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီမံခန့်ခွဲမှုမူဘောင်နှင့် မြေယာနစ်ရှည် ငှားရမ်းမှု လမ်းညွှန်ချက်များကို လိုက်နာစေရန် တွန်းအားပေးခြင်း။
- **ဆက်သွယ်ရေးတိုင် အခြေခံအဆောက်အအုံများအား မျှဝေသုံးစွဲခြင်းကို အားပေးမြှင့်တင်ခြင်းဖြင့်** မြေယာရယူ အသုံးပြုမှုအပေါ် သက်ရောက်မှုများအား လျော့ချကာ လုပ်ငန်းများ မြန်ဆန်တွင်ကျယ်စေရန်။

အခန်း ၄.၇ တွင် မြေယာကိစ္စရပ်များအတွက် ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။

*ထိခိုက်မှုအန္တရာယ်ကြုံတွေ့နိုင်ဖွယ်ရှိသော လူမှုအဖွဲ့အစည်းများ*

- အွန်လိုင်းတွင် ကလေးသူငယ်များလုံခြုံရေးအတွက် ဥပဒေအရ အကာအကွယ် ပေးမှုအပါအဝင်၊ **ကလေးသူငယ် များအား အကာအကွယ်ပေးရေးအတွက် ပိုမိုပြည့်စုံသော မူဘောင်တစ်ရပ် ချမှတ်ရန်။** အစိုးရသည် ကုမ္ပဏီများနှင့် အခြားသော အစိုးရများထံသို့ ၄င်းတို့၏ အာဏာသက်ရောက်ရာနေရာများတွင် ကျင့်သုံးလုပ်ကိုင်လျက်ရှိသော အလေ့အကျင့်ကောင်းများနှင့် အတွေ့အကြုံများအား မျှဝေပေးရန် တောင်းခံခြင်းကို စဉ်းစားသင့်သည်။
- **အမျိုးသမီးများအား အွန်လိုင်းမှ ထိပါးနှောင့်ယှက်မှုများအား အကာအကွယ်ပေးခြင်းများကို** မကြာမီပြဌာန်းမည့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ် တားဆီးရေးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းစဉ်းစားသင့်သည်။

အခန်း ၄.၈ တွင် အန္တရာယ်ရင်ဆိုင်ရနိုင်သည့် လူအုပ်စုများအတွက် ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။

## ၄။ လူ့အခွင့်အရေးများကို လေးစားမှုရှိသော ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်းစံနစ်ကို ကျင့်သုံးခြင်းနှင့် အင်တာနက်ကို လွတ်လပ်စွာအသုံးပြုခွင့်ပြုခြင်းတို့ကို ဆက်လက် ထိန်းသိမ်းခြင်းဖြင့် မြန်မာနိုင်ငံအား ခေတ်သစ်ကာလ၏ "တင်းကြပ်စွာ စောင့်ကြည့်သည့် နိုင်ငံ" တစ်ခုအဖြစ် မရောက်ရှိစေရန်။

| ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက် အခြေခံမှုများ - နိုင်ငံနှင့် စီးပွားရေး လုပ်ငန်း ဆက်နွယ်မှု |
|---|
| *၅။ နိုင်ငံများသည် လူ့အခွင့်အရေးခံစားမှုအပေါ် အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရန် စီးပွားရေးလုပ်ငန်းများနှင့် စာချုပ် ချုပ်ဆိုထားလျှင်သော်လည်းကောင်း၊ တရားဝင်ခွင့်ပြုထားလျှင်သော်လည်းကောင်း ယင်းတို့၏ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အလို့ငှာ လုံလောက်သည့် ကြပ်မတ် ထိန်းသိမ်းမှုများ ပြုလုပ်သင့်ပါသည်။* |
| *၆။ နိုင်ငံများအနေဖြင့် ၄င်းတို့နှင့် ကူသန်းရောင်းဝယ်ရေး လုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေကြသည့် စီးပွားရေး လုပ်ငန်းအဖွဲ့ များ၏ လူ့အခွင့်အရေး လေးစားလိုက်နာမှုကို မြှင့်တင်ပေးသင့်သည်။* |

*မြန်မာအစိုးရသည် အိုင်စီတီကို အသုံးပြု၍ ပြည်တွင်း၊ ပြည်ပရှိ မြန်မာနိုင်ငံသားအား စောင့်ကြပ်ကြည့်ရှုသည့် အလေ့အထများကို ယခင်က လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ခေတ်ကာလနှင့်လျော်ညီသော ဥပဒေမူဘောင်တစ်ရပ် ဖြင့် အစိုးရ၏ စောင့်ကြပ်ကြည့်ရှုခွင့်ကို ကန့်သတ်ရန် လုပ်ဆောင်သင့်သည့်မှာ ကြာပြီဖြစ်သည်။ (အခန်း ၄.၄ တွင် စောင့်ကြပ်ကြည့်ရှုခြင်းအတွက် ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။)*

### အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **မကြာမီပြဌာန်းမည့် ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်း စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် မူဘောင်တစ်ရပ်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ** ဆောင်ရွက်မည်ဟု အစိုးရမှ ထုတ်ပြန်ကတိပြုထား သည့်အတိုင်း လိုက်နာဆောင်ရွက်ရန်။ နောက်ဆက်တွဲ တိုက်တွန်းအကြံပြုချက်များတွင် မကြာမီပြဌာန်းမည့်

စည်းမျဉ်းစည်းကမ်းများထဲ၌ ထည့်သွင်းသင့်သည့် အချက်များဖြစ်သော ကြားဖြတ်ရယူခြင်း လုပ်ငန်းစဉ်၏ အဆင့်တိုင်းအတွက် စဉ်းစားလုပ်ဆောင်ရမည့် အဓိကကျသည့်အချက်များကို ကြည့်နိုင်ပါသည်။ အခြားသော အိုင်စီတီဆိုင်ရာဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအတွက် မူကြမ်းများ ရေးဆွဲရာတွင် လုပ်ကိုင်သကဲ့သို့၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူကြမ်း (သို့မဟုတ်) မူဘောင်တိုင်းကို အများပြည်သူမှ မှတ်ချက်ပေးနိုင်ရန်အတွက် အနည်းဆုံး သီတင်းသုံးပတ် အချိန်ပေးရန်နှင့် တိုင်ပင်ဆွေးနွေးသည့် ဖြစ်စဉ်ကို အများကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်ရန်။

- **"လူအများအပြားအား စောင့်ကြပ်ကြည့်ရှုမှု" တားမြစ်ချက်ကို အများပြည်သူအား သိရှိစေရန်။** (ယေဘုယျလက်ခံထားသည်မှာ ဒုစရိုက်မှုလုပ်ဆောင်သည်ဟု ကြိုတင်သံသယမရှိဘဲ အသုံးပြုသူအများအပြား၏ ဆက်သွယ်ပြောဆိုခြင်းများကို စုဆောင်းခြင်းနှင့်/ သို့မဟုတ် ရယူခြင်းများကို ရည်ညွှန်းပါသည်။) အဆိုပါ ကတိကဝတ်ပြု လုပ်ဆောင်မှုကို မကြာမီပြဋ္ဌာန်းမည့် ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် မူဘောင်တွင် ထည့်သွင်းရေးဆွဲရန် လိုအပ်ပါသည်။ (သိသာထင်ရှားပြီး ကြိုတင်သေချာစွာ သတင်းရထားသော သံသယဖြစ်ဖွယ်ရာ ဒုစရိုက်မှုများကိုပစ်မှတ်ထားသည့် ကြားဖြတ်ရယူခြင်းမျိုးကိုသာ တရားဝင်ခွင့်ပြုသင့်ပါသည်။)

- ဆက်သွယ်မှုများအား စောင့်ကြည့်ရန်အတွက် **ထိရောက်စွာ ထောက်လှမ်းနိုင်ပြီး၊ အချက်အလက်များကို ကျူးကျော်ဝင်ရောက် ရယူနိုင်သောနည်းပညာများနှင့် အသုံးပြုခွင့် စည်းကမ်းသတ်မှတ်ပါရှိခြင်း မရှိသည့် ဆက်သွယ်ရေးဆိုင်ရာ စောင့်ကြည့်နိုင်သည့်နည်းပညာများကို ဝယ်ယူခြင်းမှ ရှောင်ကျဉ်ရန်။** မြန်မာ့ထောက်လှမ်းရေးလုပ်ငန်းများတွင် ထိုကဲ့သို့ လုပ်ဆောင်ခဲ့သော လုပ်နိုင်စွမ်းများ ယခင်ကရှိခဲ့သောကြောင့် ၎င်းတို့ကို အပြီးတိုင်ဖျက်သိမ်းရန် သို့မဟုတ် ထိုသို့အသုံးချမှုများကို စည်းမျဉ်းစည်းကမ်းများချမှတ်ရန်မှာ အလွန်ပင် ခက်ခဲပါသည်။ အစိုးရအနေဖြင့် ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်း အစိုးရအမိန့်ကို လိုက်နာရသည့် အိုင်စီတီကုမ္ပဏီများအသုံးပြုရန်အတွက် အစိုးရအနေဖြင့် ဥပဒေနှင့်အညီ ကြားဖြတ်ရယူရာတွင် နိုင်ငံတကာမှ စံနှုန်းများနှင့် ကိုက်ညီသော ဆော့ဖ်ဝဲနှင့် ကိရိယာ၊ မကိုက်ညီသော နည်းပညာ၊ ပစ္စည်းကိရိယာ စသည်ဖြင့် ခွဲခြားသတ်မှတ်ထားရန် လွန်စွာ အရေးကြီးပါသည်။ နိုင်ငံတကာ စံနှုန်းများနှင့် မကိုက်ညီသော ကုန်ပစ္စည်းများသည် စည်းကမ်းသတ်မှတ်ချက်များ မပါရှိရာ လူ့အခွင့်အရေးအတွက် အန္တရာယ်များရှိပါသည်။

## ၅။ အချက်အလက် ကာကွယ်ရေးစံနစ်များနှင့် ဆိုက်ဘာလုံခြုံရေးတို့ တိုးတက်ကောင်းမွန်လာစေရန်။

*လက်ရှိတွင် မြန်မာနိုင်ငံသည် ကုမ္ပဏီများအတွက် အချက်အလက် ကာကွယ်ခြင်းဆိုင်ရာ လိုအပ်ချက်များ သို့မဟုတ် စံနှုန်းများ သတ်မှတ်ထားခြင်း မရှိပါ။ အများပြည်သူ၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များနှင့် ပုဂ္ဂိုလ်ရေး အမှတ်အသားများကို ကာကွယ်ပေးခြင်းများ မရှိခြင်းသည် ကိုယ်ရေးကိုယ်တာ အချက်အလက်နှင့် လုံခြုံရေးဆိုင်ရာ ရပိုင်ခွင့်ကို လွန်စွာထိခိုက်မှုဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် ဆိုင်ဘာလုံခြုံရေးအတွက် အခြေခံအဆောက်အအုံများ တပ်ဆင်နေချိန်နှင့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ အခြေပြုတည်ဆောက်နေစဉ်တွင် လူ့အခွင့်အရေးကိုကာကွယ်ထားရှိမှုများနှင့် ဆိုင်ဘာဒုစရိုက်မှုများကို တွန်းလှန်တိုက်ခိုက်ရန် တရားဝန်လိုအပ်ချက်များသည် ဘက်မျှစေရန် အရေးကြီးပါသည်။ (အခန်း ၄.၅ တွင် ဆိုက်ဘာလုံခြုံရေးအတွက် ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။)*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **ကုမ္ပဏီများနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးပြုသူများ၏ အချက်အလက်များကို စုဆောင်းခြင်း၊ စိစစ်ခြင်း သို့မဟုတ် မျှဝေခြင်းတို့ လုပ်ကိုင်ရာတွင် အချက်အလက် ကာကွယ်ရေးဆိုင်ရာ ရှင်းလင်းသော စံနှုန်းများကို တည်ဆောက်ရန်။** ထိုစံနစ်များတွင် အချက်အလက် လုံခြုံရေးဆိုင်ရာစံနှုန်းများနှင့် ကိုယ်ရေးကိုယ်တာ အချက်လက်လုံခြုံရေးဆိုင်ရာ မူဝါဒများကို အများပြည်သူ သိရှိနိုင်စေရေးလုပ်ဆောင်ခြင်း၊ အသုံးပြုသူများအား ၎င်းတို့၏

အချက်အလက်များကို အသုံးပြုမှုအတွက် ကြိုတင်အကြောင်းကြား သဘောတူညီမှုရယူခြင်းနှင့် နစ်နာမှုများ ရှိပါက တိုင်းကြားနိုင်သည့်စံနစ်များ ထားရှိခြင်းနှင့် လုံခြုံရေးအတွက် လိုက်နာမည့် အခြေခံစံနှုန်းများ ထားရှိခြင်း တို့ ပါဝင်သင့်ပါသည်။

- **ဆိုင်ဘာလုံခြုံရေး၏ အရေးကြီးမှုကို အသုံးပြုသူများ ပိုမိုသိရှိစေရေး ပညာပေးမှုများ လုပ်ဆောင်ရန်**နှင့် ရှင်းလင်း တိကျသည့် ဆက်သွယ်မှုများဖြင့် ဒီဂျစ်တယ်နည်းပညာ နားလည်တတ်မြောက်မှု တည်ဆောက်ရန်။ အသုံးပြုသူ များအတွက် အခြေခံကျပြီး အကောင်းမွန်ဆုံးသော အလေ့အထများကို မြန်မာကွန်ပျူတာ အရေးပေါ်တုန့် ပြန်ရေးအဖွဲ့ (Myanmar Computer Emergency Respond Team - MCERT) နှင့် ပူးပေါင်းဆောင်ရွက်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရန်။
- **တစ်စုံတစ်ယောက်မှ အချက်အလက် လုံခြုံရေးအတွက် ကာကွယ်ပေးသော ကိရိယာများ (Encryption tools) အသုံးပြုခြင်းကို ဒုစရိုက်မှုအဖြစ် မသတ်မှတ်ရန်။** အချက်အလက် လုံခြုံရေးအတွက် အကာအကွယ်ယူမှုသည် ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာ လုံခြုံရေးအတွက်သာမက လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်သူများ၏ လုံခြုံရေးအတွက်ပါ မရှိမဖြစ် လိုအပ်ပါသည်။ အချက်အလက် လုံခြုံရေးအတွက် အကာအကွယ်ယူမှုဆိုင်ရာအား ခွဲခြားမှုမရှိဘဲ အားလုံးတားမြစ်ခြင်းနှင့် အမည်မဖော်ဘဲ ဆက်သွယ်ဆောင်ရွက်ခြင်းတို့အား တားမြစ်ခြင်းများသည် လိုအပ်သည့် လုပ်ဆောင်ချက် တစ်ခုမဟုတ်ပါ၊ နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ သင့်လျော်သည့် တုန့်ပြန်ခြင်းကို လုပ်ဆောင်ရန်သာ လိုအပ်ပါသည်။
- အသုံးပြုသူများ၏ တိုင်ကြားချက်များကို လက်ခံရယူနိုင်ပြီး၊ အချက်အလက်နှင့် ကိုယ်ရေးကိုယ်တာ လုံခြုံရေးအား အကာအကွယ်ပေးရေးကို ကြီးကြပ်နိုင်မည့် **အမျိုးသားအချက်အလက်ဆိုင်ရာ အကာအကွယ်ပေးရေး အာဏာ ပိုင်အဖွဲ့အား (National Data Protection Authority) တည်ထောင်နိုင်ရန် စဉ်းစားသင့်ပါသည်။**

## ၆။ ခေတ်ကာလနှင့်လျော်ညီသော သတင်းလွတ်လပ်ခွင့် ဥပဒေတစ်ခုဖြင့် လွတ်လပ်ပွင့်လင်းသည့် ဆက်သွယ်ရေးများရှိရေးအတွက် တာဝန်ယူလုပ်ဆောင်လျက် ရှိကြောင်းပြသရန်နှင့် အစိုးရတစ်ဖွဲ့လုံးတွင် အဓိပ္ပာယ်ပြည့်ဝသည့် ပွင့်လင်းမြင်သာသောစနစ်များ တည်ဆောက်ရန်။

*အစိုးရသည် ပွင့်လင်းစွာ ပူပေါင်းဆောင်ရွက်သည့် အစိုးရအဖွဲ့ (Open Government Partnership - OGP) တွင် ပါဝင်ခြင်းဖြင့် ကြိုဆိုရမည့်လုပ်ဆောင်မှုမျိုးကို ဆောင်ရွက်ခဲ့သလို၊ နည်းပညာအသုံးပြု အုပ်ချုပ်ရေးလုပ်ငန်းများ (e-Governance) မဟာစီမံကိန်းဖြင့် အစိုးရ၏ အုပ်ချုပ်မှုရေးရာလုပ်ငန်းများကို ခေတ်ကာလနှင့် လျော်ညီစေရန် လုပ်ဆောင်ခဲ့ပါသည်။ e-Governance လုပ်ဆောင်ချဉ်းကပ်မှုများကို ယုံကြည်မှုရှိစေရန်အတွက် အဆိုပါလုပ်ငန်း ဆောင်ရွက်မှုများထဲ၌ ကိုယ်ရေးကိုယ်တာ အချက်အလက်လုံခြုံမှုဆိုင်ရာ အခွင့်အရေးများကို အကာအကွယ်ပေးသည့် အချက်များအား ထည့်သွင်းရေးသည် အရေးကြီးသည့် လုပ်ဆောင်မှုတစ်ခုဖြစ်လာပြီး၊ ယင်းလုပ်ဆောင်မှုသည် အိုင်စီတီဝန်ဆောင်မှုများနှင့် တီထွင်ဆန်းသစ်မှုများအား အဓိကမောင်းနှင်မည့် အချက်တစ်ခု ဖြစ်လာနိုင်ပါသည်။ (အခန်း ၄.၁ တွင် လွတ်လပ်စွာ ပြောဆိုခွင့်အတွက် ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။)*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **ပွင့်လင်းမြင်သာမှုရှိရေး**သို့ လှမ်းမည့် အခြားသော ခြေလှမ်းများအဖြစ် **ခေတ်ကာလနှင့် လျော်ညီသော လွတ်လပ်စွာ သတင်းယူခြင်းအက်ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးရန်** (ဥပမာ ၂၀၁၆ တွင် ပွင့်လင်းစွာ ပူပေါင်းဆောင်ရွက်သည့် အစိုးရအဖွဲ့ (OGP) ဝင်ခြင်း၊ သဘာဝသယံဇာတများ တူးဖော်ရေးဆိုင်ရာ လွတ်လပ်ပွင့်လင်းမှု ဖော်ဆောင်ရေး (Extractives Industries Transparency Initiative – EITI) အဖွဲ့ဝင်ဖြစ်ရန် လျှောက်ထားခြင်းနှင့် ပွင့်လင်း မြင်သာသည့် လုပ်ပိုင်ခွင့်များ ချပေးသည့်ဖြစ်စဉ်များ လုပ်ဆောင်ခြင်း)။ အကယ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အား ပြင်ဆင်ဖြည့်စွက်မည်ဆိုလျှင် အစိုးရမှ သိုမှီးထားသည့် သတင်းအချက်အလက်များအား အများပြည်သူမှ ရယူနိုင်ခွင့်အား အခြေခံဥပဒေဖြင့် အာမခံချက်ပေးသည့်အချက်ကို ထည့်သွင်းရေးစွဲရန်။

- ကိုယ်ရေးကိုယ်တာ အချက်အလက်လုံခြုံရေး/အချက်အလက် ကာကွယ်ရေးအတွက် လိုအပ်ချက်များနှင့် စောင့်ကြပ်ကာကွယ်ပေးခြင်းများကို e-Governance လုပ်ငန်းစဉ်များနှင့် အချက်အလက် လွတ်လပ်ပွင့်လင်းရေးအစပျိုးဆောင်ရွက်သည့် လုပ်ငန်းများတွင် ထည့်သွင်းရန်။

- **သတင်းအချက်အလက် ရယူခြင်းမှုဆိုင်ရာအတွက် လိုအပ်သည့် စည်းမျဉ်းများကို ပွင့်လင်းစွာပူပေါင်းဆောင်ရွက်ရေးအစိုးရအဖွဲ့ (OGP) ၏ အခြေခံမူများနှင့် တစ်သားတည်းဖြစ်အောင် တာဝန်ယူဆောင်ရွက်ရန်။** ထိုသို့ လုပ်ဆောင်ရာတွင် အစိုးရဌာနတိုင်းရှိ သိုမှီးထားသော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း (ယင်းအချက်များသည် အစိုးရ၏ လုပ်ငန်းလုပ်ဆောင်မှု သတင်းများထက် ပိုမိုကျယ်ပြန့်သင့်ပါသည်။)၊ သတင်းအချက်အလက်များကို ထုတ်ပြန်ရာတွင် စောလျင်စွာ ထုတ်ပြန်ခြင်းနှင့် တုန့်ပြန်ကြေညာခြင်း၊ သတင်းအချက်အလက်ရယူပိုင်ခွင့်အခွင့်အရေးဆိုင်ရာ စနစ်များကို အားကောင်းခိုင်မာစေခြင်းနှင့် အစိုးရသတင်းအချက်အလက်များကို လွယ်ယူစွာရယူနိုင်ရေး ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။

- **အချက်အလက်များ လွတ်လပ်စွာရယူနိုင်မည့် အနစ်သာရရှိသော အခြေခံမူများကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရေးအား တာဝန်ယူဆောင်ရွက်ရန်။** (လက်ရှိလုပ်ဆောင်နေသည့် အမျိုးသားအဆင့် e-Governance လုပ်ငန်းများအပါအဝင် - ဥပမာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန (MCIT) နှင့် ကမ္ဘာ့ဘဏ်တို့မှလုပ်ဆောင်မည့် အများနှင့်သက်ဆိုင်သော နိုင်ငံသားများ၏ အချက်အလက်များအား ဝန်ဆောင်မှုပေးသည့် အင်တာနက်စာမျက်နှာ (Common Citizen Service Data Portal)) မိုဘိုင်းလ်ဖုန်း သုံးစွဲမှု တိုးပွားလာနေသော များပြားလာသည်ဖြစ်ရာ အစိုးရ၏ အချက်အလက် ထုတ်ပြန်ရေးလုပ်ငန်းများသည် အသုံးပြုသူများအတွက် ရင်းနှီးလွယ်ကူမှုရှိရေးနှင့် မိုဘိုင်းလ်ကိရိယာများမှ လွယ်ကူစွာရယူ အသုံးပြုနိုင်ရေးအတွက် သေချာစေရန်။

- တီထွင်ဆန်းစစ်မှုများကို အားပေးပြီး၊ လူမှုရေးမူဝါဒများကို ပိုမိုကောင်းမွန်စေကာ၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ တာဝန်ယူတာဝန်ခံမှုတို့အား မြှင့်တင်ပေးအားပေးသည့် **တန်ဖိုးမြင့်အချက်အလက်များအား ရှာဖွေသတ်မှတ်ဖော်ထုတ်နိုင်ရန် လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများနှင့် တိုင်ပင်ဆွေးနွေးမှုများကို အများပြည်သူသိရအောင် ပြုလုပ်ရန်။**

## ၇။ မြန်မာနိုင်ငံ တစ်ဝန်းလုံး ဆက်သွယ်ရေးဝန်ဆောင်မှုများရရှိရေး အကောင်အထည်ဖော်မည့် အစီအစဉ်အား အရှိန်တိုးမြှင့် လုပ်ဆောင်ရန်။

*မကြာသေးခင် ကာလများအထိ မြန်မာနိုင်ငံသည် မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက် ရယူအသုံးပြုနိုင်မှု နိုင်ငံတကာဇယားတွင် အောက်ဆုံးမှရပ်တည်ခဲ့သည်။ ယခုအခါ ဆက်သွယ်ရေးဝန်ဆောင်မှုနည်းပညာများ အသုံးပြုမှုနှုန်းသည် လျင်လျင်မြန်မြန် အရှိန်အဟုန်ဖြင့် တိုးတတ်လျက်ရှိသည်။ သို့သော် ကျေးလက်ဒေသများ အပါအဝင် မြန်မာပြည်ဒေသအသီးသီးနေထိုင်ကြသူများအားလုံး ဆက်သွယ်ရေးနည်းပညာများ ရရှိအသုံးပြုနိုင်ရေးမှာ နှစ်ကာလ အတန်ကြာနိုင်ပါသည်။ အစိုးရအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံး ဆက်သွယ်မှုရရှိရေး သဘောတူညီချက်တစ်ခုကို လက်ရှိလုပ်ကိုင်နေသော တယ်လီဖုန်းဝန်ဆောင်မှု ပေးသူများနှင့် အကြမ်းဖျင်း သဘောတူညီချက်တစ်ခု ရှိပါသည်။ ၄င်းအချက်မှာ ဆက်သွယ်ရေးနှင့် နည်းပညာဝန်ကြီးဌာနမှ ကြီးကြပ်အကောင်အထည်ဖော်မည့် တစ်နိုင်ငံလုံး ဝန်ဆောင်မှုရရှိရေး ရန်ပုံငွေ (Universal Service Fund)သို့ တစ်နှစ်လုံးဝင်ငွေ၏ ၂ ရာခိုင်နှုန်းကို ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးချင်းစီမှ နှစ်စဉ်ထည့်ဝင်ရန် ဖြစ်သည်။ အဆိုပါရန်ပုံငွေသို့ ထည့်ဝင်မှုကို ကွန်ရက်အောင်မြင်စွာတပ်ဆင်မည့် ၃ နှစ်ကာလပြီးဆုံးချိန်မှစတင်၍ ထည့်ဝင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် အင်တာနက် အသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Alliance for Affordable Internet - AFAI) သို့ ဝင်ရောက်ခဲ့ပါသည်။ အိုင်စီတီဝန်ဆောင်မှုအား ရယူအသုံးပြုခြင်း၏ အကျိုးကျေးဇူးကို နိုင်ငံအတွင်း နေထိုင်သူများ၏ ရာခိုင်နှုန်းအများအပြားမှ ခံစားနိုင်စေရန် အလို့ငှာ ဘက်ပေါင်းစုံရှိ အဖွဲ့အစည်းပေါင်းစုံမှ ပိုင်းဝင်းပါဝင်၍ တီထွင်ဆန်းသစ်သောနည်းလမ်းများကို အသုံးပြုကာ ကွန်ရက်တပ်ဆင်သည့် ဝန်ဆောင်မှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်ရေး ပါဝင်နိုင်ပါသည်။ (အခန်း ၃ တွင် ကဏ္ဍ၏သက်ရောက်မှုကို ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။)*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **တယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းပေးသူများ လိုက်နာရမည့် လက်ရှိနိုင်ငံတစ်ဝန်း ကွန်ရက်တပ်ဆင်မှုလုပ်ငန်းစဉ်၏ လိုအပ်ချက်များကို** ၎င်းတို့၏ လက်ရှိတိုးတက်မှုများနှင့် ယှဉ်၍ **အများပြည်သူသိရှိနိုင်အောင် ချပြရန်။**
- **ကျေးလက်ဒေသများသို့ ချိတ်ဆက်မှုများတိုးချဲ့နိုင်ရေး** [ကမ္ဘာ့ဘဏ်မှ ထောက်ပံ့သည့် စီမံကိန်းမှ](#) ရရှိသည့် သင်ခန်းစာများပေါ်တွင် အခြေပြုတည်ဆောက်ရန်။
- ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဆိုင်ရာဥပဒေ၏အခန်း(၁၅)ကိုအကောင်အထည်ဖေါ်ခြင်းကိုပထမခြေလှမ်းအနေဖြင့် **အားလုံးအတွက် ဝန်ဆောင်မှုပေးနိုင်ရေး နည်းဗျူဟာတစ်ခုကို စတင်ဖော်ဆောင်ရန်။** အားလုံးအတွက် ဝန်ဆောင်မှုပေးမည့် နည်းဗျူဟာနှင့် ရန်ပုံငွေဆိုင်ရာကိစ္စရပ်များအတွက် တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုများ (မိုဘိုင်းလ်နှင့် မြန်နှုန်းမြင့်အင်တာနက် ဝန်ဆောင်မှုနှစ်ခုစလုံး) ကွန်ရက်တပ်ဆင်မှု၏ ဦးစားပေးနယ်မြေ သတ်မှတ်နိုင်ရေး တိုင်းရင်းသားလူနည်းစုများနှင့် အခွင့်အလမ်းနည်းပါးသော လူအုပ်စုများ - ဥပမာ မသန်စွမ်းသူများ - အပါအဝင် လူပေါင်းစုံနှင့် ကျယ်ပြန့်စွာဖြင့် တိုင်ပင်ဆွေးနွေးရန်။
- **မြန်မာအစိုးရမှ ဈေးနှုန်းသက်သာစွာဖြင့် အင်တာနက်အသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်မှု (AFAI)ကို ကတိပြုထားသည့်** မြန်နှုန်းမြင့်အင်တာနက်အား ရယူအသုံးပြုနိုင်သည့် ဈေးနှုန်းဖြစ်သော အထူးသဖြင့် ကျေးလက်နေပြည်သူလူထု တစ်လဝင်ငွေ၏ ၅ ရာခိုင်နှုန်းအောက်ဖြင့် ရယူနိုင်ရေးကို အားလုံးအတွက် ဝန်ဆောင်မှုပေးနိုင်ရေး ရန်ပုံငွေမှ မည်သို့ထောက်ပံ့ပေးနိုင်မည်ဆိုသည့်အချက်ကို ရှင်းလင်းအောင် ဆောင်ရွက်ရန်။
- **အားလုံးအတွက် ဝန်ဆောင်မှုပေးနိုင်ရေး ရန်ပုံငွေကို ဒေသအခြေပြု တယ်လီဖုန်း ဆက်သွယ်ရေးကွန်ရက်အား ထောက်ပံ့ပေးရာတွင် ခွဲဝေသုံးစွဲနိုင်ရေး**နှင့် လက်တလော ကာလအတွင်း တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှု ရယူနိုင်ခြင်းမရှိသော ကျေးလက်ဒေသများတွင် အသုံးပြုနိုင်မည့် ကြိုးမဲ့အင်တာနက် ဆက်သွယ်မှုလိုင်းများကို တပ်ဆင်ပေးနိုင်ရေးတို့ကို **ထည့်သွင်းစဉ်းစားရန်။** ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် ချိတ်ဆက်ဆက်သွယ်မှု၏ အစွန်ဆုံးဒေသအထိတိုင် ဈေးနှုန်းသက်သာသည့် ဒေသအခြေပြု တယ်လီဖုန်းဆက်သွယ်ရေး ကွန်ရက်များ တိုးမြှင့်တည်ဆောက်ရေးကို အထောက်အကူ ဖြစ်စေပါသည်။

## ၈။ အသုံးပြုသူများ၏ ဒီဂျစ်တယ်နည်းပညာ နားလည်တတ်မြောက်နှုန်း တိုးပွားစေရန်နှင့် အိုင်စီတီနည်းပညာများကို မှန်ကန်စွာသုံးစွဲရန်အတွက် အသိပညာပေးခြင်း။

*မြန်မာနိုင်ငံတွင် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းမှ အပြောင်းအလဲဖြစ်စေမည့် ကောင်းကျိုးများစွာကို ဆောင်ကြဉ်းပေးနိုင်စရန် အစိုးရအနေဖြင့် ပြည်သူများအားလုံး ဖွံ့ဖြိုးလာသည့် နိုင်ငံ၏သတင်းနည်းပညာ အသိုက်အဝန်းတွင် ပါဝင်နိုင်စေရေး လုပ်ဆောင်ပေးရမည် ဖြစ်ပါသည်။ အဆိုပါ နည်းပညာဝန်ဆောင်မှုများကို မှန်ကန်စွာအသုံးပြုရန်လိုအပ်ပါသည်။ သို့မှသာ ပြင်ပလောကတွင် ဖြစ်ပွားနေသော အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများ အွန်လိုင်းပေါ်တွင် ပိုမိုချဲ့ကားကာ ပြန့်ပွားရောက်ရှိလာခြင်းမျိုး မဖြစ်ပွားရန်ဖြစ်သည်။ ထိုသို့ မဖြစ်ပွားရန် အစိုးရအပါအဝင် ထင်မြင်ချက်ပေးသူများက ခိုင်ခိုင်မာမာရပ်တည် ပြောဆိုမှုများ လိုအပ်ပါသည်။ အိုင်စီတီနှင့် ထိတွေ့ဆက်ဆံမှုသည် မြန်မာပြည်သူအများစုအတွက် အတွေ့အကြုံသစ်တစ်ခု ဖြစ်နေပါသည်။ သို့ဖြစ်ရာ အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုအသိုက်အဝန်းများမှ ပညာပေးအစီအစဉ်များ ပံ့ပိုးခြင်း၊ မြိမ်းခြောက်မှုအန္တရာယ်များမှ မည်သို့ကာကွယ်ရမည်ကို လေ့ကျင့်သင်ကြားပေးခြင်းများကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။ (အခန်း ၃ တွင် ကဏ္ဍအလိုက် သက်ရောက်မှုနှင့် အခန်း ၄.၃ ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံရေးအတွက် ပိုမိုပြည့်စုံစွာ ဖတ်ရှုနိုင်ပါသည်။)*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **အိုင်စီတီနည်းပညာ၊ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံမှ အသုံးပြုသူများအတွက် ဒေသသုံးဖြစ်အောင် လုပ်ဆောင်ရန်။** ဆိုလိုသည်မှာ အချက်အလက်များနှင့် စာသားများအပါအဝင် နည်းပညာများနှင့် ပါဝင်သည့် အကြောင်းအရာများကို မြန်မာဘာသာအပြင်၊ နိုင်ငံတွင်းအသုံးပြုသော အခြားဘာသာစကားပေါင်းစုံဖြင့် ရရှိစေရန် လုပ်ဆောင်သင့်ပါသည်။ အစိုးရအနေဖြင့် ကွန်ပျူတာဆိုင်ရာ ကိရိယာပစ္စည်း (hardware) များ၊ ဆော့ဖ်ဝဲလ်များ၊ ပညာရေး အထောက်အကူပြုပစ္စည်းများ၊ အသုံးပြုမှုလမ်းညွှန်များ၊ အခြားဆက်စပ်အရာများ အားလုံးကို မြန်မာနိုင်ငံတွင် အများအသုံးပြုသည့် ဘာသာစကားများဖြင့် ဖော်ပြနိုင်ရေးကို အလေးထားလုပ်ဆောင်သင့်ပါသည်။
- **အသိပညာပေးလှုပ်ရှားမှုများနှင့် ကလေးသူငယ်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် အင်တာနက်လုံခြုံရေးနှင့် သုံးစွဲမှု အလေ့အထများဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုများအား ထောက်ပံ့ပေးသွားရန်။**
- **"အမုန်းစကားပြောဆိုမှု"များကို လက်မခံကြောင်းကို လူထုအများသိရှိစေရန် နိုင်ငံရေးပါတီအားလုံးနှင့် အစိုးရ၏ ထိပ်ပိုင်းအရာရှိများမှထုတ်ဖော်ပြောဆိုရန်။** အမုန်းစကားပြောဆိုမှုများသည် အွန်လိုင်းတွင် အလျင်အမြန် ပြန့်နှံ့ပြီး အကြမ်းဖက်မှုများကို အားပေးရာတွင် အသုံးပြုလေ့ရှိကြပါသည်။ မြန်မာအစိုးရအနေဖြင့် အသုံးပြုသူများ "အမုန်းစကားပြောဆိုမှု"များကို တုန့်ပြန်ပြောဆိုခြင်းများကို ဦးတည်သည့် ကြိုးစားအားထုတ်မှုများကို တက်တက်ကြွကြွ အားပေးလုပ်ဆောင်သင့်သည်။ ဥပမာအားဖြင့် ရဲဌာန၏အကူအညီဖြင့် မှန်ကန်မှုမရှိသည့် ကောလဟလ များကို ထုတ်ဖော်ဖွင့်ချခြင်းနှင့် ငြိမ်းချမ်းစွာထုတ်ဖော်ပြောဆိုမှုများကို အားပေးခြင်းအပါအဝင် အသုံးပြုသူများ သည် အမုန်းစကားပြောကြားမှုများကို ချေပပြောဆိုခြင်းများအား ထောက်ခံအားပေးသင့်ပါသည်။
- အလုပ်ရှင်များ၏ လိုအပ်ချက်ကို ပြည့်မီစေရန် **ခေတ်ကာလနှင့် ကိုက်ညီသော အိုင်စီတီ သင်ရိုးညွှန်းတန်းများကို တက္ကသိုလ်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးတွင် ထည့်သွင်းသည့် လူထုပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးလုပ်ဆောင်ရန်။**

### ၉။ လုပ်ငန်းများကြောင့် နစ်နာမှုများရှိပါက မည်သူမဆို တိုင်ကြားနိုင်သည့် ယန္တရားများကို ကုမ္ပဏီများက ထားရှိပေးရန် လိုအပ်ချက်လိုက်နာစေရန်နှင့် အဆိုပါယန္တရားများ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ထုတ်ပြန်ပေးရန် အပါအဝင် အိုင်စီတီကဏ္ဍတွင် တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းဆိုင်ရာ အလေ့အထများကို လိုက်နာမှုများ အားကောင်းစေရန်။

| ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက် အခြေခံမှုများ - ထိရောက်သော ပြန်လည်ကုစားမှု ရပိုင်ခွင့် |
|---|
| *၂၅။ စီးပွားရေးနှင့် ဆက်နွယ်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ရန် ၄င်းတို့၏ လုပ်ငန်းတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံများသည် တရားရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ သို့မဟုတ် အခြားသင့်တော်သော ယန္တရားများ ဖြင့် ၄င်းတို့၏ပိုင်နက်နယ်မြေများ အတွင်းနှင့်/သို့မဟုတ် စီရင်ပိုင်ခွင့် နယ်ပယ်အတွင်း အဆိုပါ ချိုးဖောက်မှုများ ပေါ်ပေါက် လာသည့်အခါ ထိခိုက်ခံစားရသူများအား ထိရောက်သော ပြန်လည်ကုစားမှုပေးရေး အာမခံရန် သင့်လျော်သော လုပ်ငန်း အဆင့်များကို ချမှတ်ဆောင်ရွက်ရမည် ဖြစ်သည်။* |
| *ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် အခြေခံမှုများ - မူဝါဒများသဟဇာတ ဖြစ်မှုနှင့် တိကျခိုင်မာမှုရှိစေရန် ဆောင်ရွက်ခြင်း။* |
| *၂၉။ နစ်နာမှုများကို စောလျင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် တိုက်ရိုက် ပြန်လည်ကုစားပေးနိုင်ရန်တို့အတွက် စီးပွားရေး လုပ်ငန်းများအနေဖြင့် ဆိုးရွားစွာ ထိခိုက်ခံစားနိုင်ရသည့် လူပုဂ္ဂိုလ်များနှင့် ရပ်ကွက်လူထုများအတွက် ထိရောက်မှုရှိသော (လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုအဆင့် ရပ်ရွာပြည်သူနှင့် တိုက်ရိုက်ချိတ်ဆက်၍ ထိခိုက်မှု စိုးရိမ်မှုများ ဖော်ထုတ်ဖြေရှင်း ရေး ယန္တရားများ) (operational level grievance mechanisms) ကို တည်ဆောက်ခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်သင့်ပါသည်။* |

**ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက် အခြေခံမူများ - အစိုးရ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ဆောင်မှု ယန္တရားများ - တရားရေးနှင့်ပတ်သက်မှု မရှိသော နစ်နာမှုဖြေရှင်းဆောင်ရွက်ပေးရေးဆိုင်ရာ ယန္တရားများ ထိရောက်မှုရှိခြင်းဆိုင်ရာ စံနှုန်းများ။**

၃၁။ နိုင်ငံတော်၌ အခြေပြုသော (နှင့်) နိုင်ငံတော်၌ အခြေပြုခြင်း မဟုတ်သော တရားရေးနှင့်ပတ်သက်မှုမရှိသည့် နစ်နာမှု ဖြေရှင်းဆောင်ရွက်ပေးရေးဆိုင်ရာ ယန္တရားများ ထိရောက်မှုရှိခြင်းကို အာမခံချက်ပေးနိုင်ရန် အောက်ပါစံနှုန်းများ ရှိသင့်ပါသည်။

(က) တရားဝင် လက်ခံမှု - ယန္တရားများ အသုံးပြုရန် ရည်ရွယ်ထားသည့်သူများ ဖြစ်သည့် ပါဝင်ပတ်သက်သူ အုပ်စုများထံမှ ယုံကြည်မှုရရှိခြင်းနှင့် နစ်နာမှုဖြေရှင်းခြင်းဆိုင်ရာ ဖြစ်စဉ်များကို တရားမျှတမှုရှိစွာ ဆောင်ရွက်ရန်အတွက် တာဝန်ယူမှုရှိခြင်း။

(ခ) လက်လှမ်းမီ၊ အသုံးပြုနိုင်မှု - ၎င်းတို့ ရည်ရွယ်ထားသော အသုံးပြုသူများဖြစ်သည့် ပါဝင်ပတ်သက်သူ အုပ်စုများအားလုံး သိရှိရန်နှင့် လက်လှမ်းမီ၊ အသုံးပြုနိုင်ရန် အတားအဆီးတစ်စုံတစ်ရာ တွေ့နိုင်သူများအတွက် လုံလောက်သော အကူအညီပေးရန်။

(ဂ) ကြိုတင်ခန့်မှန်းနိုင်မှု - အဆင့်တိုင်းအတွက် ရည်ညွှန်းအချိန်ကာလ ဘောင်တစ်ခုနှင့်အတူ ရှင်းလင်းတိကျပြီး အများသိနိုင်သည့် လုပ်ထုံးလုပ်နည်းတစ်ရပ် ဖြည့်ဆည်းပေးရန်နှင့် လုပ်ငန်းစဉ် အမျိုးအစားများ ရရှိနိုင်သော ရလဒ်များနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ စောင့်ကြည့်လေ့လာရေး နည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတိကျမှုရှိခြင်း။

(ဃ) တရားမျှတမှု သာတူညီမျှမှု - ထိခိုက်နစ်နာရသူများအနေဖြင့် ထိခိုက်နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်တွင် တရားမျှတသော၊ သတင်းအချက်အလက် ရရှိသော၊ လေးစားမှုပြသသော အခြေအနေအောက်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်၊ အကြံဉာဏ်နှင့် ကျွမ်းကျင်မှုအရင်းအမြစ်များကို သင့်တင့်လျောက်ပတ်စွာ ရရှိစေရေး အာမခံရန် ကြိုးပမ်းအားထုတ်ခြင်း။

(င) ပွင့်လင်းမြင်သာမှု - နစ်နာမှုများ ကုစားရေးတောင်းဆိုမှုတွင် ပါဝင်သည့် လူများ၊ အုပ်စုများအား ၎င်းတို့၏ ဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်၍ သတင်းအချက်အလက်ပေးခြင်းနှင့် ထိရောက်မှုရှိခြင်းကို ယုံကြည်စေရန် ပါဝင်ပတ်သက်သည့် ပြည်သူ၏အကျိုးစီးပွားကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယန္တရားများ၏ စွမ်းဆောင်မှုနှင့် ပတ်သက်၍ လုံလောက်သော သတင်းအချက်အလက်များပေးခြင်း။

(စ) အခွင့်အရေးများနှင့် ကိုက်ညီမှုရှိခြင်း - ရလဒ်များနှင့် ပြန်လည်ကုစားပေးခြင်းများသည် နိုင်ငံတကာ အသိအမှတ်ပြုလူ့အခွင့်အရေးများနှင့် ကိုက်ညီမှုရှိစေရန် အာမခံချက်ပေးခြင်း။

(ဆ) စဉ်ဆက်မပြတ် လေ့လာသင်ယူမှုအတွက် အရင်းအမြစ်တစ်ခု - အနာဂါတ်တွင် ဖြစ်ပေါ်လာနိုင်သည့် နစ်နာမှုများနှင့် ထိခိုက်မှုများကို ကာကွယ်တားဆီးရန်နှင့် ယန္တရား ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် သင်ခန်းစာများ ဖော်ထုတ်ရန် ဆီလျော်မှုရှိသော လုပ်ငန်းများကို အသုံးပြုခြင်း။

လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုဆိုင်ရာအဆင့် နစ်နာမှုဖြေရှင်းရေး ယန္တရားများသည်-

(ဇ) ချိတ်ဆက်ဆောင်ရွက်မှုနှင့် အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုအပေါ် အခြေပြုသင့်ပါသည်။ ရည်ရွယ်ထားသော အသုံးပြုသူများဖြစ်သည့် ပါဝင်ပတ်သက်သူအုပ်စုများနှင့် ယန္တရားများ၏ဒီဇိုင်းပုံစံ၊ စွမ်းဆောင်မှုတို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်းနှင့် နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် နည်းလမ်းများအဖြစ် အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုကို အလေးထားဆောင်ရွက်ခြင်း။

မြန်မာနိုင်ငံနှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားများအတွက် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို မျှော်မှန်းအလိုရှိသည် ဆိုသည့်အချက်ကို အစိုးရမှ (ပြည်တွင်း သို့မဟုတ် ပြည်ပ) ကုမ္ပဏီများအား ရှင်းလင်းစွာ အသိပေးသင့်ပါသည်။ အဆိုပါ မျှော်မှန်းအလိုရှိချက်ကို မူဝါဒများနှင့် ဥပဒေထဲတွင် ထည့်သွင်းဖော်ပြနိုင်ပါသည်။ (တိုက်တွန်းအကြံပြုချက် ၂ နှင့် ၃ ရှိ အထက်ပါ အစိုးရသို့ အကြံပြုချက်များတွင် ကြည့်ရှုနိုင်ပါသည်။) လူထုပညာပေးမြှင့်တင်ရေးလုပ်ငန်းများနှင့် ပြည်တွင်းကုမ္ပဏီများ၏ စွမ်းဆောင်ရည်ပြည့်ဝအောင် တည်ဆောက်ခြင်း၊ ထို့အတူ ကုမ္ပဏီများ အနေဖြင့် မိမိတို့ကိုယ်တိုင် အများပြည်သူထံသို့ တာဝန်ယူ၊ တာဝန်ခံမှုများရှိရန် ဆောင်ရွက်ခြင်းဖြင့် အဆိုပါအချက်ကို အားကောင်းလာစေရန် ဆောင်ရွက်နိုင်ပါသည်။ အောက်တွင်ပါရှိသော ကုမ္ပဏီများအား တိုက်တွန်းအကြံပြုချက်တွင် ကြည့်နိုင်ပါသည်။) မြန်မာ့တရားရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများသည် နှစ်ကာလ အတန်ကြာ အချိန်ယူရသည်ဖြစ်ရာ ကြားကာလ၌ စီးပွားရေးလုပ်ငန်းများကြောင့် ဆိုးကျိုးသက်ရောက်ခဲ့သူများအား ကုစားပေးနိုင်ရန် တရားဝင်ဥပဒေရေးရာများ မလုပ်ဆောင်နိုင်သေးသည့် ကာလအတွက် ထိရောက်သည့် အစားထိုးမှုဖြေရှင်းပေးမှုများ ထားရှိရန် အရေးကြီးပါသည်။

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုလျှင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း၏ ကျင့်ဝတ်များကို လိုက်နာရမည်ဆိုသည့်အချက်ကို အစိုးရ၏ မျှော်မှန်းချက်အဖြစ် ချမှတ်ထားကြောင်းကို** စီးပွားရေးလုပ်ငန်း မှတ်ပုံတင်စဉ်ကာလ သို့မဟုတ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ရယူစဉ် ကာလတစ်လျှောက်လုံးတွင် အသိပေးရန်။ ယင်းအချက်ကို ဥပမာအားဖြင့် ပြည်တွင်းနှင့် နိုင်ငံခြားကုမ္ပဏီများအားလုံးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အများပြည်သူသိစေနိုင်သည့် လမ်းညွှန်မှုပုံစံဖြင့် အသိပေးလုပ်ဆောင်နိုင်ပါသည်။

- **မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်များထဲတွင် တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းများနှင့်သက်ဆိုင်သော စာချုပ်စာတမ်းဆိုင်ရာ သဘောတူညီမှုနစ်ခုအား ထည့်သွင်းရေးဆွဲရန်။ လိုအပ်ချက်များအဖြစ် -**
  - တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းအလေ့အထများကို လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီကျင့်သုံးသည့် နည်းလမ်းများနှင့် ရလဒ်များကို ရှင်းလင်းဖော်ပြသည့် နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ရန်။
  - မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိသော ကုမ္ပဏီများအားလုံးသည် အလုပ်သမားများ၊ ရပ်ရွာလူထုနှင့် အရပ်ဘက်အဖွဲ့အစည်းများတို့၏ စိုးရိမ်မှုများနှင့် တိုင်ကြားမှုများကို စံနစ်တကျ လက်ခံရယူပြီး ဖြေရှင်းပေးနိုင်သည့် ယန္တရားများ တည်ဆောက်ထားရှိရန်၊ အဆိုပါ ယန္တရားများကို ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူ၏ ပုဒ်မ ၃၁ ရှိ ကုစားမှုများအတွက် ထိရောက်မှုရှိစေမည့် အခြေခံစည်းမျဉ်းရှိ ဆုံးဖြတ်ချက်များနှင့် ကိုက်ညီစွာ တည်ဆောက်သင့်ပါသည်။

# အိုင်စီတီကုမ္ပဏီများသို့ အကြံပြုချက်များ

၁။ နိုင်မာသည့် အမျိုးသားဥပဒေမူဘောင်များ မရှိချိန်တွင် တာဝန်ယူမှုရှိသော စီးပွားရေးကျင့်စဉ်ဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများအား - အထူးသဖြင့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေး လမ်းညွှန်ချက် အခြေခံမူများအား ကျင့်သုံးသွားရန်။

| ကုလသမဂ္ဂ၏ စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် အခြေခံမူများ - တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ လေးစားလိုက်နာရန်။ |
| --- |
| ၁၀။ စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးများကို လေးစားလိုက်နာသင့်သည်။ ဆိုလိုသည်မှာ ၎င်းတို့အနေဖြင့် အခြားသူများ၏ လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းမှ ရှောင်ရှားသင့်ပြီး၊ ၎င်းတို့ ပါဝင်ပတ်သက်မှုရှိသော မကောင်းသော လူ့အခွင့်အရေး အကျိုးသက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်ပေးသင့်သည်။ |
| ကုလသမဂ္ဂ၏စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် အခြေခံမူများ- လူ့အခွင့်အရေးများ၏ မူဝါဒကိုလိုက်နာရန် ပိုင်းဖြတ်လုပ်ဆောင်မှု။ |
| ၁၅။ လူ့အခွင့်အရေးများ လေးစားလိုက်နာရေးတာဝန်ကို ဖြည့်ဆည်းရန်အလို့ငှာ စီးပွားရေး လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ အရွယ်အစား အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ ထားရှိလုပ်ဆောင်သင့်ပြီး၊ ယင်းသို့ လုပ်ဆောင်ရာတွင် -<br>(က) လူ့အခွင့်အရေးများ လေးစားလိုက်နာရေးတာဝန်ကို ဖြည့်ဆည်းရန် မူဝါဒရေးရာ တာဝန်ယူမှုတစ်ရပ်။<br>(ခ) ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သည့် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများကို ဖော်ထုတ်ရန်၊ ကာကွယ်ရန်၊ လျှော့ချရန်နှင့် မည်သို့ ဖြေရှင်းဆောင်ရွက်သည်ဆိုသည်နှင့် ပတ်သက်၍ ရှင်းလင်းဖော်ပြရန် လူ့အခွင့်အရေးများဆိုင်ရာ အလေးဂရုပြု အားထုတ်ကြိုးပမ်းမှု လုပ်ငန်းစဉ်တစ်ရပ်။<br>(ဂ) ၎င်းတို့ကြောင့်ဖြစ်ပွားသည့် သို့မဟုတ် အထောက်အကူပြုမှုကြောင့် ဖြစ်ပွားလာသည့် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများကို ပြန်လည်ကုစားပေးနိုင်ရန် လုပ်ငန်းစဉ်များ ထည့်သွင်းဆောင်ရွက်ခြင်း။ |
| ကုလသမဂ္ဂ၏စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက်အခြေခံမူများ-လူ့အခွင့်အရေးဆိုင်ရာ အလေးဂရုပြု ကြိုးပမ်းအားထုတ်မှု။ |
| ၁၇။ လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်ရန်၊ ကာကွယ်ရန်၊ လျှော့ချရန်နှင့် မည်သို့ဖြေရှင်းသည်ကို ရှင်းလင်းဖော်ပြရန်အလို့ငှာ စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးဆိုင်ရာ အလေးဂရုပြု ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်သင့်ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် အမှန်တကယ်ရှိနေသော၊ ဖြစ်ပေါ်ရန် အလားအလာရှိသော လူ့အခွင့်အရေးထိခိုက်မှုများကို ဆန်းစစ်ခြင်း၊ တွေ့ရှိချက်များကို ပေါင်းစပ်လျက် အရေးယူဆောင်ရွက်ခြင်း၊ ဖြေရှင်းမှု နည်းလမ်းများကို ဖော်ထုတ်ခြင်းနှင့် ထိခိုက်မှုများကို မည်သို့ဖြေရှင်းရ၊ ဆောင်ရွက်ရမည်ဆိုသည်နှင့် ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ ပါဝင်သင့်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ အလေးဂရုပြု ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်ရာတွင် -<br>(က) စီးပွားရေးလုပ်ငန်းတစ်ခုက ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သို့မဟုတ် ဖြစ်ပေါ်ရန် အထောက်အကူပြုနိုင်သည့် သို့မဟုတ် ၎င်း၏စီးပွားရေး ဆက်သွယ်ဆောင်ရွက်မှုများမှ တစ်ဆင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ၊ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် တိုက်ရိုက်ဆက်နွှယ်နိုင်သည့် လူ့အခွင့်အရေး ဆိုးကျိုးသက်ရောက်မှုများကို လွှမ်းခြုံ ဆောင်ရွက်သင့်ပါသည်။<br>(ခ) စီးပွားရေး လုပ်ငန်းအသီးသီး၏ အရွယ်အစား၊ လူ့အခွင့်အရေးကို ဆိုးရွားစွာထိခိုက်နိုင်မည့် အန္တရာယ်၊ ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုသဘာဝနှင့် အခြေအနေပေါ်မူတည်၍ ကွဲပြားခြားနားပါလိမ့်မည်။<br>(ဂ) လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု အခြေအနေ တဖြည်းဖြည်းပေါ် တိုးပွားလာသည်နှင့်အမျှ လူ့အခွင့်အရေး အန္တရာယ်များလည်း အချိန်နှင့်လိုက်ပြီး ပြောင်းလဲနိုင်သည်ကို သိမှတ်လျက် စဉ်ဆက်မပြတ် လုပ်ဆောင်သင့်သည်။ |

*ဤစီးပွားရေးလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (SWIA) လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံရှိ ပြောင်းလဲလာနေသော မူဝါဒနှင့် ဥပဒေရေးရာမူဘောင်များတွင် လစ်ဟာနေမှုများကို ထောက်ပြပြောဆိုရန်ဖြစ်သည်။*

*ဥပဒေပြုသူများနှင့် အစိုးရဝန်ကြီးဌာနများတွင် စွမ်းဆောင်ရည် မပြည့်ဝမှုနှင့် အတွေ့အကြုံ နည်းပါးမှုများနှင့် မြန်ဆန်သည့် ပြောင်းလဲမှုများကြောင့် ဥပဒေများပြဋ္ဌာန်းပြီးလျှင် မြန်မာ့ဥပဒေများသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အပြည့်အဝ ကိုက်ညီမှု ရှိမည်ဟု အာမခံနိုင်ခြင်း မရှိပါ။ အလားတူစွာပင် အဆိုပါဥပဒေများသည် ဤလေ့လာဆန်းစစ်ခြင်း (SWIA) အစီရင်ခံစာတွင် ဖော်ပြထားသော အန္တရာယ်ရှိနိုင်သည့် အချက်များမှ အလုပ်သမားများ၊ အသုံးပြုသူများ၊ ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကာကွယ်ပေးနိုင်မည်ဆိုသည့်အချက်မှာ မသေချာပေ။ ပြည်တွင်းဥပဒေမူဘောင်များ တည်ငြိမ်မှုမရှိသေးသည့် ကာလမျိုးတွင် နိုင်ငံတကာ စံချိန်စံညွှန်းများ - ဥပမာအားဖြင့် ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက် အခြေခံမူများ (နှင့် နိုင်ငံတကာအဆင့် စီးပွားရေးလုပ်ငန်းကြီးများအတွက် လိုက်နာရမည့် OECD ၏ လမ်းညွှန်ချက်များ)အား အသုံးပြုခြင်းသည် ကုမ္ပဏီများအား သေချာရေရာမှု ထောက်ပံ့ပေးသည့်အပြင် ပြည်တွင်းနှင့် နိုင်ငံတကာရှိ နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များ၏ ယုံကြည်မှုရှိစေရေးအတွက်လည်း အထောက်အပံ့ ဖြစ်စေပါသည်။ အခြေအနေများသည် လျင်မြန်စွာ ပြောင်းလဲနေသည်ဖြစ်ရာ အိုင်စီတီကဏ္ဍရှိ ကုမ္ပဏီများသည် ၎င်းတို့ လုပ်ငန်းလုပ်ဆောင်နေသည့် ပတ်ဝန်းကျင်ကို လေ့လာကာ အစိုးရ၏လုပ်ရပ်များ သို့မဟုတ် ၎င်းတို့လုပ်ငန်းလည်ပတ်မှုများ သို့မဟုတ် ၎င်းတို့နှင့် စီးပွားရေး ပူးပေါင်းလုပ်ဆောင်သူများမှ ဖန်တီးနိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးများကို နားလည်နိုင်ရန် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုသင့်ပါသည်။*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် မူဝါဒတစ်ခုကို ပြဋ္ဌာန်းရန်။** အဆိုပါမူဝါဒအား ကုမ္ပဏီအတွင်း ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးစေရန် နှင့် နယ်ပယ်အသီးသီးမှ ဆက်စပ်လုပ်ကိုင်ရသည့် တာဝန်ရှိသူများအား ကျယ်ပြန့်စွာ သိရှိစေရန်။ ယင်းကဲ့သို့ အများပြည်သူသိရှိအောင် လုပ်ဆောင်ခြင်းသည် လွန်စွာမှ အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအချက်သည် ထိပ်ပိုင်းရှိ စီမံခန့်ခွဲမှုများကို လုပ်ဆောင်သူများသည် လူ့အခွင့်အရေးများ လေးစားလိုက်နာခြင်းကို တရားဝင် စီးပွားရေးလုပ်ဆောင်မှုများတွင် အနည်းဆုံး မဖြစ်မနေထားရှိရမည့် စံချိန်စံညွှန်းတစ်ခုအဖြစ် သဘောထားကြောင်း ပြသရာရောက်ပါသည်။ တချို့သော မြန်မာကုမ္ပဏီများသည် လူ့အခွင့်အရေးများကို တာဝန်ယူလုပ်ဆောင်ခြင်းမျိုးနှင့် အကောင်အထည်ဖော်မှုများကို အများပြည်သူသိရှိအောင် ထုတ်ပြန်ခြင်းများ ပြုလုပ်လာကြပါသည်။[1] ထိုကဲ့သို့သော တာဝန်ယူလုပ်ဆောင်မှုများသည် အတိတ်ကာလ၏ လုပ်ဆောင်မှုများနှင့် မတူကြောင်း ဒေသရှိနယ်ပယ်အသီးသီးမှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များကို သိစေခြင်းဖြစ်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းလုပ်ဆောင်သူများသို့လည်း ၎င်းတို့သည် နိုင်ငံတကာ စံချိန်စံညွှန်းများကို နားလည်ပြီး လုပ်ငန်းလည်ပတ်ရာတွင်လည်း ကိုက်ညီစွာလည်ပတ်ရန် ခိုင်မာသည့် မူချမှတ်လုပ်ဆောင်ခြင်း ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားရာ ရောက်ပါသည်။
    - **အခြားသော လုပ်ကိုင်လျက်ရှိသည့်မူဝါဒများနှင့် လုပ်ငန်းစဉ်များသည်** လူ့အခွင့်အရေးများအတွက် ကတိကဝတ်ပြုထားမှုများနှင့် ကိုက်ညီမှုရှိစေရန် - ဥပမာအားဖြင့် - ဝယ်ယူအားပေးသူများ၏ အချက်အလက်များအား အသုံးချမှု သို့မဟုတ် ရောင်းချမှုနှင့် အကာအကွယ်ပေးမှုတို့အပေါ် ကုမ္ပဏီမှထားရှိသည့် မူဝါဒအား ရှင်းလင်းဖော်ပြနိုင်သည့် **ရှင်းလင်း၍ ရရှိအသုံးပြုရန် လွယ်ကူသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်လုံခြုံရေးမူဝါဒများ ထားရှိရန်။** အသုံးပြုသူများ သို့မဟုတ် ဝယ်ယူအားပေးသူများနှင့် တိုက်ရိုက်ဆက်ဆံသော အိုင်စီတီကုမ္ပဏီများအနေဖြင့် **ကုမ္ပဏီ၏ ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊ "အသုံးပြုသူ အသိုက်အဝန်း" အတွက် လမ်းညွှန်မှုများ သို့မဟုတ် အလားတူ စာရွက်စာတမ်းများသည်** ကုမ္ပဏီ၏ ဝန်ဆောင်မှုများ၏ အသုံးဝင်မှုကို မြန်မာဘာသာအပြင် အခြားသော တိုင်းရင်းသား ဘာသာစကားများဖြင့်ပါ အပါအဝင် သိရှိနားလည်ရေးအတွက် ရှင်းလင်းလွယ်ကူစေရန် ရေးသားဖော်ပြသင့်ပါသည်။

1 ပွင့်သစ်စ/ ပွင့်လင်းမြင်သာသည့် မြန်မာ့စီးပွားရေးလုပ်ငန်းများ ထုတ်ပြန်ချက် (၂၀၁၅) သည် မြန်မာစီးပွားရေးလုပ်ငန်းများမှ လုပ်ကိုင်သည့် လာဘ်စားမှု ဆန့်ကျင်ရေးလုပ်ငန်းစဉ်များ၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုများနှင့် လူ့အခွင့်အရေးများ၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်များအတွက် အင်တာနက်ပေါ်တွင်ထုတ်ပြန်သော သတင်းအချက်အလက်များကို မူတည်၍ အမှတ်ပေးခြင်းဖြင့် ပွင့်လင်းမြင်သာမှုကို တိုးပွားလာစေရန် အားပေးသည့် ရည်ရွယ်ချက် ဖြစ်ပါသည်။

- **လူ့အခွင့်အရေးဆိုင်ရာ အသေးစိတ်လေ့လာမှုများကို အဆက်မပြတ် လုပ်ကိုင်ရန်။**
    - **ကုမ္ပဏီတစ်ခုနှင့် ၎င်းနှင့် ဆက်နွယ်လုပ်ကိုင်နေသော အခြားကုမ္ပဏီများ** (ပစ္စည်းရောင်းချသူ၊ စာချုပ်ချုပ်ဆို လုပ်ကိုင်သူ အစရှိသဖြင့်) **မှ လူအများနှင့် ၎င်းတို့၏ လူ့အခွင့်အရေးများအတွက် အန္တရာယ်ရှိမှုနှင့် သက်ရောက်မှုများကို လေ့လာအကဲဖြတ်ရန်** -
        - မြန်မာအစိုးရသို့ အကြံပြုချက် ၂ နှင့် ၃ (နှင့် ယခုဖတ်ရှုနေသည် လေ့လာဆန်းစစ်ခြင်း (SWIA)၌) ထုတ်နှုတ်ဖော်ပြထားသည့် **လက်ရှိတည်ဆဲဥပဒေမူဘောင်များ၌ သိသာစွာ လစ်ဟာနေသော အချက်များ** အပါအဝင် ဒေသ၏ရှုပ်ထွေးမှုများနှင့် နောက်ခံ ဓလေ့ရိုးရာ၊ သမိုင်းအစဉ်အလာများကို ထည့်သွင်းစဉ်းစားရန်။ နိုင်ငံတကာ စံချိန်စံညွှန်များနှင့်အညီ လုပ်ငန်း အကောင်အထည်ဖော်ခြင်းဖြင့် အဆိုပါလစ်ဟာမှုများကို ဖြည့်ဆည်းသွားနိုင်ရေး ကြိုးစားရန်။ လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများ ဖြစ်ပွားရာနေရာများနှင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားရန် အလားအလာရှိသောဒေသများတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် **"ပဋိပက္ခ စရိုက်လက္ခဏာများ"** ကို ထည့်သွင်းစဉ်းစားရန်။
        - အစိုးရ သို့မဟုတ် စီးပွားရေးအတူတကွ လုပ်ကိုင်သူများ၏ လုပ်ရပ်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် တိုက်ရိုက်ဆက်စပ်ပတ်သက်နေခြင်း သို့မဟုတ် ချိုးဖောက်မှုကို တစ်နည်းနည်းဖြင့် အထောက်အပံ့ပြုခြင်း ဖြစ်နိုင်ခြေအန္တရာယ်များကို **ရှင်းရှင်းလင်းလင်း ထည့်သွင်းစဉ်းစားထားရန်။** ဤအချက်ကို စဉ်းစားရာတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်သူများသည် အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများ၏ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုစာရင်း၌ ပါဝင်ခြင်းမရှိသည်ကို သေချာစေရုံဆိုသည့် အချက်ထက် ကျော်လွန်စွာ စဉ်းစားလုပ်ကိုင်သင့်ပါသည်။ ယခင်က စီးပွားရေးလုပ်ငန်းအချို့သည် အစိုးရ သို့မဟုတ် စစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှုများရှိရာ ပူးပေါင်းလုပ်ဆောင်မည့် ကုမ္ပဏီ၏ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များ၊ ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများအပေါ် ရပ်တည်လုပ်ဆောင်ချက်များ အပါအဝင် အသေးစိတ် ဆန်းစစ်လေ့လာမှုများ ကြိုတင်လုပ်ဆောင်ရန် မဖြစ်မနေ လိုအပ်ပါသည်။
    - ရှိလာနိုင်သော အန္တရာယ်များကို လေ့လာဆန်းစစ်ခြင်းအသုံး၍ ဖြစ်နိုင်ချေအန္တရာယ်များကို **ဖော်ထုတ်ရန်နှင့် ဖြစ်လာမည့်အန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရေး သို့မဟုတ် အနည်းဆုံးအဖြစ် ထိုအန္တရာယ်များကို လျော့ချနိုင်ရေးအတွက် လုပ်ကိုင်မည့် အဆင့်များထားရှိရန်။** ထိုသို့လုပ်ဆောင်ရာတွင် သိသာကွဲပြားသော လုပ်ကိုင်သည့် ပုံသဏ္ဍာန်များ ရှိပါသည်။ ဥပဒေများတွင်ရှိနေသော လစ်ဟာမှုများကို ဖြေရှင်းရန်အတွက် အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်သည့် စုပေါင်းလုပ်ဆောင်ခြင်းများ (အောက်တွင် ဖော်ပြထားသော တိုက်တွန်းအကြံပြုချက် ၅ တွင် ကြည့်ရန်) သို့မဟုတ် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် သီးခြားလုပ်ဆောင်မှုများ ပါဝင်နိုင်ပါသည်။ (အောက်တွင်ဖော်ပြထားသော တိုက်တွန်းအကြံပြုချက် ၃ တွင် ပါရှိသော ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော အန္တရာယ်ရှိနိုင်မှုနှင့် SWIA ထဲရှိ ထင်ရှားစွာ ထုတ်နုတ်ဖော်ပြထားသည့် တုန့်ပြန်လုပ်ဆောင်ရန် အကြံပြုချက်များကို ကြည့်ရန်)
    - **ဖော်ထုတ်သိရှိပြီးသော အန္တရာယ်များနှင့် သက်ရောက်မှုများအတွက် တုန့်ပြန်မှုများ ကို လေ့လာမှတ်သားရန်။** အလုပ်သမားများ၊ ဒေသခံပြည်သူများ၊ အသုံးပြုသူများ၊ ဝယ်သူသုံးစွဲသူများနှင့် ကုမ္ပဏီများ၏ လုပ်ငန်းများကြောင့် ထိခိုက်နိုင်ခြေရှိသူများကို စောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်များ၌ မည်သို့ ပါဝင်နိုင်သည် ဆိုသည်ကို ထည့်သွင်းစဉ်းစားရန်။
    - SWIA အစီရင်ခံစာတွင် ဖော်ပြခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်စေမှုများ၊ ထို့အပြင် အထူးသဖြင့် ထိခိုက်ခံရသော လူပုဂ္ဂိုလ်များမှ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုလာသည့်အခါ MCRB ၏ ပွင့်သစ်စ/TiME စီမံချက်တို့တွင် အကြံပြုထားသကဲ့သို့ ဖြေရှင်းရန် ကုမ္ပဏီအနေဖြင့် မည်သို့ လုပ်ဆောင်နေသည်ကို အများပြည်သူသိရှိအောင် ဆက်သွယ်ဆောင်ရွက်ရန်။
        - ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်း၊ ဆက်သွယ်ရေး အချက်အလက်များ၊ အင်တာနက်စာမျက်နှာ၌ ပါဝင်သောအချက်များကို ဖယ်ရှားစေခြင်းများနှင့် စာမျက်နှာများအား ပိတ်ဆို့ခြင်းနှင့် ကွန်ရက်အား ရပ်

ဆိုင်းပိတ်ဆို့စေခြင်းများအတွက် **မြန်မာနိုင်ငံအစိုးရ (အဆင့်တိုင်း) ထံမှ တောင်းဆိုမှုများ လက်ခံရရှိမှုများအပေါ် မြန်မြန်ဆန်ဆန် သတင်းထုတ်ပြန်ရန်။** အစိုးရမှကုမ္ပဏီများအား တောင်းဆိုသည့် အချက်များကို ကုမ္ပဏီများဘက်မှလည်း မည်သို့ တုန့်ပြန်ဆောင်ရွက်သည်ကို ထုတ်ပြန်ခြင်းဖြင့် ပိုမို၍ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် အားပေးလှုံ့ဆော်ပြသရာ ရောက်မည်ဖြစ်သည်။

- ဝန်ဆောင်မှုများကို ဒေသခံဘာသာစကားဖြင့် ဆောင်ရွက်ပေးခြင်းနှင့် မြန်မာစာလုံးကို ဝန်ဆောင်မှုများ၌ ကြိုတင်ထည့်သွင်းထားခြင်းဖြင့် **မြန်မာနိုင်ငံရှိ အသုံးပြုသူများအား ကုမ္ပဏီနှင့် ပိုမိုလွယ်ကူစွာ ဆက်သွယ်နိုင်စေရန်အတွက် လုပ်ဆောင်ရန်။**
- ဝန်ဆောင်မှုဆိုင်ရာ သတ်မှတ်ခေါ်ဝေါ်မှုများ၊ ကိုယ်ရေးကိုယ်တာ အချက်အလက် လုံခြုံရေးဆိုင်ရာ မူဝါဒများ စသည်တို့အပါအဝင် **ဆက်သွယ်ရေးဆိုင်ရာ တွေ့ကြုံရနိုင်သော အန္တရာယ်များကို ရှင်းလင်းလွယ်ကူသောနည်းဖြင့်** (ဥပမာ ဂရပ်ဖစ်ရုပ်ပုံများ အသုံးပြုခြင်းအားဖြင့်) အသုံးပြုသူများ သိရှိနိုင်အောင် **အလေးပေး ဆောင်ရွက်ရန်။**

## ၂။ ယခု SWIA အစီရင်ခံစာ တစ်လျှောက်လုံးတွင် တင်ပြထားသည့် အကြံပြုချက်များနှင့် သီးသန့်ဖြစ်လာနိုင်သည့် အန္တရာယ်ဆိုင်ရာအချက်များကို ကုမ္ပဏီ၏လုပ်ငန်းများနှင့် လုပ်ငန်းဆိုင်ရာ ဆက်ဆံပြောဆိုမှုများတွင် ထည့်သွင်းဆောင်ရွက်ရန်။

*ယခုကဏ္ဍတွင် ဖော်ပြထားသည့် အကြံပြုချက်များသည် မြန်မာ့အိုင်စီတီကဏ္ဍတွင် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ အလေ့အထများကို သေချာလုပ်ဆောင်စေရန် မတူညီသော အတွေးအမြင်၊ အယူအဆများကို ခြုံငုံ၍ အားလုံးနှင့် အဓိကသက်ဆိုင်သည့် လုပ်ဆောင်နိုင်မှုများကို ထည့်သွင်းဖော်ပြထားပါသည်။ ထို့အပြင် ဤအစီရင်ခံစာ အခန်း (၄) ရှိ ကဏ္ဍဆယ်ခုလုံး၏ ကဏ္ဍတစ်ခုခြင်းစီတွင် သက်ဆိုင်ရာ ကဏ္ဍတစ်ခုခြင်းအတွက် သီးသန့်အကြံပြုချက်များကိုထည့်သွင်းထားသည်။ ထိုအကြံပြုချက်များမှ ကုမ္ပဏီများအား ၎င်းတို့တစ်လျှောက်လုံး လုပ်ဆောင်နေသည့် လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းလေ့လာမှုများ၊ လုပ်ငန်းလည်ပတ်မှုများ၊ လုပ်ရှားလုပ်ဆောင်မှုများတွင် ထည့်သွင်းစဉ်းစားသင့်သည့် ပို၍ အသေးစိတ် ထည့်သွင်းသုံးသပ်စဉ်းစားရန် အချက်များနှင့် အကြံပြုချက်များ ပါဝင်သည်။*

### အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- ၄.၁ **လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ထင်မြင်ယူဆချက်ပေးနိုင်ခြင်းကိစ္စ** - အိုင်စီတီကုမ္ပဏီများအတွက် တိုက်တွန်း အကြံပြုချက်များ။
- ၄.၂ **အမုန်းစကား ပြောဆိုမှုကိစ္စ** - အိုင်စီတီကုမ္ပဏီများအတွက် တိုက်တွန်း အကြံပြုချက်များ။
- ၄.၃ **ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံရေးကိစ္စ** - အိုင်စီတီ ကုမ္ပဏီများအတွက် တိုက်တွန်းအကြံပြုချက်များ။
- ၄.၄ **စောင့်ကြပ်ကြည့်ရှုခြင်းကိစ္စ** - အိုင်စီတီ ကုမ္ပဏီများအတွက် တိုက်တွန်း အကြံပြုချက်များ။
- ၄.၅ **ဆိုက်ဘာလုံခြုံရေးကိစ္စ** - အိုင်စီတီ ကုမ္ပဏီများအတွက် တိုက်တွန်းအကြံပြုချက်များ။
- ၄.၆ **အလုပ်သမားရေးရာကိစ္စ** - အိုင်စီတီ ကုမ္ပဏီများအတွက် တိုက်တွန်းအကြံပြုချက်များ။
- ၄.၇ **မြေယာကိစ္စ** - အိုင်စီတီ ကုမ္ပဏီများအတွက် တိုက်တွန်း အကြံပြုချက်များ။
- ၄.၈ **ထိခိုက်မှုအန္တရာယ်ရှိနိုင်သော လူမှုအဖွဲ့အစည်းများကိစ္စ** - အိုင်စီတီကုမ္ပဏီများအတွက် တိုက်တွန်း အကြံပြုချက်များ။
- ၄.၉ **နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များဖြင့်** ထိတွေ့ဆက်ဆံခြင်းနှင့် **နစ်နာမှုဖြေရှင်းဆောင်ရွက်ပေးရေးဆိုင်ရာ ယန္တရားများ** - အိုင်စီတီ ကုမ္ပဏီများအတွက် တိုက်တွန်းအကြံပြုချက်များ။
- ၄.၁၀ **ပဋိပက္ခနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ** - အိုင်စီတီ ကုမ္ပဏီများအတွက် တိုက်တွန်းအကြံပြုချက်များ။

### ၃။ ယုံကြည်မှုတည်ဆောက်ရန်နှင့် ပွင့်လင်းမြင်သာမှုများနှင့် တာဝန်ယူ၊ တာဝန်ခံမှုတို့ ရှိကြောင်းကို ပြသနိုင်ရန် သက်ရောက်မှုများအား ခံစားနေရသော နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များ - အထူးသဖြင့် အလုပ်သမားများ၊ ဒေသခံပြည်သူများ၊ သုံးစွဲသူများနှင့် ဝယ်ယူအားပေးသူများနှင့် - ထိတွေ့ဆက်ဆံ ညှိနှိုင်းဆွေးနွေးတိုင်ပင်ရန်။

*ထိတွေ့ဆက်ဆံ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းသည် ကုမ္ပဏီများ၏ အောင်မြင်မှုတွင် အဓိကကျသည့် အချက်ဖြစ်ရာ ယင်းအချက်ကို ကုမ္ပဏီများ၏ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာကျင့်သုံးမှုများ တိုးတက်ကောင်းမွန်စေရေး အကြံပြုချက်အများအပြားတွင် ထည့်သွင်းဖော်ပြထားသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ လူမှုအဖွဲ့အစည်းများနှင့် အခြားပုဂ္ဂိုလ်များမှ ကုမ္ပဏီများအပေါ် အစဉ်အဆက် ယုံကြည်မှုကင်းမဲ့ခဲ့သော အခြေအနေမျိုးတွင် အလုပ်သမားများ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသုံးပြုသူများနှင့် ဒေသခံပြည်သူများအကြား ပွင့်လင်းရိုးသားပြီး အပြန်အလှန်ထိတွေ့ဆက်ဆံ ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းသည် ဆိုးကျိုးအန္တရာယ်ဖြစ်နိုင်ခြေများကို လျော့ချနိုင်ရန်နှင့် ကာကွယ်တားဆီးရန် ကုမ္ပဏီတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်သော အဖိုးအတန်ဆုံးသော အရာများထဲမှ တစ်ခုဖြစ်သည်။*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- လုပ်ငန်းဆောင်ရွက်မှုများ၏ ကနဦးကာလနှင့် လုပ်ငန်းဖော်ဆောင်နေသော အရေးကြီးသည့် ကာလများတွင် စိုးရိမ်မှုပုံစံများ ပြောင်းလဲလာမှုအပါအဝင် စီမံချက်လည်ပတ်မှုတစ်ခုလုံးတွင် ပါဝင်ပတ်သက်နေသည့် အလုပ်သမားများ၊ ၄င်းတို့၏ ကိုယ်စားလှယ်များ၊ အသုံးပြုသူများနှင့် ဒေသခံပြည်သူများဖြင့် **အဓိပ္ပာယ်ရှိပြီး စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများကို ကြိုတင်၍ လုပ်ဆောင်ရန်**နှင့် **ထိုသို့** ထိတွေ့လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံရှိ အများစုအတွက် စဉ်းစားလုပ်ဆောင်မှုပုံစံ အသစ်တစ်ခုဖြစ်နေသည်ကို သတိပြုမိစေရန်။ ဥပမာအားဖြင့် မြန်မာ့အလုပ်သမားဥပဒေတွင် အလုပ်သမားအယောက် ၃၀ နှင့် အထက်ရှိသော လုပ်ငန်းတစ်ခုတွင် အလုပ်ရှင်တစ်ဦးသည် လုပ်ငန်းခွင်ဆိုင်ရာ ပူပေါင်းဆောင်ရွက်မှု ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးရန်လိုအပ်သည်။ လုပ်ငန်းတွင် အလုပ်သမား အဖွဲ့အစည်း (ဥပမာ - သမဂ္ဂ) တစ်ခု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အဆိုပါ ကော်မတီတွင် အလုပ်သမားများဖက်မှ ကိုယ်စားလှယ် ၂ ဦးနှင့် အလုပ်ရှင်ဖက်မှ ကိုယ်စားလှယ် ၂ ပါဝင်ရန် လိုအပ်သည်။ အဆိုပါ ပူးပေါင်းမှုကော်မတီဖွဲ့စည်းခြင်းမျိုးသည် အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်း - နှစ်ဖက်စလုံး အကျိုးရှိနိုင်သည့် လုပ်ငန်းခွင်အခြေအနေများအား ပူးပေါင်းစောင့်ကြည့်နိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ်ကို ရရှိစေပါသည်။
- ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်ခြင်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများကို မည်ကဲ့သို့ လုံခြုံစွာ အသုံးပြုရမည်ဆိုသည့် **အခြေခံ သတင်းအချက်အလက်များအား အသုံးပြုသူများနှင့် ဝယ်ယူအားပေးသူများအား ပံ့ပိုးပေးရန်**နှင့် အသုံးပြုသော ဆက်သွယ်ရေးကိရိယာများနှင့် ဝန်ဆောင်မှုများတွင် ၄င်းတို့၏ အသုံးပြုစဉ် ချန်ထားရစ်နိုင်သည့် အချက်အလက်များ (digital footprint)ကို သိရှိထိန်းချုပ်ရန် လိုအပ်ချက်အပါအဝင် အသုံးပြုသူများအတွက် ဒီဂျစ်တယ်နည်းပညာ တတ်ကျွမ်းနားလည်မှုများ (digital literacy) ဖွံ့ဖြိုးလာစေရေးအတွက် ပံ့ပိုးကူညီရန်။
- မိုဘိုင်းလ်ဖုန်းနှင့် ဖုန်းတိုင်များ၏ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်များအပေါ် သက်ရောက်မှုများကဲ့သို့သော မြန်မာပြည်သူလူထုနှင့် သက်ဆိုင်သော အရေးကြီးကိစ္စရပ်များကို နားလည်လွယ်သော ဒေသခံဘာသာစကားများဖြင့် ထုတ်ပြန်ခြင်း အပါအဝင် **သတင်းအချက်အလက်များအား ပုံစံအမျိုးမျိုးဖြင့် ကြိုတင်ထုတ်ပြန်ရန်။**
- **အွန်လိုင်းမှ တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆက်သွယ်ခြင်းများသည် မြန်မာနိုင်ငံတွင် အသက်ဝင်စကာလ အဆင့်သာရှိပါသေးသည်။** သို့သော် အင်တာနက်ပေါ်တွင် စာရိုက်ပြောဆိုခြင်းသည် သက်ဆိုင်ရာလူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ပြောဆိုနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ရာ ကုမ္ပဏီများထံမှ တုန့်ပြန်မှုများကို ၄င်းတို့၏ Facebook စာမျက်နှာများပေါ်မှတစ်ဆင့် တွေ့မြင်နိုင်ရန် သုံးစွဲသူများနှင့် ဝယ်ယူအားပေးသူများက မျှော်လင့်လာကြသည်။

## ၄။ စိုးရိမ်မှုများနှင့် နစ်နာမှုများအား လျှင်မြန်စွာနှင့် ထိရောက်စွာ ဖြေရှင်းပေးနိုင်မည့် ယန္တရားများကို ထည့်သွင်းဆောင်ရွက်ရန်။

**ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်အခြေခံမှုများ - ပြန်လည်ကုစားပေးခြင်း။**

*၂၂။ စီးပွားရေးလုပ်ငန်းများသည် မကောင်းသော ထိခိုက်သက်ရောက်မှုများကို ၎င်းတို့ကြောင့် ဖြစ်ပေါ်စေသည် သို့မဟုတ် ထိုသို့ဖြစ်ပေါ်ရန် အထောက်အကူပြုသည်ဟု ဖော်ထုတ်တွေ့ရှိရပါက တရားဝင်လုပ်ငန်းစဉ်များဖြင့် ယင်းထိခိုက်မှုများအား ပြန်လည်ကုစားပေးရာတွင် အထောက်အကူပေးသင့်သည်၊ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။*

**ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်အခြေခံမှုများ - ထိရောက်မှုရှိခြင်းဆိုင်ရာစံနှုန်းများ။**

*၃၁။ နိုင်ငံတော်၌ အခြေပြုသော(နှင့်) နိုင်ငံတော်၌ အခြေပြုခြင်းမဟုတ်သော တရားရေးနှင့်ပတ်သက်မှုမရှိသည့် နစ်နာမှု ဖြေရှင်းဆောင်ရွက်ပေးရေးဆိုင်ရာ ယန္တရားများထိရောက်မှု ရှိခြင်းကို အာမခံချက်ပေးနိုင်ရန် အောက်ပါစံနှုန်းများ ရှိသင့်ပါသည်။*

*(က) တရားဝင် လက်ခံမှု - ယန္တရားများအသုံးပြုရန် ရည်ရွယ်ထားသည့်သူများ ဖြစ်သည့် ပါဝင်ပတ်သက်သူ အုပ်စုများထံမှ ယုံကြည်မှုရရှိခြင်းနှင့် နစ်နာမှုဖြေရှင်းခြင်းဆိုင်ရာဖြစ်စဉ်များကို တရားမျှတမှုရှိစွာ ဆောင်ရွက်ရန်အတွက် တာဝန်ယူမှုရှိခြင်း။*

*(ခ) လက်လှမ်းမီ၊ အသုံးပြုနိုင်မှု - ၎င်းတို့ ရည်ရွယ်ထားသော အသုံးပြုသူများဖြစ်သည့် ပါဝင်ပတ်သက်သူ အုပ်စုများအားလုံး သိရှိရန်နှင့် လက်လှမ်းမီ၊ အသုံးပြုနိုင်ရန် အတားအဆီး တစ်စုံတစ်ရာ တွေ့နိုင်သူများအတွက် လုံလောက်သော အကူအညီပေးရန်။*

*(ဂ) ကြိုတင်ခန့်မှန်းနိုင်မှု - အဆင့်တိုင်းအတွက် ရည်ညွှန်းအချိန်ကာလ ဘောင်တစ်ခုနှင့်အတူ ရှင်းလင်းတိကျပြီး အများသိနိုင်သည့် လုပ်ထုံးလုပ်နည်းတစ်ရပ် ဖြည့်ဆည်းပေးရန်နှင့် လုပ်ငန်းစဉ်အမျိုးအစားများ ရရှိနိုင်သော ရလဒ်များနှင့် အကောင်အထည်ဖော်မှုဆိုင်ရာ စောင့်ကြည့်လေ့လာရေး နည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတိကျမှုရှိခြင်း။*

*(ဃ) တရားမျှတမှု သာတူညီမျှမှု - ထိခိုက်နစ်နာရသူများအနေဖြင့် ထိခိုက်နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်တွင် တရားမျှတသော၊ သတင်းအချက်အလက် ရရှိသော၊ လေးစားမှုပြသသော အခြေအနေအောက်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်၊ အကြံဉာဏ်နှင့် ကျွမ်းကျင်မှုအရင်းအမြစ်များကို သင့်တင့်လျောက်ပတ်စွာ ရရှိစေရေး အာမခံရန် ကြိုးပမ်းအားထုတ်ခြင်း။*

*(င) ပွင့်လင်းမြင်သာမှု - နစ်နာမှုများကုစားရေး တောင်းဆိုမှုတွင် ပါဝင်သည့်လူများ၊ အုပ်စုများအား ၎င်းတို့၏ ဖြစ်ပေါ်တိုးတက်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်ပေးခြင်းနှင့် ထိရောက်မှုရှိခြင်းကို ယုံကြည်စေရန် ပါဝင်ပတ်သက်သည့်ပြည်သူ၏ အကျိုးစီးပွားကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယန္တရားများ၏ စွမ်းဆောင်မှုနှင့်ပတ်သက်၍ လုံလောက်သော သတင်းအချက်အလက်များ ပေးခြင်း။*

*(စ) အခွင့်အရေးများနှင့် ကိုက်ညီမှုရှိခြင်း - ရလဒ်များနှင့် ပြန်လည်ကုစားပေးခြင်းများသည် နိုင်ငံတကာ အသိအမှတ်ပြု လူ့အခွင့်အရေးများနှင့် ကိုက်ညီမှုရှိစေရန် အာမခံချက်ပေးခြင်း။*

*(ဆ) စဉ်ဆက်မပြတ် လေ့လာသင်ယူမှုအတွက် အရင်းအမြစ်တစ်ခု - အနာဂါတ်တွင် ဖြစ်ပေါ်လာနိုင်သည့် နစ်နာမှုများနှင့် ထိခိုက်မှုများကို ကာကွယ်တားဆီးရန်နှင့် ယန္တရားပိုမို တိုးတက်ကောင်းမွန်လာစေရန်အတွက် သင်ခန်းစာများ ဖော်ထုတ်ရန် ဆီလျော်မှုရှိသော လုပ်ငန်းများကို အသုံးပြုခြင်း။*

*လုပ်ငန်းလည်ပတ် ဆောင်ရွက်မှုဆိုင်ရာအဆင့် နစ်နာမှုဖြေရှင်းရေး ယန္တရားများသည်:*

*(ဇ) ချိတ်ဆက်ဆောင်ရွက်မှုနှင့် အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုအပေါ် အခြေပြုသင့်ပါသည်။ ရည်ရွယ်ထားသော အသုံးပြုသူများဖြစ်သည့် ပါဝင်ပတ်သက်သူအုပ်စုများနှင့် ယန္တရားများ၏ ဒီဇိုင်းပုံစံ၊ စွမ်းဆောင်မှုတို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်းနှင့် နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် နည်းလမ်းများအဖြစ် အပြန်အလှန် တွေ့ဆုံဆွေးနွေးမှုကို အလေးထားဆောင်ရွက်ခြင်း။*

တရားရေးရာ နည်းလမ်းအရသော်လည်းကောင်း၊ သို့မဟုတ် တရားရေးရာမဟုတ်သော နည်းလမ်းဖြင့်သော်လည်းကောင်း နစ်နာမှုများအတွက် ထိရောက်စွာဖြေရှင်းဆောင်ရွက် ပေးနိုင်သည့်လုပ်ဆောင်မှုမျိုး မြန်မာနိုင်ငံတွင် မရှိသလောက် နည်းပါးပါသည်။ သို့ဖြစ်ရာ စိုးရိမ်မှုများကို စောလျှင်စွာထုတ်ဖော်နိုင်ရေးနှင့် အရှိန်တိုးမလာမီ လျှင်မြန်စွာကိုင်တွယ်နိုင်ရေးကို လုပ်ဆောင်နိုင်ရန်အတွက် ကုမ္ပဏီများသည် ရုံးတွင်းကျင့်သုံးနိုင်မည့် အစားထိုး ကုစားလုပ်ဆောင်

*မှုများရှိရန်မှာ အရေးကြီးလာပါသည်။ ထိခိုက်မှုများကို ပြန်လည်ကုစားပေးရန်အတွက် ကုမ္ပဏီတစ်ခုမှ လုပ်ဆောင်နိုင်သည့် အထိရောက်ဆုံးသော နည်းလမ်းများအနက်တစ်ခုသည် စီးပွားရေးလုပ်ငန်းများကြောင့် ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ရသည့် လူပုဂ္ဂိုလ်များ၊ အသုံးပြုသူများနှင့် ဒေသခံပြည်သူများအတွက် နစ်နာမှုဖြေရှင်းရေး ယန္တရားအား တိုက်ရိုက်ရယူနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ဆောင်နိုင်သည့်အပြင် အဆိုပါယန္တရားကို စိုးရိမ်ဖွယ်ရာအချက်များကို ကြိုတင်သတိပေးနိုင်သော စနစ်တစ်ခုအနေဖြင့်လည်း ထားရှိလုပ်ဆောင်နိုင်ပါသည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ လူ့အခွင့်အရေးအား လေးစားလိုက်နာသည့် အခြားလုပ်ဆောင်မှုများကဲ့သို့ပင် နစ်နာထိခိုက်မှုများကို ပြန်လည်ကုစားရာတွင်လည်း အန္တရာယ်များကျရောက်စေခဲ့မှုတွင် ပါဝင်ပတ်သက်နေသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအပါအဝင် ကုမ္ပဏီအားလုံးမှ တာဝန်ယူပြီးဆောင်ရွက်ရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော နိုင်ငံတကာကုမ္ပဏီကြီး တချို့ကဲ့သို့ပင်[2] မြန်မာနိုင်ငံတွင် အခြေဆိုက်သော တချို့သောကုမ္ပဏီကြီးများသည် အလုပ်သမားများ၊ ဒေသခံပြည်သူများနှင့် လူမှုအသိုက်အမြုံ[3] တို့အပေါ် နစ်နာမှုများကို ပြန်လည်ကုစားပေးသော ယန္တရားများတည်ဆောက်ရန် လိုအပ်ချက်ကို စတင်နားလည်စပြုသည့် အနေအထားတွင်သာ ရှိသေးသည်ကို တွေ့ရှိရသည်။*

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- အထူးသဖြင့် ကွန်ရက်ဆိုင်ရာ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ခြင်းကဲ့သို့ လုပ်ငန်းများအပါအဝင်လုပ်ငန်းကြီးများနှင့် သက်ဆိုင်သော ကိစ္စရပ်များအားလုံး - **လွယ်ကူစွာ ဆက်သွယ်ရေး သတင်းအချက်အလက် ရယူနိုင်သည့် နေရာတစ်ခု သတ်မှတ်ပေးရန်။** အကယ်၍ ဒေသခံပြည်သူလူထုမှ ဆက်သွယ်ရေးပစ္စည်းကိရိယာများဆိုင်ရာ စိုးရိမ်မှုများကို တိုင်ကြားလိုပါက အသုံးပြုနိုင်ရန် ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်ကို အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် ထည့်သွင်းဆောင်ရွက်ခြင်းကဲ့သို့ ရိုးရှင်းလွယ်ကူသော လုပ်ဆောင်မှုဖြင့် စတင်၍ လုပ်ဆောင်နိုင်ပါသည်။ ယင်းနံပါတ်သည် ဒေသတွင်း အခြေစိုက်သည့် နစ်ဦးနစ်ဖက်အတွက် အကျိုးဆောင်ပေးသူများ၊ ရပ်ရွာစေတနာ့ဝန်ထမ်းများ၊ သို့မဟုတ် ကုမ္ပဏီများနှင့် နစ်ဖက်ထိတွေ့ ဆက်ဆံရေး ကိစ္စအတွက် သီးသန့်အကျိုးဆောင်ပေးသော အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြင့် ဆက်သွယ်နိုင်သည့် ကွန်ရက်တစ်ခု ဖြစ်လာနိုင်ပါသည်။
- **အင်တာနက်ဝန်ဆောင်မှုပေးသော ကုမ္ပဏီများ (ISP) နှင့် အင်တာနက်မှ ရုပ်သံထုတ်လွှင့်သူများ (Over the Tops)အတွက်** အင်တာနက်စာမျက်နှာများတွင် ခွင့်ပြုသည့် အကြောင်းအရာများအကြောင်း **အသုံးပြုများလိုက်နာရမည့်အချက်များ ထည့်သွင်းဖော်ပြရန်၊** ထို့အတူ အသုံးပြုသူများသည် ၎င်းတို့အား စိတ်အနှောင့်အယှက်ဖြစ်စေသည့် အကြောင်းအရာများကို သတင်းပေးပို့နိုင်သော ယန္တရားစနစ် (ဥပမာ "သတင်းပို့ အသိပေးခြင်း" ပြုလုပ်နိုင်သော ခလုတ်၊ သို့မဟုတ် သတင်းပို့နိုင်သော အင်တာနက်စာမျက်နှာနှင့် ချိတ်ဆက်ထားခြင်း) များကို **ထည့်သွင်းရန်။** ယင်းယန္တရားများ ထည့်သွင်းတည်ဆောက်ခြင်းကို အများမှ သိရှိစေရန် နှင့် အသုံးပြုသူများအတွက် အကျိုးရှိစေရန် အခြေခံအဆင့် အသုံးပြုသူပညာပေး လှုပ်ရှားမှုများ လုပ်ဆောင်ရန်။
- ကုမ္ပဏီတစ်ခု သို့မဟုတ် ၎င်းကုမ္ပဏီ၏ စီးပွားရေးအကျိုးတူလုပ်ဆောင်သူများနှင့် ပတ်သက်၍ **စိုးရိမ်မှုများရှိပါက အသုံးပြုသူများ၊ အလုပ်သမားများ၊ သို့မဟုတ် ဒေသခံပြည်သူများ တိုက်ရိုက်ဆက်သွယ် ပြောဆိုနိုင်ရေးအတွက် လွယ်ကူစွာ ရယူသုံးစွဲနိုင်ပြီး ထိရောက်မှုရှိသည့် ဆက်သွယ်ရေးယန္တရားတစ်ခု (သို့မဟုတ် ယန္တရားများ)အား အကောင်အထည်ဖော်ရန်။** လွယ်ကူစွာ ရယူသုံးစွဲနိုင်ရေးအတွက် ဒေသခံဘာသာစကား အသုံးပြုခြင်းများ၊ အိုင်စီတီ ဝန်ဆောင်မှုများရရှိစေမှု သို့မဟုတ် အသုံးပြုသူများက ကုန်ကျခံစရာမလိုသည့် အခမဲ့ခေါ်ဆိုနိုင်သော (toll free) ဖုန်းနံပါတ်များကို ဝန်ဆောင်မှုများထားရှိမည်လား စသည်တို့ကို ကုမ္ပဏီမှလုပ်ဆောင်ပေးမှုများထဲတွင် သေချာစွာ ဂရုပြုထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါသည်။

---

2 ဥပမာ Phillips မှ ထုတ်ပြန်သော မြန်မာနိုင်ငံရှိ နစ်နာမှုများအား ပြန်လည်ကုစားပေးရေး သီးခြားယန္တရားတွင် ကြည့်နိုင်ပါသည်။ http://business-human-rights.org/en/response-by-philips-myanmar-foreign-investment-tracking-project

3 MRCB ၏ ပွင့်သစ်စ/ မြန်မာ့စီးပွားရေးလုပ်ငန်းများ၌ ပွင့်လင်းမြင်သာမှုရှိရေး ကုမ္ပဏီများ၏ လည်ပတ်လုပ်ကိုင်နေသော နစ်နာမှုများအား ပြန်လည်ကုစားပေးသည့် ယန္တရားများအားတိုင်းတာမှု။ ဇူလိုင်လ ၃ ရက် ၂၀၁၅ MRCB တွင် ကျင်းပသည့် စီးပွားရေးလုပ်ငန်းများအတွက် လည်ပတ်လုပ်ကိုင်နေသော နစ်နာမှုများအား ပြန်လည်ကုစားပေးရေး ယန္တရား အလုပ်ရုံဆွေးနွေးပွဲ။

- **မည်သည့်ယန္တရားကိုမဆို** ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် အခြေခံမူများ[4] အောက်ရှိ ထိရောက်မှုရှိသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး **အလုပ်သမားများနှင့် လူထုအဖွဲ့အစည်းများ၏ အကြံပြုချက်များရယူကာ ရေးဆွဲရန်။** ကုမ္ပဏီတွင်းနှင့် ကုမ္ပဏီပြင်ပမှ လူပုဂ္ဂိုလ်များ၏ တိုင်ကြားမှုများအတွက် ပြန်လည်ဂလဲ့စားချေမည့် အရေးယူမှုများ မရှိကြောင်းနှင့် ယင်းတိုင်ကြားမှုများအတွက် ကုမ္ပဏီ၏ ယန္တရားများကို အသုံးပြုသည်ဖြစ်စေ၊ သို့မဟုတ် နိုင်ငံတော်၏ ပြန်လည်ကုစားပေးသော လုပ်ငန်းစဉ်ကို အသုံးပြုသည်ဖြစ်စေ၊ သို့မဟုတ် တတိယအုပ်စုအဖွဲ့အစည်းများကို ရွေးချယ်အသုံးပြုသည်ဖြစ်စေ လွတ်လပ်စွာ ရွေးချယ်နိုင်ကြောင်း အာမခံသင့်သည်။

## ၅။ လူ့အခွင့်အရေး ကိစ္စရပ်များ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို ဖြေရှင်းလုပ်ဆောင်နိုင်ရန်အတွက် သင့်တော်သော စုပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်။

*အိုင်စီတီကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများစုပေါင်းပြီး ထိခိုက်လွယ်သော ကိစ္စရပ်များကို အတူတကွ ချဉ်းကပ်ခြင်းနှင့် အခြေအနေတူသည့် အခြားနိုင်ငံများ၏ နည်းစနစ်များအပါအဝင် နိုင်ငံတကာ စံချိန်စံညွှန်းများကို အသုံးပြုကာ ရရှိလာသည့် သင်ခန်းစာများအား ဝေမျှရယူခြင်းတို့သည့် ကုမ္ပဏီများအတွက် များစွာတန်ဖိုးရှိပါသည်။ ကုမ္ပဏီများ၏ စုပေါင်းလုပ်ဆောင်ခြင်းဖြင့် အစိုးရလုပ်ငန်း ပိုမိုထိရောက်မှုရှိပြီး အလုပ်သမားများ အသုံးချရမှုသက်သာစေခြင်းနှင့် ကုမ္ပဏီတစ်ခုခြင်းစီအနေဖြင့် ကိစ္စရပ်များကို တိုက်ရိုက်ထိတွေ့ရသည့် အနေအထားကိုလည်း လျော့ချနိုင်ပါသည်။ ကုမ္ပဏီများအနေဖြင့် အစိုးရအဖွဲ့များနှင့် အခြားနယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များဖြင့် တွေ့ဆုံ ဆွေးနွေးမှုများ လုပ်ဆောင်ရာတွင် တစ်ဦးချင်းဆီထက် အစုလိုက်ဖွဲ့၍ လုပ်ဆောင်ခြင်းသည် ကိစ္စအများအပြားတွင် ပို၍ထိရောက်လွယ်ကူမှုရှိသည်ကို တွေ့နိုင်ပါသည်။*

### အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် တစ်သားတည်းရှိစေရန်အတွက် **အိုင်စီတီနှင့် အခြားမတူညီသော ဥပဒေများအတွင်းရှိ လစ်ဟာနေမှုများကို ဖြည့်ဆည်းရာတွင်** မြန်မာအစိုးရနှင့် စုပေါင်းထိတွေ့ဆက်ဆံရန် (အစိုးရအတွက် တိုက်တွန်းအကြံပြုချက် ၂ နှင့် ၃ တွင် ကြည့်နိုင်ပါသည်။)
- အိုင်စီတီ ဝန်ဆောင်မှုများအား ပို၍အသုံးပြုကာ လုပ်ဆောင်လာကြသော **ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြသခြင်း၊ အများအပေါ် နိုင်ငံတကာ လူ့အခွင့်အရေးများ၏ စံချိန်စံညွှန်းများ ချမှတ်ထားရှိရေးအတွက်** မြန်မာအစိုးရအား စုပေါင်းချဉ်းကပ်ရန်။
- နိုင်ငံတကာနှင့် မြန်မာကုမ္ပဏီများကြား ထိတွေ့လုပ်ကိုင်ခြင်းဖြင့် **လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ သင်ယူခွင့်ကိုအားပေးရန်၊** ထို့အတူ ပြည်တွင်းပြည်ပ ကုမ္ပဏီများပါဝင်သော အိုင်စီတီကဏ္ဍတစ်ခုလုံးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်း တစ်ခုဖွဲ့စည်းနိုင်ရေး ပံ့ပိုးပေးရန်၊ ယင်းအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပ ကုမ္ပဏီများကြား စုပေါင်းလုပ်ကိုင်နိုင်ရေးအတွက် သဟဇာတဖြစ်ပြီး ပူးပေါင်းလုပ်ဆောင်နိုင်သည့် နည်းလမ်းများ ရရှိရေး ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။
- အိုင်စီတီကဏ္ဍအတွက် လိုအပ်သည့် အရည်အချင်းများ တည်ဆောက်ရန် **အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုပညာ လေ့ကျင့်သင်ကြားရေး အစီအစဉ်များအား တိုးတက်စေရန်အတွက်** ဖွံ့ဖြိုးရေးအထောက်ကူပြုအဖွဲ့များနှင့် ပူးပေါင်းလုပ်ကိုင်ရန်နှင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအား ထောက်ပံ့ရေးအတွက် အစီအစဉ်များ ချမှတ်ရန်။

4 ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် အခြေခံမူများ အခြေခံမူ ၃၁ (အစိုးရအတွက် တိုက်တွန်းအကြံပြုချက်များတွင် ကြည့်ရန်)

- **ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နိုင်ခွင့်ကို အားပေးရန်။** အမုန်းစကားများကို ပြန်လှန်တုန့်ပြန်ရန်နှင့် အင်တာနက်နှင့် အိုင်စီတီနည်းပညာဆိုင်ရာတွင် အမုန်းစကားပြောဆိုနေမှုများကို ဖယ်ရှားနိုင်ရန်အတွက် နိုင်ငံအနှံ့ နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလုပ်ကိုင်နေကြသည်များကို အားပေးရန်။

## ၆။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တို့မှ နိုင်ငံတော်အဆင့်အထိ ကောင်းကျိုးသက်ရောက်မှုများကို ဖန်တီးနိုင်မည့် နည်းဗျူဟာများကို ချဲ့ထွင်လုပ်ဆောင်ရန်။

- ဒေသခံပြည်သူများနှင့် အသုံးပြုသူများဖြင့်/အတွက်/ပါဝင်၍ **လူမှုရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို အကောင်အထည်ဖော်ရန်။** ထိုသို့လုပ်ဆောင်ရာတွင် ဒေသခံနှင့် အသုံးပြုသူများအား ဦးတည်သည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဗျူဟာ (Strategic CSR)များ ထားရှိဆောင်ရွက်ရန်နှင့် အဆိုပါအစီအစဉ်များ လုပ်ကိုင်ရာတွင် နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းများ အပါအဝင် အစီအစဉ်များ ပတ်သက်၍ တွေ့ဆုံညှိနှိုင်းမှုနှင့် ပွင့်လင်းမြင်သာမှုရှိမှု သေချာစေရန်။
- အိုင်စီတီ လုပ်ငန်းဆောင်ရွက်သူများနှင့် တစ်ဆင့်ခံ လုပ်ဆောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရေးဒေသခံစီးပွားရေးလုပ်ငန်းများ၏အရည်အသွေးများတိုးတက်စေရန်။ **အသေးစားစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင် လုပ်ကိုင်မှုများအား မြှင့်တင်သည့်အစီအစဉ်များ လုပ်ဆောင်ရန်။**
- မသန်စွမ်းသူများအတွက် အလုပ်အကိုင်ခန့်ထားမှုများ လွန်စွာနည်းပါးရုံမက မသန်စွမ်းသူများမှ ဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်မှု မလွယ်ကူသည့် အနေအထားတွင် **မသန်စွမ်းသူများအား အိုင်စီတီဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ပေးခြင်းနှင့် နိုင်ငံတွင်းရှိ မသန်စွမ်းသူများ၏ လူနေမှုဘဝ တိုးတက်ကောင်းမွန်စေရေး ချမှတ်လုပ်ဆောင်ရန်။**
- **ဒေသခံဘာသာစကားဖြင့် အသုံးပြုနိုင်စေရန် လုပ်ဆောင်ပေးရေးနှင့် ဘာသာစကား ပြောင်းလဲနိုင်သော အရင်းအမြစ်များကို ရယူနိုင်ရေးတို့ကို ထောက်ပံ့ပေးရန်**အတွက် အစိုးရအဖွဲ့အစည်းများ အပါအဝင် အခြားသော နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များဖြင့် ပူးပေါင်းလုပ်ဆောင်ရန်။

# အရပ်ဘက်အဖွဲ့အစည်းများ၊ လူ့ခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် သတင်းမီဒီယာများသို့ အကြံပြုချက်များ

## ၁။ အိုင်စီတီဆိုင်ရာ မူဝါဒ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများရှိ အပြောင်းအလဲများအပေါ် - အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများနှင့် ပတ်သက်၍ - သဘောထားမှတ်ချက်ပြုခြင်းနှင့် အများ သိနိုင်စေရန် တတ်ကြွစွာဆောင်ရွက်ရန်။

*မြန်မာနိုင်ငံသည် မူဝါဒရေးရာမူဘောင်များ၏ အရေးပါသည့်အပိုင်းများ (ဥပမာ မြန်မာအစိုးရသို့ တိုက်တွန်းအကြံ အပြုချက် ၁ တွင် ရည်ညွှန်းထားသော မဟာစီမံကိန်းများ)၊ ဥပဒေများနှင့် အရေးကြီးသည့် စည်းမျဉ်းစည်းကမ်းများ (ဥပမာ ၂၀၁၃ တယ်လီဖုန်းဆက်သွယ်ရေး ဥပဒေ၌ပါရှိသော။ မြန်မာအစိုးရသို့ တိုက်တွန်းအကြံပြုချက် ၂ နှင့် ၃ တွင်ကြည့်ရန်)တို့ကို ပြန်လည်ရေးဆွဲခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်းများ လုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်း များကို လုပ်ကိုင်နေကြသော အစိုးရဝန်ထမ်းများနှင့် အတိုင်ပင်ခံများသည် နည်းပညာပိုင်းဆိုင်ရာတွင် ကျွမ်းကျင်သူများ ဖြစ်သည်။ သို့သော် ၎င်းတို့၏မူဝါဒဆိုင်ရာ အကြံပေးမှုများမှာ လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများနှင့် ပတ်သက်၍ ရင်းနှီးကျွမ်းဝင်မှု မရှိကြပါ။ ထို့အတူ လွှတ်တော်မှ စဉ်းစားလုပ်ကိုင်နေသော ဥပဒေရေးရာ မူကြမ်းများသည် လည်း အလားတူ ပြဿနာများ ရှိနေပါသည်။*

*အဆိုပါ ပြုပြင်ပြောင်းလဲမှုများပေါ်တွင် သဘောထားမှတ်ချက်ပြုရာတွင်နှင့် ထောက်ပြပြောဆိုရာတွင် အရပ်ဘက် အဖွဲ့အစည်းများ၏ တက်ကြွစွာပါဝင်မှုသည် လွန်စွာမှအရေးကြီးပါသည်။ သို့မှသာ အပြီးသတ်ချမှတ်မည့် မူဝါဒ၊ ဥပဒေ ရေးရာနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်များသည် စွမ်းဆောင်ရည်မြင့်မားပြီး ထိရောက်သည့် အိုင်စီတီကဏ္ဍ ဖြစ်ပေါ် လာရေးအတွက် ထောက်ပံ့ပေးနိုင်သလို၊ သင့်လျော်သည့်လူ့အခွင့်အရေး စောင့်ရှောက်မှုများပါဝင်ကာ အချက် အလက်နှင့် ကိုယ်ရေးကိုယ်တာလုံခြုံမှုကို အာမခံပေးနိုင်သည်ဆိုသည့်အချက်များ ဘက်ညီမျှတမှုကို ရရှိစေမည် ဖြစ်သည်။*

*ယင်းသို့လုပ်ဆောင်တွင် အိုင်စီတီနှင့် ကျွမ်းဝင်မှုရှိသည့် အရပ်ဘက်အဖွဲ့ အစည်း အနည်းငယ်ကသာ ထိတွေ့လုပ် ဆောင်ခြင်းမျိုး မဟုတ်ဘဲ၊ အခြားကဏ္ဍများအတွက် လုပ်ကိုင်နေကြသော အဖွဲ့အစည်းများ - ဥပမာ အမျိုးသမီးများ အရေး၊ တိုင်းရင်းသား လူနည်းစုများအရေး၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအရေးတို့ကို လုပ်ဆောင်နေသော အရပ်ဘက်အဖွဲ့အစည်းများ၏ အမြင်များအား အိုင်စီတီမူဝါဒနှင့် ဥပဒေပြုရေးကိစ္စရပ်များတွင် ပြောဆို ကိုယ်စားပြုခွင့် ရရှိမှုကို သေချာစေရန်အတွက် အဆိုပါအဖွဲ့ အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများကိုပါ လုပ်ဆောင်သင့်ပါသည်။ အဆိုပါအဖွဲ့ အစည်းများ အားလုံးသည် အိုင်စီတီကို လက်တွေ့အသုံးပြုနေသူများ၊ သို့မဟုတ် အသုံးပြုမည့်သူများ ဖြစ်လာနိုင်သောကြောင့်ပင် ဖြစ်ပါသည်။*

## ၂။ ကုမ္ပဏီများအား လူ့အခွင့်အရေးကိစ္စရပ်များ အပါအဝင် တာဝန်ယူမှုရှိသော စီးပွားရေးကျင့်ဝတ်များ အပေါ် တာဝန်ယူမှုရှိစေရေး လုပ်ဆောင်ရန်။

*အိုင်စီတီကဏ္ဍတွင် လုပ်ကိုင်ကြသော ကုမ္ပဏီများမှ လူ့အခွင့်အရေးများအပေါ် လေးစားလိုက်နာမှုနှင့် ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးမှုများကို ကမ္ဘာ့နေရာအနှံ့အပြားတွင် တက်ကြွစွာဖြင့် ဆွေးနွေးနေကြပါသည်။ [5] တချို့သော ဆွေးနွေးမှုများသည် ကုမ္ပဏီ၏လုပ်ဆောင်မှု ကျင့်ဝတ်များအပေါ် အလေးထားဆွေးနွေးပြီး၊ အခြားဆွေးနွေးမှုများသည် ကုမ္ပဏီများထံမှ ကိုယ်ရေးကိုယ်တာ အချက်အလက်များအား တောင်းဆိုနေမှု သို့မဟုတ် တိုက်ရိုက်ရယူနေသည့် အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို သင့်တော်စွာ ကန့်သတ်နိုင်ရန်အလို့ငှာ အစိုးရများနှင့် ကုမ္ပဏီများကြားရှိ တိုးပွား*

5 ဥပမာ စီးပွားရေးနှင့် လူ့အခွင့်အရေးများ၏ အရင်းအမြစ်များဌာနရှိ အင်တာနက်စာမျက်နှာတွင် သတင်းအချက်အလက်နည်းပညာနှင့် ကဏ္ဍထဲရှိ ကုမ္ပဏီများ တိုးတက်ရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများတွင် ကြည့်ရှုနိုင်ပါသည်။

*လာနေသည့် ရှုပ်ထွေးစွာပတ်သက်သော လုပ်ဆောင်မှုများကို အလေးထားဆွေးနွေးကြပါသည်။ နယ်ပယ်အတွင်းရှိ အချို့သော အစပြုဆွေးနွေးမှုများသည် နယ်ပယ်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများ၊ ဒေသခံ ပြည်သူများနှင့် တစ်ခါတစ်ရံတွင် အစိုးရအဖွဲ့အစည်းများမှ အဖြေရှာမှုများကို အတူတကွ လုပ်ကိုင်ကြပါသည်။ အဆိုပါ ဆွေးနွေးမှုများထဲရှိ အများစုကို ယခု SWIA တစ်ခုလုံးတွင် ကိုးကားဖော်ပြထားပါသည်။ (အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်ဖယားများ အပါဝင် မြန်မာပြည်တွင် အစပြုဆွေးနွေးနေမှုများကို အခန်း ၄ နှင့် ၅ တို့၏ အဆုံးတွင် ကြည့်နိုင်ပါသည်။)*

*အဆိုပါဆွေးနွေးမှုများသည် မြန်မာနိုင်ငံတွင်လုပ်ကိုင်နေသော ကုမ္ပဏီများနှင့် အသိပေးဆွေးနွေးရာတွင် ထိတွေ့ဆက်ဆံနိုင်ရန်အလို့ငှာ အရပ်ဘက် အဖွဲ့အစည်းများက အသုံးပြုနိုင်သည့် အိုင်စီတီကဏ္ဍနှင့် ချိတ်ဆက်လုပ်ကိုင်နေသော ကုမ္ပဏီများထံမှ လုပ်ပေးရန်မျှော်လင့်နိုင်သည့် အချက်များအပေါ် လမ်းညွှန်ချက်ထောက်ပံ့ပေးပါသည်။*

## ၃။ အိုင်စီတီကဏ္ဍအတွင်းရှိ လူ့အခွင့်အရေးကိစ္စရပ်များ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအတွက် နယ်ပယ်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးပွဲများကို ပြုလုပ်ရေးအတွက် ကုမ္ပဏီများနှင့် အစိုးရများကို တိုက်တွန်းအားပေးသွားရန်။

အိုင်စီတီဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးနိုင်ရန်အတွက် အများလက်ခံသည့် မူဘောင်တစ်ခုအတွင်း ကုမ္ပဏီများ၊ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ အတူတကွပါဝင်လာသည့် နယ်ပယ်အသီးသီးမှ အကျိုးလိုလားသည့် တွေ့ဆုံဆွေးနွေးပွဲမျိုးကို အစပျိုးလုပ်ဆောင်မှုများ မြန်မာနိုင်ငံတွင် မရှိသေးပါ။ အိုင်စီကဏ္ဍ အလုပ်အဖွဲ့ [6] (ICT Sector Working Group) တွင် အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ အလှူရှင်အဖွဲ့အစည်းများသာ ပါဝင်သည်ကို တွေ့ရပါသည်။ မြန်မာကွန်ပျူတာအသင်းချုပ်၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံအတွက် အမေရိကန် အိုင်စီတီကောင်စီ (The US ICT Council for Myanmar) ကို အမေရိကန်သံရုံးမှ စတင်ဖွဲ့စည်း လုပ်ဆောင်ခဲ့ပါသည်။ အစိုးရနှင့် ပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Open Government Partnership - OGP) အောက်တွင် အစိုးရအနေဖြင့် ၎င်း၏လုပ်ဆောင်မှု အစီအစဉ်များအပေါ်တွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရမည် ဖြစ်ပါသည်။ သို့သော်လည်း OGP အနေဖြင့် အိုင်တီစီကဏ္ဍတွင် သင့်လျော်သည့် အကာကွယ်ပေးမှုများကို တည်ဆောက်ခြင်းနှင့် ဆက်နွယ်သည့် ကိစ္စရပ်များ အားလုံးအတွက် လုပ်ဆောင်ပေးနိုင်ခြင်း မရှိပေ။ ယင်းအခြေအနေတွင် အခြားနေရာများမှ သင်ခန်းစာများကို ရယူကာ၊ ကဏ္ဍ၏ ရေရှည်ဦးတည်ချက်များအတွက် ပုံဖော်ရန် အခွင့်အရေးများ ရှိနေပါသေးသည်။ အိုင်စီတီ ကဏ္ဍတွင် နယ်ပယ်အသီးသီးရှိ အကျိုးလိုလားသည့် လူပုဂ္ဂိုလ်အားလုံး တွေ့ဆုံဆွေးနွေးမှု တစ်ခုကို အကောက်အထည်ဖော် လုပ်ဆောင်ခြင်းဖြင့် အစိုးရမှ ကတိပြုထားသော ပြည်သူကိုဗဟိုပြုသည့် နည်းလမ်းကို အကောင်အထည်ဖော်ရန် ကူညီနိုင်ပါသည်။ ယင်းလုပ်ဆောင်မှုသည် အင်တာနက်စီမံအုပ်ချုပ်မှုအတွက် လိုက်လျောညီထွေမှုရှိသည့် နည်းလမ်းတစ်ခုအပေါ် ကြီးထွားတိုးတက်လာနေသော နိုင်ငံတကာ လုပ်ဆောင်မှုများ[7] နှင့်အညီ လုပ်ဆောင်နိုင်ပေမည်။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) အနေဖြင့် ယင်း တွေ့ဆုံ ဆွေးနွေးပြောဆိုမှုများကို အထောက်အကူပေးရန် အဆင်သင့်ရှိပါသည်။

## ၄။ အမုန်းစကားပြောကြားခြင်းကို ဆန့်ကျင်ပြောကြားမှု (counter-speech) အပါအဝင် အွန်လိုင်းတွင် အန္တရာယ်ကင်းပြီး ငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေသည့် အပြုအမူများကို မြန်မာပြည်သူလူထုအား အသိပညာပေးရန် ကြိုးစားအားထုတ်မှုများကို အစပျိုးပံ့ပိုးပေးရန် ။

*အရပ်ဘက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် အိုင်စီတီနည်းပညာများ ရယူသုံးစွဲခြင်း၏ အန္တရာယ်နှင့် အကျိုးကျေးဇူးများကို အသုံးပြုသူများအား ပညာပေးရာတွင် ကူညီလုပ်ဆောင်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နိုင်ပါသည်။ တိုင်းပြည်တွင်အသုံးပြုသည့် ဘာသာစကား အများအပြားရှိသည်ဖြစ်ရာ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ရှင်းလင်းပြီးအလွယ်တကူနားလည်နိုင်သည့် ရှင်းလင်းချက်များ၊ သင်တန်းဆိုင်ရာများ၊*

6 ကဏ္ဍအလိုက် အလုပ်အဖွဲ့အများအကြောင်း စုစည်းစာမျက်နှာတွင် ကြည့်ရန်
7 ဉပမာ အင်တာနက် အုပ်ချုပ်မှုဆိုင်ရာ ကမ္ဘာ့ကော်မရှင်တွင် ကြည့်ရန်

ပညာပေးလှုပ်ရှားမှုများ စသည်တို့အပါအဝင် သတင်းအချက်အလက်များကို မြန်မာဘာသာစကားနှင့် အခြားဘာသာစကားများဖြင့်ပါ ရရှိနိုင်အောင် ဆောင်ရွက်ပေးနိုင်ပါသည်။

## ၅။ အိုင်စီတီကဏ္ဍနှင့်ပတ်သက်၍ သတင်းမီဒီယာများတွင် တိုးမြှင့်ဖော်ပြရန်

မြန်မာနိုင်ငံအတွက် အိုင်စီတီကဏ္ဍ၏ အရေးပါမှုကိုထောက်ရှု၍ သတင်းမီဒီယာများသည် အိုင်စီတီကဏ္ဍနှင့် ၎င်း၏ သက်ရောက်မှုများအကြောင်းကို သိရှိလေ့လာကာ သတင်းပေးပို့ခြင်းများကို တိုးမြှင့်လုပ်ဆောင်သင့်ပါသည်။ သို့မှသာ ပွင့်လင်းမြင်သာမှု၊ ကုမ္ပဏီနှင့် အစိုးရ၏တာဝန်ယူ တာဝန်ခံမှုနှင့် ပြည်သူလူထု၏ နားလည်မှု တိုးပွားလာစေမည် ဖြစ်သည်။ ထိုသို့ သတင်းရေးသားပေးပို့ရာတွင် ဥပမာ အစိုးရမှလုပ်ဆောင်နေသော ဥပဒေအနှင့်အညီ ကြားဖြတ်ရယူခြင်းဆိုင်ရာ မူဝါဒများနှင့် လက်တွေ့လုပ်ဆောင်နေမှုများကဲ့သို့ ရှုပ်ထွေးပြီး လျှို့ဝှက်ထားသော ကိစ္စရပ်များကို ဖော်ထုတ် ရေးသားသင့်ပါသည်။

# ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ဌာနေအစိုးရများသို့ အကြံပြုချက်များ

၁။ အိုင်စီတီဆိုင်ရာ မူဝါဒ၊ တရားရေးရာနှင့် စည်းမျဉ်းစည်းကမ်းများ တိုးတက်လာစေရေးဆောင်ရွက်ချက်များအတွင်းတွင် လူ့အခွင့်အရေး၊ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ အားကောင်းစေရေး - အထူးသဖြင့် မြန်မာနိုင်ငံအစိုးရသို့ အကြံပြုထားသော အကြံပြုချက် ၂ နှင့် ၃ ရှိ ထောက်ပြထားသည့် အချက်များအား - ထောက်ပံ့ပေးရန်။

## အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **အိုင်စီတီကဏ္ဍတွင် လုံလောက်သည့် ကာကွယ်ပေးမှု အစီအမံများပါဝင်သော ထိရောက်သည့် မူဘောင်တစ်ခုအား မိတ်ဆက်ပေးနိုင်ရေးအတွက် မြန်မာအစိုးရအား ထောက်ပံ့ပေးရန်။** အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂ (EU) တို့ အပါအဝင် ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များသည် ဥပဒေမူဘောင်ရေးဆွဲရေး လုပ်ငန်းအစိတ်အပိုင်းများတွင် ပူးပေါင်းပါဝင်လုပ်ကိုင်နေကြပါသည်။ တိုင်းပြည်၏ အတိတ်ကာလ အတွေ့အကြုံများအရ၊ အဆိုပါ စည်းမျဉ်းစည်းကမ်းမူဘောင်များတွင် ဖြစ်သင့်သည့် လူ့အခွင့်အရေးကာကွယ်ပေးမှုများပါဝင်စေရန် သင့်တော်သော နည်းပညာဆိုင်ရာ အကြံဉာဏ်များဖြင့် သော်လည်းကောင်း၊ နိုင်ငံရေးဆိုင်ရာ အကြံဉာဏ်များ ပံ့ပိုးပေးခြင်းဖြင့် သော်လည်းကောင်း အစိုးရအားပံ့ပိုးပေးနိုင်ရန် အရေးကြီးပါသည်။ အလှူရှင်နိုင်ငံများ၏ လှူဒါန်းငွေများဖြင့် ပြင်ဆင်သည့် ဥပဒေများသည် ဖိနှိပ်မှုများနှင့် လိုအပ်သည်ထက်ပိုသော စောင့်ကြပ်ကြည့်ရှုမှုများအား ပြန်လည် အသက်သွင်းနိုင်လာခြင်းမျိုး မဖြစ်စေသင့်ပါ။ ယင်းအခြေအနေမျိုးသည် - အကယ်၍ - ဥပမာအားဖြင့် - စည်းမျဉ်းစည်းကမ်း မူဘောင်တွင် ထည့်သွင်းသည့် အချက်များသည် ကျယ်ပြန့်လွန်းပြီး၊ အမျိုးမျိုးအဓိပ္ပာယ်ကောက်ယူနိုင်သည့် အနေအထားမျိုးတွင် ဖြစ်ပေါ်စေနိုင်ပါသည်။ ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၏ ၎င်းတို့ကိုယ်တိုင် ငှားရမ်းထားသော သို့မဟုတ် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှတစ်ဆင့် ငှားရမ်းထားသော အတိုင်ပင်ခံများသည် သင့်လျော်သည့်အကြံဉာဏ်များကို နည်းပညာဆိုင်ရာ ကိစ္စရပ်များတွင်သာမက ဥပဒေမူဘောင်များသည် လူ့အခွင့်အရေးအချက်များအား ကာကွယ်ပေးမှုရှိသည်ကို သေချာစေရန် အချိုးညီစွာရှိရေးကို ထည့်သွင်းအကြံဉာဏ်ပေးမှုများကို လုပ်ဆောင်သင့်သည်။
- **အစိုးရမှ ဥပဒေနှင့်အညီ ကြားဖြတ်ရယူနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်း မူဘောင်များချမှတ်ခြင်း ရှိ၊ မရှိကို စောင့်ကြည့်ရန်**နှင့် ချမှတ်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ဤအစီရင်ခံစာ နောက်ဆက်တွဲ အကြံပြုတိုက်တွန်းချက်များတွင် ဖော်ပြထားသော ကောင်းမွန်သည့် အလေ့အကျင့်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို စောင့်ကြည့်ရန်။
- သင့်တော်သော အကာအကွယ်ပေးမှုများ ပါဝင်သော လက်ခံနိုင်ဖွယ်ရာဖြစ်သည့် အိုင်စီတီ စည်းမျဉ်းစည်းကမ်းမူဘောင်များကို အကောင်အထည် ဖော်နိုင်ရေးအတွက် လိုအပ်သည့် တရားဥပဒေစိုးမိုးရေးအတွက် အပြောင်းအလဲလုပ်ရာတွင် **စနစ်အတွင်းတွင် လက်ရှိဖြစ်ပေါ်နေသော စောင့်ကြည့်ထိန်းညှိမှုများ အကောင်အထည်ဖော်ရေးအတွက် ထောက်ပံ့ပေးရန်။** ဥပမာအားဖြင့် အစိုးရမှ တောင်းဆိုသည့် ဥပဒေနှင့်အညီ ကြားဖြတ်ရယူခြင်းများကို တရားရေး၏ ပြန်လည်သုံးသပ်မှု လိုအပ်သည့်အချက်ကို အစိုးရမှ ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းအချက်သည် အရေးကြီးသည့်ခြေလှမ်းဖြစ်သော်လည်းတရားသူကြီးများသည်သင့်တော်သည့်ကြိုတင်လေ့ကျင့်သင်ကြားမှုများ ရရှိရန်နှင့် မြန်မာနိုင်ငံရှိ တရားဥပဒေစိုးမိုးရေး အားကောင်းစေရန်အတွက် လုပ်ဆောင်သည့် ပိုမိုကျယ်ပြန့်သော အစီအစဉ်တစ်ခုလုံး၏ အစိတ်အပိုင်းဖြစ်စေရန်သည်လည်း အရေးကြီးပါသည်။

- အိုင်စီတီကုမ္ပဏီများ၊ ကျယ်ပြန့်သည့် အိုင်စီတီကဏ္ဍ ပြုပြင်ပြောင်းလဲရေးများအတွက် အစိုးရနှင့် ထိရောက်စွာ ထိတွေ့ဆက်ဆံရန် **လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တိုးတက်စေရန် အစီအစဉ်များကို ထောက်ပံ့ပေးရန်** (အထက်တွင် ဖော်ပြထားသော အရပ်ဘက်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကာကွယ်သူများအတွက် အကြံပြုချက်များတွင် ကြည့်ရန်)
- **အိုင်စီတီကိစ္စရပ်များအား သတင်းရေးသားနိုင်ရန် သတင်းမီဒီယာများ၏ စွမ်းဆောင်ရည်တိုးစေသည့် အစီအစဉ်များကို ထောက်ပံ့ရန်။**
- မြန်မာပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းများ ပို၍ ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံနိုင်ပြီး အလို့ငှာ သတင်းအချက်အလက်နှင့် ကျွမ်းကျင်သည့်လုပ်ငန်းဆိုင်ရာ အကြံဉာဏ်များ ရရှိနိုင်စေနိုင်မည် ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံတွင် အိုင်စီတီ ကဏ္ဍပြုပြင်ရေးအတွက် လုပ်ကိုင်နေသော **နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့စည်းများ (IFIs) ကို အားပေးရန်။**

## ၂။ ပြည်တွင်းနှင့် နိုင်ငံတကာကုမ္ပဏီများမှ လူ့အခွင့်အရေးများကို လေးစားလိုက်နာစေမည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား ထောက်ပံ့ပေးသွားရန်။

| ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက် အခြေခံမူများ - အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတော်၏ တာဝန်။ |
|---|
| ၂။ *နိုင်ငံများအနေနှင့် မိမိတို့၏နယ်နမိတ်အတွင်း အခြေကျ လုပ်ကိုင်ဆောင်ရွက်နေကြသောနှင့်/သို့မဟုတ် မိမိတို့၏ တရားစီရင်ပိုင်ခွင့် နယ်ပယ်အတွင်းရှိနေသော စီးပွားရေးလုပ်ငန်းများ အားလုံးသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု တစ်လျှောက်လုံး၌ လူ့အခွင့်အရေးများကို လေးစားလိုက်နာမှုရှိရေးဆိုသည့် နိုင်ငံ၏မျှော်လင့်ချက်ကို ရှင်းရှင်းလင်းလင်း ချမှတ် ဆောင်ရွက်သင့်ပါသည်။* |

### အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- ဌာနေနိုင်ငံများမှ အစိုးရများသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေသူများ သို့မဟုတ် ရင်းနှီးမြှုပ်နှံရန် စဉ်းစားနေသည့် ၎င်းတို့နိုင်ငံတွင် အခြေစိုက်သည့် ကုမ္ပဏီများအား ၎င်းတို့မျှော်မှန်းချက်များကို ကြိုတင်၍ စောလျင်စွာ ရှင်းလင်းပြောပြထားသင့်သည်။ ယင်းအချက်တွင် သတင်းအချက်အလက်များကို အများသိစေရန် လုပ်ဆောင်ရမည့် လိုအပ်ချက်များအပါအဝင် ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက် အခြေခံမူများ၊ သင့်လျော်ပါက နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများအတွက် OECD လမ်းညွှန်ချက်များ (OECD Guidelines on Multinational Enterprises) အတိုင်း လုပ်ငန်းများကို လည်ပတ်သင့်သည်ဆိုသော ရှင်းလင်းပြတ်သားသည့် မျှော်လင့်ချက်များ ပါဝင်သင့်သည်။ ပိုမိုကောင်းမွန်သည့် စံချိန်စံညွှန်းများကို ပံ့ပိုးပေးသည့် မြန်မာ့ဥပဒေများ မရှိသေးသည့်ကာလတွင် ဌာနေအစိုးရများအနေဖြင့် ကုမ္ပဏီများအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IFC) ၏ လုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများ (IFC Performance Standards) နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ရန်အတွက် အားပေးသင့်ပါသည်။
- **အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ရာတွင် အမေရိကန်အစိုးရ၏** "မြန်မာနိုင်ငံအတွင်း၌ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများအပေါ် အစီရင်ခံရန် လိုအပ်ချက်များ" **ပုံစံ** သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ၊ လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများအပေါ် ကုမ္ပဏီများ၏ အခြားသော အစီရင်ခံရန် လိုအပ်ချက်များ (ဥပမာ ဥရောပသမဂ္ဂထဲရှိ အချက်များ)ကို **ရယူကျင့်သုံးရေးအတွက် စဉ်းစားရန်**နှင့် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်နိုင်မှုအတွက် အန္တရာယ်ကြီးမားသော နိုင်ငံတစ်ခု အခြေအနေတွင် ရှိနေသေးသည်ဖြစ်ရာ ကုမ္ပဏီများကို မြန်မာနိုင်ငံအတွက် သီးခြားရည်ရွယ် အစီရင်ခံ သတင်းထုတ်ပြန်ရေးသားခြင်းများကို လုပ်ဆောင်ရေးအတွက် အားပေးတိုက်တွန်းရန်။

- မြန်မာနိုင်ငံအတွင်း လုပ်ငန်းလည်ပတ်နေသော ကုမ္ပဏီများအတွက် **တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အထများ၏ စံချိန်စံညွှန်းများကို ချမှတ်နိုင်ရေးအတွက် မြန်မာအစိုးရအား ထောက်ပံ့ပေးသွားရန်** (အထက်တွက် ပါရှိသော မြန်မာအစိုးရအတွက် တိုက်တွန်းအကြံပြုချက်များတွင် ကြည့်ရန်)

## ၃။ မြန်မာနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် လွတ်လပ်စွာကုန်သွယ်ခွင့် သဘောတူညီချက်များသည် တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ အလေ့အထများကို အားဖြည့်ပေးနိုင်ရေး သေချာစေရန်။

ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက် အခြေခံမူများ - မူဝါဒများ သဟဇာတ ဖြစ်ရေးအတွက် သေချာစေရန်။

*၉။ နိုင်ငံများအနေဖြင့် ဥပမာ ရင်းနှီးမြှုပ်နှံမှုစာချုပ်များ သို့မဟုတ် သဘောတူစာချုပ်များ ပြုလုပ်ချုပ်ဆိုခြင်း အစရှိသဖြင့် အခြားနိုင်ငံများ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းများနှင့်အတူ စီးပွားရေးနှင့်ဆက်နွယ်သော မူဝါဒရည်မှန်းချက်များ အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လုံလောက်မှုရှိသော ပြည်တွင်းမူဝါဒကို ထိန်းသိမ်းဆောင်ရွက်သင့်သည်။*

### အကောင်အထည်ဖော်ဆောင်ရေးအတွက် အဓိကကျသည့် အချက်များ

- **ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးလွတ်လပ်ခွင့်နှင့် အခြားသော နိုင်ငံတကာစီးပွားရေး သဘောတူညီချက်များသည်** နိုင်ငံများ၏ လူ့အခွင့်အရေးများအပေါ် သဘောတူထားသည့် လိုက်နာရန်ဝတ္တရားများနှင့် ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက် အခြေခံမူများအား ကိုးကားမှုများ အပါအဝင် နိုင်ငံတစ်ခုခြင်း၏ သို့မဟုတ် ဥရောပသမဂ္ဂကဲ့သို့ နိုင်ငံများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၏ လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့် **သဟဇာတဖြစ်စေရေးကို သေချာစေရန်။**
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းနှင့် လူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်ပေးမှုများကို တိုးတက်စေနိုင်ရေး ပြည်တွင်းမူဝါဒများကို အနာဂါတ်တွင် ပြောင်းလဲစေနိုင်ရေးအတွက် **လုံလောက်သည့် "မူဝါဒ ကွက်လပ် (policy space)"** (သဘောတူညီချက်အား တရားဝင်လုပ်ဆောင်ပြီးသည့်နောက်တွင် မူဝါဒကို လွတ်လပ်စွာ ပြုပြင်ရေးဆွဲနိုင်ခြင်းနှင့် ရွေးချယ်နိုင်စေခြင်း) ကို **အုပ်စုတစ်ဖက်စီမှ ၎င်းတို့၏ သဘောတူညီချက်ထဲ၌ ချန်လှပ်ထားရေးကို သေချာစေရန်။** အဆိုပါ သဘောတူညီချက်များသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ အလေ့အကျင့်များကို ကန့်သတ်ခြင်းထက် ပံ့ပိုးဖြည့်ဆည်းနိုင်ရေးကို အစိုးရများမှ သေချာစေရန် လုပ်ဆောင်သင့်ပါသည်။

# ရင်းနှီးမြှုပ်နှံသူများသို့ အကြံပြုချက်များ

## ၁။ မြန်မာနိုင်ငံရှိ အိုင်စီတီကဏ္ဍတွင် ပါဝင်ပတ်သက်နေသော ကုမ္ပဏီများအပေါ် ၄င်းတို့စီးပွားရေးလုပ်ငန်းများအကြောင်း အသေးစိတ်လေ့လာစိစစ်မှု လုပ်ဆောင်ရန်။

*မြန်မာနိုင်ငံတွင် ကြုံတွေ့ရသည့် လူ့အခွင့်အရေးများဆိုင်ရာ စိန်ခေါ်မှုများအတွက် အဆိုပါကုမ္ပဏီများ ထားရှိကျင့်သုံးသည့် မူဝါဒများ၊ စနစ်များ၊ အစီရင်ခံခြင်းနှင့် တုန့်ပြန်သည့် နည်းလမ်းများကို အသေးစိတ်လေ့လာဆန်းစစ်မှု ပါဝင်သင့်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၄င်းတို့ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများသည် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ ဖန်တီးနိုင်သည်ဆိုသည့်အချက်ကို နားလည်ရန် လိုအပ်ပါသည်။ ထိုသို့ ဖန်တီးနေမှုများရှိနေပါက ကုမ္ပဏီများအနေဖြင့် အဆိုပါဆိုးကျိုးများကို တားဆီးခြင်းနှင့် သက်ရောက်မှုပမာဏကို လျော့ချနိုင်ရေးနှင့် သက်ရောက်မှုများကို ပြန်လည်ကုစားပေးရမည့် အဆင့်များကို သိရှိနားလည်ထားသင့်ပါသည်။*

## ၂။ ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံရှိ အိုင်စီတီကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေသည့် မိမိတို့ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံကာ ၄င်းတို့လုပ်ငန်းလုပ်ကိုင်ရာတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အထများသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် လုပ်ဆောင်ရန်။

*အဆိုပါအချက်ကို လုပ်ဆောင်ရာတွင် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုသော်လည်းကောင်း၊ သို့မဟုတ် နယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်များ၏ လှုပ်ရှားဆောင်ရွက်မှုများတွင် ပါဝင်ခြင်းသော်လည်းကောင်း လုပ်ကိုင်နိုင်ပါသည်။*

## ၃။ မြန်မာနိုင်ငံရှိ အိုင်စီတီကဏ္ဍတွင် စီးပွားရေးလုပ်ကိုင်သော ကုမ္ပဏီများအား နိုင်ငံအတွင်းရှိ မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းလည်ပတ်နေမှုများနှင့် ဆက်စပ်ဖြစ်ပေါ်နိုင်သည့် စွန့်စားရမှုများနှင့် သက်ရောက်မှုများကို ၄င်းတို့ ကိုင်တွယ်ဖြေရှင်းပုံကို အခါအားလျော်စွာ ထုတ်ပြန်ရေးကို တွန်းအားပေးရန်။

*အမေရိကန်အစိုးရ၏ "မြန်မာနိုင်ငံအတွင်း၌ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများအပေါ် ထုတ်ပြန်ရန် လိုအပ်ချက်များ" ကို ပွင့်လင်းစွာ ထုတ်ပြန်ကြေညာခြင်းများအတွက် မူဘောင်တစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။*

# အသုံးပြုသူများအတွက် အကြံပြုချက်များ

## ၁။ အိုင်စီတီနည်းပညာများကို အသုံးပြုစဉ်တွင် ကိုယ်ရေးကိုယ်တာ အချက်အလက်များနှင့် လုံခြုံရေးကို အကာအကွယ်ပေးနိုင်စေရန် လိုက်နာသင့်သော အခြေခံအချက်များ။

### လူမှုကွန်ရက်အား အသုံးပြုရာတွင် -

- ကိုယ်ရေးကိုယ်တာ အချက်အလက်များ ဥပမာ ဘဏ်စာရင်းများ၊ လိပ်စာ၊ အီးမေးလ်လိပ်စာ၊ မွေးသက္ကရာဇ် သို့မဟုတ် ဖုန်းနံပါတ်များကို လူမှုကွန်ရက်၊ သို့မဟုတ် မိုဘိုင်းလ်ဖုန်း Apps များတွင် **လူအများသိစေရန် မျှဝေခြင်းများကို ရှောင်ကျဉ်ရန်။**
- မိမိတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အင်တာနက်တွင် အသုံးပြုနေသော အခြားသူများ မမြင်နိုင်အောင် (သို့) ဝင်ရောက်ကြည့်ရှုမှုများ မလုပ်နိုင်စေရန် ကိုယ်ရေးကိုယ်တာအချက်များကို **ထိန်းချုပ်ကာကွယ်သည့် စနစ်**များကို အသုံးပြုရန်။

### အင်တာနက် ဝန်ဆောင်မှုများကို အသုံးပြုရာတွင်-

- လွယ်ကူစွာ ခန့်မှန်းမရနိုင်သည့် လျှို့ဝှက်စကားလုံးများကို အသုံးပြုရန်၊ ယင်းသည်:-[8]
  - စာလုံးရေ ၈ လုံးအထိ အနည်းဆုံးထားရန်။
  - အသုံးပြုသည့် အမည်၊ အမည်ရင်း၊ အဖွဲ့အစည်းနာမည်နှင့် ပြည့်စုံသော စာလုံးတွဲတစ်ခု အစရှိသည့် စကားလုံးတွေ မပါဝင်စေရန်။
  - မူလအသုံးပြုခဲ့သော လျှို့ဝှက်နံပါတ်များနှင့် သိသာစွာ ကွဲပြားမှု ရှိပါသလား။
  - စာလုံး အကြီး၊ စာလုံးအသေး၊ သင်္ကေတများနှင့် နံပါတ်များ ပါဝင်စေရန်။
- တူညီသော လျှို့ဝှက်နံပါတ်တစ်ခုအား ဝန်ဆောင်မှုအားလုံးအတွက် အသုံးပြုခြင်းကို ရှောင်ကျဉ်ရန်။ ဥပမာ ဂျီမေးလ်၊ ဖေ့(စ)ဘွတ်။
- ယင်း လျှို့ဝှက်နံပါတ်များကို လုံခြုံစွာနှင့် လျှို့ဝှက်စွာ သိမ်းဆည်းထားရန်။

### အီးမေးလ်ကို အသုံးပြုရာတွင်-

- **အမည်မသိသောသူများမှ ပေးပို့လာသော** မေးလ်တွင် တွဲပါလာသည့် **ဖိုင်လ်များကို** ဖွင့်ကြည့်ခြင်းမှ **ရှောင်ကြဉ်ရန်။**
- ကိုယ်ရေးကိုယ်တာ ဆက်သွယ်ရန်အတွက် အသုံးပြုသော အီးမေးလ်လိပ်စာနှင့် အင်တာနက်ဝန်ဆောင်မှုအတွက် အသုံးပြုသော အီးမေးလ်လိပ်စာများကို မတူအောင်သုံးရန်။

### အင်တာနက်စာမျက်နှာများ အသုံးပြုသောအခါ-

- ခရုမ်း (Chrome)၊ ဖားရားဖောက် (Firefox)၊ ဆာဖာရီ (Safiri) နှင့် အင်တာနက် အိတ်(စ)ပလိုရာ (Internet Explorer)တို့တွင် ပါဝင်သည့် "ကိုယ်ရေးကိုယ်တာအတွက် လုံခြုံစွာကြည့်ရှုသည့်" စနစ်များကို အသုံးပြုရန်။ ကိုယ်ရေးကိုယ်တာအတွက် လုံခြုံစွာကြည့်ရှုသည့်စနစ်သည် အင်တာနက်စာမျက်နှာတို့မှ အသုံးပြုသူ၏ Login ဆိုင်ရာ သတင်းအချက်အလက်များကို မှတ်ယူထားခြင်းနှင့် ကြည့်ခဲ့ဖူးသော လိပ်စာဟောင်းများအောက်ရှိ အင်တာနက် စာမျက်နှာများမှ မိမိ၏အချက်အလက်များကို ဝင်ရောက်ရယူခြင်းတို့မှ ကာကွယ်နိုင်ပါသည်။

8 မိုက်ခရိုဆော့(ဖ)၏ "Tips for Creating a Strong Password (လျှို့ဝှက်နံပါတ် အသုံးပြုခြင်းဆိုင်ရာ သိသင့်သည့်အချက်များ)" နှင့် Micah Lee ရဲ့ ကြားဖြတ်ခြင်း, "Passwords you can Memorize- But That Even The NSA Can't Guess (ကိုယ်တိုင်မှ မှတ်မိသော်လည်း အမျိုးသားလုံခြုံရေးအေဂျင်စီမှပင် ခန့်မှန်းလို့မရတဲ့ လျှို့ဝှက်နံပါတ်)" (၂၆ မတ် ၂၀၁၅) ကို အင်တာနက်လုံခြုံရေးဆိုင်ရာ လိုက်နာသင့်သော ထပ်မံလမ်းညွှန်မှုအဖြစ် ဖတ်ရှုနိုင်ပါသည်။

နောက်ဆက်တွဲ

# အခွင့်အရေးကို အလေးထားသည့် တရားဥပဒေနှင့်အညီ ဆက်သွယ်ရေး ကြားဖြတ်နားထောင်ခြင်းပုံစံတွင်ရှိသည့်သည့် လက္ခဏာရပ်များ

## ဦးတည်ချက်

ဤစာတမ်းရေးသားချိန်အထိ မြန်မာဆက်သွယ်ရေးမူဘောင်၏ အဓိကအရေးကြီးသည့် အစိတ်အပိုင်းတစ်ခု ဖြစ်သည့် တရားဥပဒေနှင့်အညီ ကြားဖြတ်နားထောင်ခြင်းကိစ္စနှင့် ပတ်သက်သည့် ဥပဒေမူဘောင်တစ်ရပ် အပြီးသတ် ရေးဆွဲရန် ကျန်ရှိနေပါသေးသည်။ ထွက်ပေါ်လာမည့် ဥပဒေမူကြမ်းအပေါ် အများပြည်သူများ အကြံပြုဆွေးနွေးနိုင်သည့် တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ခေါ်ယူသွားရန် အစိုးရက ကတိပြုထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်က ဤကဲ့သို့သောမူဘောင်မျိုး ချမှတ်ထားခြင်း မရှိသေးရာ ဥပဒေ၊ သို့မဟုတ် စောင့်ကြပ်ကြည့်ရှုနေမှုမျိုး မရှိနေသည့် အနေအထားတွင် လူအားဖြင့်သော်လည်းကောင်း၊ ဆက်သွယ်မှုများအား ကြားဖြတ်စောင့်ကြည့်ခြင်းများသော် လည်းကောင်း မကြာခဏဆိုသလို လုပ်ဆောင်ခဲ့ခြင်းများ ရှိခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံသည် ယခင်နှင့်မတူသည့် အနေအထားကို ရောက်ရှိလာပြီ ဖြစ်သည်။

အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးလာသည်နှင့်အမျှ တိုင်းပြည်အားအကျိုးများစွာ ဖြစ်ထွန်းစေသည်ဖြစ်ရာ မြန်မာနိုင်ငံသည် ဆက်သွယ်ရေး အသုံးပြုသူများအား လုံလောက်သည့် ကာကွယ်မှုပေးသည့် ဥပဒေဖြင့်စောင့်ကြည့်သည် အစီအစဉ်များ ထားရှိခြင်းမရှိဘဲ ဆက်သွယ်ရေးလမ်းကြောင်းများကို စောင့်ကြည့်ခြင်း၊ အချက်အလက်များ စုဆောင်းခြင်းများကို လုပ်ဆောင်သည့် အနေအထားသို့ လျော့ကျမသွားရန်မှာ အရေးကြီးပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် အဆုံးတွင် အကြောက်တရားနှင့် သံသယများ ကြီးစိုးသည့်အနေအထားကို ပြန်လည်အသက်သွင်းမိသလို ဖြစ်စေနိုင်သည်။ ဥပဒေပြဌာန်းသူများသည် တရားဥပဒေနှင့်အညီ ကြားဖြတ်နားထောင်ရာတွင် ခွင့်ပြုသည် နည်းပညာအသုံးပြုမှုများနှင့် လုပ်ပိုင်ခွင့်များနှင့် အတူတရားဥပဒေနှင့်အညီ ဆက်သွယ်ရေးစောင့်ကြည့်မှုအား ကန့်သတ်ချက်များကို သေချာစွာ ရှင်းလင်းပြောကြားရန် လိုအပ်သည်။ မြန်မာနိုင်ငံသည် တရားဥပဒေနှင့်အညီ ဆက်သွယ်ရေး ကြားဖြတ်နားထောင်မှုများကို ထိန်းကွပ်သည့် ဥပဒေမူဘောင်ရေးဆွဲချမှတ်ခြင်းကာ ဒေသတွင်းနိုင်ငံများအကြား ခေါင်းဆောင်နိုင်သည့် အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားပါသည်။ ဤကဲ့သို့ ဥပဒေဘောင် ထားရှိဆောင်ရွက်ခြင်းသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ၊ နိုင်ငံတကာ မျှော်မှန်းချက်များနှင့် ကိုက်ညီသည်ဖြစ်ရာ မြန်မာနိုင်ငံတွင် အိုင်စီတီ အသုံးပြုသူများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပေးအပ်နေသူများနှင့် နိုင်ငံတကာအစိုးရများ၏ ယုံကြည်မှုကို ရရှိစေပါသည်။

အထက်တွင် ဖော်ပြသည့်အတိုင်း ကြားဖြတ်နားထောင်မှုကို ခွင့်ပြုသည့် လက်ရှိတွင် ကျင့်သုံးနေသည့် တစ်ခုတည်းသောဥပဒေမှာ ၂၀၁၃ ခုနှစ်က ပြဌာန်းခဲ့သည့် ဆက်သွယ်ရေးဥပဒေ (Telecommunications Law) ၏ ပုဒ်မ ၇၅ ဖြစ်သည်။ သို့သော် ဤဥပဒေသည် အဓိပ္ပာယ်ဖွင့်ဆိုချက် ရှင်းရှင်းလင်းလင်း မပါရှိသလို၊ လက်ခံနိုင်ဖွယ် အကြောင်းပြချက်လည်း ဖော်ပြပါရှိခြင်း မရှိပေ။ မြန်မာအစိုးရသည် လိုအပ်သည့် ဥပဒေမူကြမ်း ရေးဆွဲနိုင်ရန်အတွက် နည်းပညာများ အကူအညီများပေးရန် ဥရောပသမဂ္ဂအား တောင်းဆိုထားသည်။ အဆိုပါမူကြမ်း ရေးဆွဲရေးတွင် အထောက်အကူဖြစ်စေရန် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန(MCRB)သည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကို လေးစားသည့် တရားဥပဒေနှင့်အညီ ကြားဖြတ်နားထောင်ခွင့် ပြုသည့်နမူနာများ၏ လက္ခဏာများ မည်သို့ ရှိနိုင်မည်ကို သိရှိနိုင်ရန် ကြိုတင်လေ့လာမှု ပြုလုပ်ခဲ့ပါသည်။

အဆိုပါလေ့လာမှုမှ တွေ့ရှိချက်များကို အောက်တွင် ဖော်ပြထားပါသည်။ ဤတွေ့ရှိချက်များသည် လူ့အခွင့်အရေးများအတွက် နိုင်ငံတကာစံနှုန်းများ၊ ကာကွယ်ပေးမှုများနှင့်ကိုက်ညီသည့် အရေးကြီးသည့် ဥပဒေမူကြမ်းရေးဆွဲရာတွင် မြန်မာအစိုးရနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား အသုံးဝင်သည့် အချက်အလက်များပေးနိုင်ရန် ရည်ရွယ်ပါသည်။

မြန်မာအစိုးရသည် အဓိကအကြောင်းအရာ ခုနစ်ခုကို ခြုံငုံမိသည့် ဆက်သွယ်ရေးနည်းလမ်းများအား စောင့်ကြည့်သည့် စည်းမျဉ်းဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် နည်းလမ်းစတင်ရေးဆွဲလျက်ရှိရာ ဤအကြံပြုချက်များသည် အခြေခံ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များဖြစ်သည်။

**အခွင့်အရေးကို အလေးထားသည့် တရားဥပဒေနှင့်အညီ ဆက်သွယ်ရေး ကြားဖြတ်နားထောင်ခြင်း စံပုံစံတွင် ရှိသင့်သည့် လက္ခဏာရပ်များ-**

- ကြိုတင်သဘောတူရန် လိုအပ်ချက်ထားရှိခြင်း (Prerequisites)
- ခွင့်ပြုသည့် လုပ်ငန်းစဉ်ထားရှိခြင်း (Authorisation Processes)
- စောင့်ကြပ်ကြည့်ရှုသူများ ထားရှိခြင်း (Oversight)
- စောင့်ကြည့်ခံရသူများအား အသိပေးခြင်း (Notification of individials)
- ဖြေရှင်းချက် ရယူပိုင်ခွင့်ပေးခြင်း (Remedy)
- ပွင့်လင်းမြင်သာမှုရှိခြင်း (Transparency)
- ဥပဒေသများကို ပြန်လည်သုံးသပ်ရန် စည်းကမ်းချက်ထားရှိခြင်း (Provision for Framework Review)

## တရားဥပဒေနှင့်အညီ ကြားဖြတ်ယူနားထောင်ခြင်း မလုပ်ဆောင်မီ ကြိုတင်သဘောတူရန် လိုအပ်ချက် ထည့်သွင်းစဉ်းစားထားသင့်သည်။

- ပြစ်မှုကြီးများ၊ သို့မဟုတ် အခြား နိုင်ငံတော်လုံခြုံရေးနှင့် ဆက်စပ်သည့်ကိစ္စရပ်များကို ကိုင်တွယ်ရာတွင် အခြားဖြစ်နိုင်သည့် ဘေးကင်းလုံခြုံရေး နည်းလမ်းများ - ဥပမာအားဖြင့် စောင့်ကြည့်မှုမျိုးမပါဝင်သည့် ရဲလုံခြုံရေးနည်းလမ်းများစသည်တို့ဖြင့် ဖြေရှင်း၍မရနိုင်သည့် အခြေအနေမျိုးတွင်သာ တရားဥပဒေနှင့်အညီ ကြားဖြတ်နားထောင်ခြင်းကို အသုံးပြုရန်။
- စောင့်ကြည့်မှုကို မှုခင်းကျူးလွန်းသည်ဟု သံသယရှိသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကိုသာလျင် ချိန်ရွယ်လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ရာဇဝတ်မှုကျူးလွန်မှုတွင် ပါဝင်နိုင်သည်ဟု ကြိုတင်သိရှိထားသည့် သံသယရှိမှုမျိုး ရှိမှသာ စောင့်ကြည့်မှုမျိုးကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။
- ပေးအပ်ထားသည့် စောင့်ကြည့်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်မှုသည် ဥပဒေနှင့်မညီသည့် လုပ်ရပ်ဖြစ်ပြီး၊ ဥပဒေပြင်ပ စောင့်ကြည့်မှုမျိုးကို တားမြစ်ရန် လိုအပ်သည်။
- တရားဥပဒေနှင့်အညီ ကြားဖြတ်ယူနားထောင်ခြင်းကို ခွင့်ပြုသည့် ဥပဒေမူဘောင်တစ်ရပ်ကို တည်ထောင်ရာတွင် အုပ်ချုပ်ရေးအာဏာရှိသူများက လုပ်ပိုင်ခွင့် အခွဲတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းခြင်းကို လက်ခံသည်ထက် ဥပဒေပြုရေး၊ မဏ္ဍိုင်တွင်ဆွေးနွေးကာ မူလဥပဒေပြုရေးဖြစ်စဉ်မှတစ်ဆင့် ဥပဒေပြုခြင်းမျိုးသာ ဖြစ်သင့်ပါသည်။ ဥပဒေပြုရေးမဏ္ဍိုင်အောက်ရှိ လုပ်ငန်းစဉ်များမှာ အများပြည်သူ၏ စောင့်ကြပ်စိစစ်မှု မပါဝင်ဘဲ တံခါးပိတ်လုပ်ဆောင်လေ့ရှိရာ အများပြည်သူပါဝင်သည့် ညှိနှိုင်းဆွေးနွေးတိုင်ပင်မှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၏ ပူးပေါင်းပါဝင်မှုသည် မူဝါဒများချမှတ်ရာတွင် အဓိကကြသည့် အစိတ်အပိုင်းဖြစ်သည်။ အများပြည်သူအနေနှင့် မူဘောင်များချမှတ်ရာတွင် ဝင်ရောက်ပြောဆိုခွင့်ရှိရေးသည် ပို၍ အရေးကြီးသည်။

- မြန်မာအစိုးရသည် တရားဥပဒေနှင့်အညီ ကြားဖြတ်ယူနားထောင်ခြင်းအတွက် ဥပဒေမူကြမ်းရေးဆွဲရာတွင် အများပြည်သူပါဝင်သည့် ညှိနှိုင်းဆွေးနွေးတိုင်ပင်မှုတစ်ရပ် ပြုလုပ်ရန် ကတိပြုပြီးဖြစ်သည်။

## ခွင့်ပြုသည့် လုပ်ငန်းစဉ်

- လွတ်လပ်ပြီးကျွမ်းကျင်သည့် တရားရေးမဏ္ဍိုင်တစ်ခုခု၏ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ဆက်သွယ်ရေးလမ်းကြောင်းများစောင့်ကြည့်ခြင်းကို ခွင့်ပြုဆောင်ရွက်သင့်သည်။ တချို့သောနိုင်ငံများတွင် တရားရုံးခွင့်ပြုချက်ထက် အုပ်ချုပ်ရေးကဏ္ဍမှ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းများရှိသည်။ သို့သော် ကုလသမဂ္ဂနှင့် အခြား လူမှုအဖွဲ့အစည်းများကမူ တရားရုံးခွင့်ပြုချက်ကို ပို၍လိုလားသည်။
    - မြန်မာအစိုးရသည် တရားရေးမဏ္ဍိုင်၏ ခွင့်ပြုချက်ကိုယူရန် ကတိပြုပြီးဖြစ်သည်။
- ဆက်သွယ်ရေးလမ်းကြောင်းများကို စောင့်ကြည့်ရာတွင် ဥပဒေနှင့်ညီသည့် အကြောင်းကိစ္စအတွက် လိုအပ်သည်ကိုသာလျှင် ကန့်သတ်လုပ်ဆောင်သင့်သည်။ ထို့အပြင် လိုအပ်အချက်အရရော၊ ကိုက်ညီမှုအရပါ အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကိုသာ အသုံးပြုသင့်သည်။ လုပ်ဆောင်ရန်စီစဉ်သည့် စောင့်ကြည့်မှုတွင် လိုအပ်ချက်ရှိမှုနှင့် ကိုက်ညီမှုရှိမှုအပေါ် ဓမ္မဒိဋ္ဌာန်ကျသည့် လေ့လာဆန်းစစ်ခြင်းတစ်ရပ်သည် စောင့်ကြည့်မှုကို ခွင့်ပြုသည့် လုပ်ငန်းစဉ်တွင် အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။
- အစိုးရအဖွဲ့အစည်းများအကြား တရားဥပဒေနှင့်အညီ ကြားဖြတ်ယူနားထောင်ခြင်းကို မည်သည့်အဖွဲ့အစည်းက တောင်းဆိုခွင့်ရှိသည့်ကို ဥပဒေမူဘောင်က သတ်မှတ်ပေးရမည် ဖြစ်သည်။ (တောင်းဆိုပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများ)
- တောင်းဆိုလာသည့် စောင့်ကြည့်ခွင့်များအပေါ် တရားရုံးက ခွင့်ပြုသင့်၊ မသင့်အပေါ် ဆုံးဖြတ်ရာတွင် အခြေခံမည့် စံချိန်စံညွှန်းများကိုလည်း ဥပဒေမူဘောင်က သတ်မှတ်ပေးရမည်ဖြစ်သည်။
- ခွင့်ပြုချက်မှန်သမျှသည် သတ်မှတ်သည့် စောင့်ကြည့်မှုကို အချိန်ကန့်သတ်ခွင့် ပြုရမည်ဖြစ်ပြီး၊ သတ်မှတ်သည့် အချိန်ကာလ ကုန်ဆုံးပါက ခွင့်ပြုချက်တောင်းခံသည့် အဖွဲ့အစည်းအနေဖြင့် ခွင့်ပြုချက်ကို ပြန်လည်တောင်းခံရန် လိုအပ်မည်ဖြစ်သည်။ ခွင့်ပြုချက်ကို သက်တမ်းတိုးခြင်းမရှိဘဲ သတ်မှတ်ကာလထက် ကျော်လွန်ကာ အလိုလျောက် ဆက်လက် စောင့်ကြည့်ခွင့်မျိုးကို ခွင့်မပြုသင့်ပေ။
- စောင့်ကြည့်ရယူထားသည့် အချက်အလက်များကို သိမ်းဆည်းထားရှိခွင့် အချိန်ပမာဏကိုလည်း မူဘောင်တွင် ရှင်းရှင်းလင်းလင်း ထည့်သွင်းချမှတ်ရမည်ဖြစ်သည်။ သတ်မှတ်ခွင့်ပြုသက်တမ်း ကျော်လွန်ပါက ရယူသိမ်းဆည်းထားသည့် အချက်အလက်များကို ဖျက်ဆီးပစ်ရန် လိုအပ်မည်ဖြစ်သည်။ ထို့အပြင် တရားမဝင်ရယူထားသည့် သတင်းအချက်အလက် မှန်သမျှကိုလည်း ချက်ခြင်း ဖျက်ဆီးပစ်ရမည် ဖြစ်သည်။

## စောင့်ကြပ်ကြည့်ရှုသူများ ထားရှိခြင်း

- စောင့်ကြပ်ကြည့်ရှုခြင်း အကောင်းဆုံးနည်းလမ်းများနှင့် ပတ်သက်၍ နိုင်ငံတကာတွင်လည်း အဖြေရှာကြဆဲ ဖြစ်ပါသည်။ သို့သော် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင် အသီးသီးမှ ပူးပေါင်းပါဝင်သည့် စောင့်ကြပ်ကြည့်ရှုမှုနည်းလမ်းပုံစံအား ပို၍စိတ်ဝင်စားမှုရှိလာသည်ကို တွေ့ရှိရသည်။
- စောင့်ကြည့်ခြင်းကို ခွင့်ပြုထားသည့် အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်အာဏာမှ ကင်းလွတ်သည့် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခု (သို့မဟုတ် အဖွဲ့အစည်းများ)၏ အောက်တွင် စောင့်ကြပ်ကြည့်ရှုမှုကို ထားရှိရမည်ဖြစ်သည်။
- စောင့်ကြပ်ကြည့်ရှုခြင်းကို အလေးအနက်ထား တင်းတင်းကြပ်ကြပ် လုပ်ဆောင်ရမည်ဖြစ်ပြီး လိုသလို ပြောင်းနိုင်သည့် အခြေအမျိုး မဖြစ်စေရပါ။

- စောင့်ကြည့်မှုကိုခွင့်ပြုသည့် လုပ်ငန်းစဉ်အတွင်း တောင်းခံသည့်ခွင့်ပြုချက်၏ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုနှင့်ပတ်သက်၍ သင့်တော်သည့် ထည့်သွင်းစဉ်းစားမှုများ ပါဝင်သည်ကို သေချာစေရန်အလို့ငှာ ဂရုတစိုက်ဆင်ခြင် သုံးသပ်ရန်တာဝန်ကို ဥပမာအားဖြင့် လွတ်လပ်ပြီး သမမျှတသည့် လူ့အခွင့်ရေးရာ ကျွမ်းကျင်သူကဲ့သို့ တရားရုံးချုပ် ရှေ့နေ (a confidential public interest advocate) တစ်ဦးအား အပ်နှင်းသင့်ပါသည်။ ထိပ်တန်းလျှို့ဝှက်လုပ်ဆောင်ရန် လိုအပ်သည့် နိုင်ငံတော်လုံခြုံရေးနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များအတွက် ပေးအပ်သည့် ခွင့်ပြုချက် များတွင် ယင်းအချက်သည် အထူးသဖြင့် အရေးကြီးပါသည်။
- နိုင်ငံတော်သည် အဆိုပါစောင့်ကြည့်မှုများကို တရားနည်းလမ်းတကျ ဆောင်ရွက်ချင်း ရှိ၊ မရှိ အကဲဖြတ်ရန်အလို့ငှာ စောင့်ကြပ်ကြည့်ရှုရန် တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းသည် သက်ဆိုင်ရာ သတင်းအချက်အလက်များကို ရယူကြည့်ရှုပိုင်ခွင့် ရှိရမည်ဖြစ်သည်။ သတင်းအချက်အလက်ဆိုရာတွင် ကန့်သတ်နှင့် လျှို့ဝှက်သတင်းအချက်အလက်များ ပါဝင်သည်။ ကြားခံအဖွဲ့အစည်းများအနေဖြင့် သတင်းအချက်အလက်များကို အဆိုပါစောင့်ကြပ်ကြည့်ရှုသည့် အဖွဲ့အစည်းသို့ ပေးပိုင်ခွင့်ရှိရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဆက်စပ်မှုရှိပါက ကုမ္ပဏီများမှ ပေးပို့နိုင်ခြင်း။
- စောင့်ကြပ်ကြည့်ရှုရန် တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းသည် စောင့်ကြပ်ကြည့်ရှုမှုကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်ရန် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်ရှိရန် လိုအပ်သည်။
- အစိုးရမှလုပ်ဆောင်သည့် စောင့်ကြည့်မှု အစီအစဉ်များသည် သင့်တော်မှု ရှိ၊ မရှိအပေါ်တွင် စောင့်ကြပ်ကြည့်ရှုမှုစံနစ်အတွင်း အများပြည်သူအား ပုံမှန်အသိပေးသည့် အစီအစဉ်ပါရှိရမည်ဖြစ်သည်။ သို့မှသာ စောင့်ကြည့်မှုများနှင့် ပတ်သက်၍ အစိုးရအနေဖြင့် စည်းမျဉ်းစည်းကမ်း လိုက်နာခြင်း ရှိ၊ မရှိ၊ လူထု နားလည်သိရှိစေမည် ဖြစ်သည်။

## စောင့်ကြည့်ခံရသူများအား အသိပေးခြင်း

- စောင့်ကြည့်ခံရသူများ ၎င်းတို့ စောင့်ကြည့်ခံရခြင်းအကြောင်း အသိပေးခြင်းဖြင့် စောင့်ကြည့်မှု၏ ရည်ရွယ်ချက်ပျက်ဆီးနိုင်သည်ဖြစ်ရာ စောင့်ကြည့်ခံရခြင်းအကြောင်း အသိမပေးနိုင်သည့် အခြေအနေမျိုး ကြုံလာနိုင်သည်ကို နားလည်ထားပြီး ဖြစ်သည်။
- စောင့်ကြည့်ခံရသူအား အသိပေးခြင်းကို မည်သည့်အခြေအနေမျိုးတွင် အချိန်ဆွဲထားနိုင်သည်၊ မည်သူက ယင်းသို့ လုပ်ဆောင်ရန် အခွင့်အာဏာပေးနိုင်သည်ကို ဥပဒေမူဘောင်က သတ်မှတ်ပေးရန် လိုအပ်သည်။
- အနိမ့်ဆုံးအနေဖြင့် စောင့်ကြည့်မှုများပြီးစီးပါက အသုံးပြုသူများအား ၎င်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများ စောင့်ကြည့်ခံခဲ့ရသည်ကို အသိပေးသင့်သည်။ သို့မှသာ စောင့်ကြည့်ခံရသူများအနေဖြင့် ထိုသို့ စောင့်ကြည့်ခံရမှုများသည် တရားဥပဒေနှင့်မကိုက်ညီဟုယူဆပါကဖြစ်သင့်သည့် ဖြေရှင်းချက်ရရှိရန် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

## ဖြေရှင်းချက် ရယူပိုင်ခွင့်ပေးခြင်း

- လူတိုင်းသည် စောင့်ကြည့်ခံရမှု ရှိ၊ မရှိ သိရှိခွင့်ရရင် လိုအပ်သည်။ သို့မှသာ စောင့်ကြည့်ခံရပါက ၎င်းတို့အနေဖြင့် တိုင်တန်းခြင်းဖြင့် ဖြစ်သင့်သည့် ဖြေရှင်းချက်ကို တောင်းဆိုနိုင်မည် ဖြစ်သည်။
- ဥပဒေချိုးဖောက်ခြင်းရှိသည်ဟု စွပ်စွဲခြင်းရှိလာပါက စေ့စပ်သေချာစွာနှင့် မှန်မှန်ကန်ကန် စစ်ဆေးကာ ချက်ချင်းဖြေရှင်းပေးသင့်သည်။
- ဥပဒေချိုးဖောက်ခြင်းကို စစ်ဆေးတွေ့ရှိပါက ချိုးဖောက်မှုကို ရပ်တန့်နိုင်ရမည် ဖြစ်သည်။ ဖြစ်လာနိုင်သည့် ချိုးဖောက်မှုများကို စစ်ဆေးသည့်အဖွဲ့အစည်းက စောင့်ကြည့်မှုကို ရပ်တန့်ရန် အမိန့်ပေးရမည်ဖြစ်ပြီး ရယူထားသည့် သတင်းအချက်လက်များကို ဖျက်ဆီးပြစ်ရန် တစ်ပါတည်း အမိန့်ထုတ်ပြန်ရမည် ဖြစ်သည်။

## ပွင့်လင်းမြင်သာမှုရှိခြင်း

- ဆက်သွယ်ရေးလုပ်ငန်းများကို စောင့်ကြည့်ခွင့်ပြုသည့် ဥပဒေမူဘောင်များအား အများပြည်သူ ရယူကြည့်ရှုနိုင်ရန် ထားရှိပေးရမည် ဖြစ်သည်။ ထို့အပြင် ဖြစ်နိုင်သည့် စောင့်ကြည့်မှု၏ သဘောသဘာဝ၊ စောင့်ကြည့်သည့် အကြောင်းအရာနှင့် သတ်မှတ်ခွင့်ပြုချိန်၊ စောင့်ကြည့်မှုကို ခွင့်ပြုရန်ကိုက်ညီသည့် လိုအပ်ချက်များနှင့် ခွင့်ပြုချက် ထုတ်ပေးမည့် အဖွဲ့အစည်း၊ စောင့်ကြည့်မှုကို လုပ်ဆောင်မည့်အဖွဲ့အစည်းနှင့် စောင့်ကြည့်မှုကို စောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့အစည်းတို့ကို အဆိုပါဥပဒေမူဘောင်က သတ်မှတ်ပေးရမည်ဖြစ်သည်။ နယ်ကြားဖြတ်ကျော် အစိုးရအချင်းချင်း သတင်းဖလှယ်ရသည့် အခြေအနေမျိုးဖြစ်လျှင်ပင် မသင့်လျော်သည့် စောင့်ကြည့်မှုမျိုးခံရသည့် ပုဂ္ဂိုလ်များအနေဖြင့် ဖြေရှင်းချက် တောင်းခံနိုင်သည့်နည်းလမ်းကို သိရှိရန် ရှင်းလင်းဖော်ပြရမည်ဖြစ်သည်။ ဖြစ်နိုင်သမျှ စောင့်ကြည့်မှုပုံစံတိုင်းအတွက် ရှင်းလင်းချက်ထားရှိသင့်သည့်။ အဆိုပါအချက်နှင့် ဆက်စပ်၍ နိုင်ငံတကာနှင့် နိုင်ငံတွင်းငြင်းခုန်မှုများတွင် ကြုံတွေ့နေရသည့် လက်ရှိဖြစ်ပေါ်နေသည့် အကြောင်းအရာအချို့ကို အောက်တွင် ဖော်ပြထားပါသည်။

- ဥပဒေတွင် ထည့်သွင်းဖော်ပြထားသည့် စောင့်ကြည့်မှုများနှင့်ပတ်သက်၍ အများပြည်သူ ရယူနိုင်သည့် သတင်းအချက်အလက်များသည် အများနားလည်စေရန်အလို့ငှာနှင့် ဥပဒေက ၎င်းတို့အား မည်သို့သက်ရောက်နိုင်မည်ကို ကြိုတင်သိရှိနိုင်ကြစေရန် လုံလုံလောက်လောက် ရှင်းလင်း၊ တိကျရမည်ဖြစ်သည်။

- အစိုးရတာဝန်ခံမှုကို မြှင့်တင်ပေးရန် အစိုးရသည် အနိမ့်အဆုံးအနေဖြင့် ၎င်းတို့ တစ်နှစ်တာတောင်းခံခဲ့သည့် စောင့်ကြည့်မှု စုစုပေါင်းအရေအတွက်၊ တောင်းခံမှုကိုခွင့်ပြုသည့် အရေအတွက်နှင့် တောင်းခံမှုကိုပယ်ချခံရသည့်အရေအတွက်တို့နှင့်အတူ သတ်မှတ်ဥပဒေကြောင်းများဖြင့် ရယူခဲ့သည့် သတင်းအချက်အလက်များ၊ ခွင့်ပြုမိန့် အာဏာအသုံးပြုမှုတို့အပါအဝင် ဥပမာအားဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများထံ သတင်းအချက်အလက် တောင်းခံခဲ့သည့် အရေအတွက်၊ ဖုန်းများကို ကြားဖြတ်နားထောင်ခဲ့သည့်အကြိမ်ရေ စသည်တို့ကို နှစ်စဉ် ထုတ်ပြန်သင့်သည်။

## ဥပဒေနှင့်အညီ ကြားဖြတ်နားထောင်မှုများကို ပြန်လည်သုံးသပ်ရန် စည်းကမ်းသတ်မှတ်ထားရှိခြင်း

- လျှင်လျှင်မြန်မြန် ဖြစ်ထွန်းလာသည့် နည်းပညာဖွံ့ဖြိုးနှုန်းနှင့်အတူ ဆက်သွယ်ရေးစောင့်ကြည့်မှုက အခွင့်အရေးများအပေါ် သက်ရောက်မှု ဖြစ်နိုင်ခြေသည်လည်း ပို၍တိုးလာသည်ဖြစ်ရာ အခွင့်အရေးများကို ထိပါးမှုမရှိစေရေး စည်းမျဉ်းဥပဒေမူဘောင်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်နိုင်ရေးအတွက် စည်းကမ်း သတ်မှတ်ထားရှိရန် အရေးကြီးပါသည်။

## ဥပဒေမူဘောင်များကို ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အခြားအချက်များ။

### စည်းကမ်း၊ ဥပဒေနှင့်ကျင့်သုံးမှုများအကြား ကိုက်ညီမှုရှိခြင်း - ဥပဒေကို လက်တွေ့တွင် ကျင့်သုံးလိုက်နာစေရေး ဆောင်ရွက်ခြင်း။

- ကြားဖြတ်နားထောင်ခြင်းနှင့် စောင့်ကြည့်ခြင်းများအတွက် ဥပဒေဘောင်အဖြစ် သတ်မှတ်သည့် စည်းမျဉ်းဥပဒေများတွင် လူ့အခွင့်အရေး စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းရုံသက်သက်ဖြင့် လုံလောက်မှုမရှိပေ။

- ကြားဖြတ်နားထောင်ခြင်းကို တောင်းဆိုသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ တောင်းဆိုမှုများတွင် လူ့အခွင့်အရေးအလေးထားမှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဆိုလိုသည်မှာ သင့်လျော်သည့် ပမာဏဖြစ်စေရန် အခွင့်အရေးများကို ထိခိုက်မှုဖြစ်နိုင်သမျှ အနည်းဆုံး နည်းလမ်းမျိုးကို ထည့်သွင်းစဉ်းစားသင့်သည်။

- လူ့အခွင့်အရေးအလေးထားမှုကို အခြေခံကာ တောင်းခံမှုများပြုလုပ်ရန်နှင့် အခွင့်အရေးများ ကိုထည့်သွင်းစဉ်းစားရန် ၎င်းတို့တွင် တာဝန်ရှိသည်ကို နားလည်စေရန် စောင့်ကြည့်ခွင့် တောင်းခံနိုင်သည့် အခွင့်အာဏာပေးထားသည့် အဖွဲ့ အစည်းတိုင်းအား ကြိုတင်လေ့ကျင့် သင်ကြားမှုများ ဆောင်ရွက်ပေးသင့်သည်။ ယင်းကိစ္စရပ်များတွင် ပါဝင်သည့် တရားသူကြီးများအားလည်း ကြိုတင်လေ့ကျင့်သင်ကြားမှုများ လုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။
- ဥပဒေမူဘောင်နှင့်အတူ ဥပဒေကို လက်တွေ့တွင် မည်သို့လုပ်ကိုင်မည်ကို အသေးစိတ် ဖော်ပြပါရှိသည့် လက်တွေ့တွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ (code of practice) ချမှတ်သင့်သည်။
- ဥပဒေတစ်ခုထက်ပိုရှိသည့် အနေအထားတွင် (ဥပမာအားဖြင့် ဆက်သွယ်ရေးဥပဒေ၊ နိုင်ငံတော်လုံခြုံရေး ဥပဒေ၊ မှုယစ်တားဆီး ကာကွယ်ရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေ စသည့်ဖြင့်) လူ့အခွင့်အရေးကို ကာကွယ်ပေးသည့် အချက်လက်များသည် တစ်ခုနှင့်တစ်ခု ကိုက်ညီမှုရှိရမည်ဖြစ်ပြီး၊ မည်သည့်အခြေအနေတွင် မည့်သည်ဥပဒေကို ဦးစားပေး ကျင့်သုံးရမည်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်သင့်သည်။

## ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပေးနေသည့် ကုမ္ပဏီများ၏ အခန်းကဏ္ဍ

- တရားရေးအရ စောင့်ကြပ်ကြည့်ရှုမှု မခံရဘဲ  တိုက်ရိုက်စောင့်ကြည့်မှုမျိုး လုပ်ဆောင်နိုင်ရန် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများအား ၎င်းတို့၏ ဆက်သွယ်ရေးကိရိယာအခြေခံ အဆောက်အအုံများအား ပြောင်းလဲပြုပြင်ခိုင်းခြင်းမျိုး မရှိသင့်ပေ။
- ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသူများအား အချက်အလက်၊ သို့မဟုတ် ဆက်သွယ်ရေး လမ်းကြောင်းများအား ဝင် ရောက်ရယူရန် တောင်းဆိုမှုတိုင်းသည် စာဖြင့် ရေးသားတောင်းဆိုရမည် ဖြစ်သည်။ ထို့အတူ တောင်းဆိုသည့် အစိုးရအဖွဲ့ အစည်းအမည်၊ တောင်းဆိုသူ နာမည်၊ ရာထူး၊ ခွင့်ပြုလက်မှတ်တို့အပါအဝင် တောင်းဆိုမှုတိုင်းအတွက် ဥပဒေကြောင်းအရလိုအပ်မှု ရှင်းလင်းချက်တစ်ပါတည်း ပါရှိရမည်ဖြစ်သည်။ တောင်းဆိုမှုကို စာဖြင့်ရေးသား တောင်းဆိုရန် ပို၍နှစ်သက်သော်လည်း ဥပဒေအားဖြင့်ခွင့်ပြုသည့် အချို့ခြွင်းချက်များ ရှိနိုင်သည်ကို လက်ခံပါသည်။ ဥပမာအားဖြင့် အရေးပေါ် အခြေအနေ၊  အသက်အန္တရာယ် ချက်ချင်းကျရောက်လာနိုင်သည့် အခြေအနေ စသည်တို့တွင် စာဖြင့် ရှင်းလင်းချက် မလုပ်နိုင်ခင် နှုတ်ဖြင့် ခွင့်ပြုချက်ရယူခြင်းမျိုးကို လက်ခံပါသည်။
- ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသူများသည် တောင်းဆိုမှုအခါ ရှင်းလင်းချက် တောင်းဆိုပိုင်ခွင့်နှင့် တောင်းဆိုမှုများသည် ပြည်တွင်းဥပဒေစည်းမျဉ်းစည်းကမ်းများ (နိုင်ငံတကာက လက်ခံသည့် လူ့အခွင့်အရေး ကာကွယ်မှုများနှင့် ကိုက်ညီမှုရှိရမည်)နှင့် ကိုက်ညီမှုမရှိဟု ထင်မြင်ပါက ပြင်ဆင်ဖြည့်စွက်ပေးရန် တောင်းဆိုပိုင်ခွင့်ရှိရမည် ဖြစ်သည်။

## ကြားဖြတ်နားထောင်နိုင်ခြင်းအပေါ် လက်ရှိနိုင်ငံတကာနှင့် ပြည်တွင်းတွင် ငြင်းခုန်နေကြသည့် ကဏ္ဍများ

- နိုင်ငံအများအပြားတွင်  ဆက်သွယ်ရေး သတင်းအချက်လက်များ (communications data) ရယူရန် လိုအပ်သည့် ခွင့်ပြုမိန့်အဆင့်နှင့် နှိုင်းယှဉ်ပါက ဆက်သွယ်ရေးအကြောင်းအရာ (communications content) ရယူရန် အမြင့်ဆုံးအဆင့် ခွင့်ပြုမိန့်လိုအပ်သည်။ ဆက်သွယ်ရေး သတင်းအချက်လက်များသည် သာမန်တယ်လီဖုန်းခေါ်ဆိုမှုနှင့် မိုဘိုင်းတည်နေရာပြဆိုသည့် အချက်အလက်များထက် လူတစ်ယောက်၏ ပုဂ္ဂိုလ်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် အချက်အလက်များက ပို၍ပေးနိုင်သည်။ သို့ဖြစ်ရာ ဆက်သွယ်ရေး သတင်းအချက်အလက်များအား ကာကွယ်မှုအဆင့်နိမ့်ထားခြင်း၏ သင့်တော်မှုအပေါ် ငြင်းခုန်ကြဆဲဖြစ်သည်။ အချို့နိုင်ငံများအနေဖြင့် ဆက်သွယ်ရေး သတင်းအချက်လက်များ (communications data) နှင့် ဆက်သွယ်ရေးအကြောင်းအရာ (communications content) အပြင် တတိယအချက်အလက် အုပ်စုထားရှိသင့်ကြောင်း အကြံပြုကြသည်။ အဆိုပြုသည့် တတိယအုပ်စုသည် ဝင်ရောက်ကြည့်ရှုသည့် ဝက်ဆိုဒ်လိပ်စာ၊ စမတ်ဖုန်း အသုံးပြုသူ၏ ရောက်ရှိနေရာ စသည့် ပိုပြီး သတိထားရသည့် အချက်အလက်များကို ပို၍ လုံခြုံမှုရှိရန် ကာကွယ်ပေးနိုင်သည်။

- အမေရိကန် အမျိုးသားလုံခြုံရေး အေဂျင်စီနှင့် ယူကေအစိုးရဆက်သွယ်ရေးရုံးချုပ်တို့၏ စောင့်ကြည့်မှုလုပ်ငန်းများနှင့်ပတ်သက်၍ Edward Snowden ဆီမှ ထွက်ပေါ်လာသည့် လုံခြုံရေးပေါက်ကြားမှုများအရ အစိုးရများမှ အမြောက်အများစောင့်ကြည့်မှုများ "mass surveillance" အပေါ် လူအများပို၍ အာရုံစိုက်လာကြသည်။ မတူညီသည့် တရားစီရင်ရေးစနစ်များတွင် အမြောက်အများ စောင့်ကြည့်မှုများ "mass surveillance" အပေါ် သက်ရောက်သည့်အဓိပ္ပာယ်နှင့် ပတ်သက်၍ နိုင်ငံတကာသဘောတူညီမှု မရှိပေ။ သို့သော် ကုလသမဂ္ဂအဆင့်တွင်မူ ကိစ္စရပ်တစ်ခုခြင်းစီအလိုက် လက်ခံနိုင်ဖွယ် အကြောင်းပြချက် လိုအပ်သည်ဖြစ်ရာ လွတ်လပ်မှုကို ကာကွယ်မှုပေးရမည့် အဓိကခံယူချက်နှင့်ဆန့်ကျင်ကာ အခြေအနေနှင့် အကြောင်းအရာ မခွဲခြားဘဲ ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်ရေးလုပ်ငန်းများအား စောင့်ကြည့်မှုများလုပ်ဆောင်ခြင်းပေါ် လွန်စွာစိုးရိမ်မှုရှိသည်။
- နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားများသည် နိုင်ငံသားမဟုတ်သူများထက် ယင်းသို့ ကာကွယ်မှုမျိုးပို၍ ခံစားခွင့်ရှိသည်ဆိုသည့်အချက်သည် လက်ရှိ ငြင်းခုန်လျက်ရှိသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ International Covenant on Civil and Political Rights (ICCPR) အဖွဲ့၏ သတ်မှတ်ချက်အရ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်း ခွဲခြားမှုမျိုးမရှိဘဲ ကာကွယ်မှုမျိုး ရရှိရမည်ဟုဆိုသည်။
- နိုင်ငံနယ်နိမိတ်ကျော်လွန် စောင့်ကြည့်မှုမျိုးနှင့် နိုင်ငံခြားတရားရေး အာဏာအတွင်းတွင် ဆက်သွယ်ရေးလိုင်းများအား ကြားဖြတ်နားထောင်ခြင်းများကို ခွင့်ပြုသည့် ဥပဒေများသည် ပြဿနာရှိနိုင်သည်။ အကြောင်းမူကား ဥပမာအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ၎င်းသည် စောင့်ကြည့်မှုခံရခြင်း ရှိ၊ မရှိ သိရှိရန် မလွယ်ကူပေ။ သို့ဖြစ်ရာ မှန်ကန်မှုရရှိအောင် ဆောင်ရွက်ရန် မဖြစ်နိုင်ပေ။